မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက် | ၂၀၁၉ ခုနှစ်၊ ဇွန် ၁၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၈)၊ အမှတ် (၂၅၄)

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဇွန် ၁၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Saurabh Kumar အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညှော်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Saurabh Kumar အား လက်ခံတွေ့ဆုံစဉ်။

ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (၂၃)ကြိမ်မြောက် စိန့်ပီတာစဘတ် စီးပွားရေး ဖိုရမ်သို့ တက်ရောက်၊ ရုရှားနိုင်ငံခြားရေး ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

စာ » ၃

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ် ရရှိမှုများ ထုတ်ပြန်

စာ » ၈၊ ၉

မိုင်းလုပ်ငန်းများမှ လုပ်ငန်းခွင် ဘေးအန္တရာယ်များကို လျှော့ချကြပါစို့

ဆောင်းပါး စာ » ၆

ဟာမာရှီသူပုန်အဖွဲ့ ထိန်းချုပ်ထားသည့် ရေိယာများကို ပြန်လည်ရယူရန် ဆီးရီးယား တပ်ဖွဲ့တိုက်ခိုက်

နိုင်ငံတကာသတင်း စာ » ၁၄

C B BANK

Best Corporate & Investment Bank

2019 (Asia Money)

Contact Center : 01-231 777 0

မြန်မာ့အလင်း

ပတ်ဝန်းကျင်ညစ်ညမ်းမှု လျှော့ချကာကွယ်နိုင်ကြဖို့

သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုက လူတို့၏ ရှင်သန်မှု၊ ကျန်းမာပျော်ရွှင်မှုတို့နှင့် တိုက်ရိုက်ပတ်သက်နေသည့် ပြဿနာတစ်ခုဖြစ်ပါသည်။ လူမှုအဖွဲ့အစည်း၏ လိုအပ်ချက်များနှင့် လိုအင်များကို လိုက်လံဖြည့်ဆည်းရင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာတို့ကို ဆောင်ရွက်ရင်း ပတ်ဝန်းကျင်ညစ်ညမ်းမှုက တွဲဖက်ပါဝင်လာလေ့ရှိသည်။

ထို့အတူ မြို့ပြများ တိုးတက်လာ၊ ခေတ်မီလာသည့်အခါ ထိုတိုးတက်ခေတ်မီလာခြင်းတို့နှင့်အတူ တွဲလျက်ရှိနေသည့် မြို့ပြယဉ်ကျေးမှုနှင့် မြို့ပြဆိုင်ရာ ကျင့်ဝတ်တို့ကို လူအများက လိုက်နာထိန်းသိမ်းမှု အားနည်းသည့် အခါတွင်လည်း ပတ်ဝန်းကျင်ညစ်ညမ်းမှု ပြဿနာက ကြီးထွားလာပြန်သည်။

လေထု၊ မြေထု၊ ရေထု ညစ်ညမ်းမှုတို့ကို အဓိကထုတ်လုပ် ဖန်တီးပေးနေသည့် စက်ရုံနှင့် မော်တော်ကားများက ထွက်လာသည့် မီးခိုးငွေ့များ၊ ပလတ်စတစ် အစရှိသည့် သဘာဝထဲ ကြေပျက်ပျော်ဝင်သွားရန် မလွယ်ကူသည့် အမှိုက်အမျိုးမျိုးတို့က ကြာလာသည်နှင့်အမျှ ဖြေရှင်းရန်ခက်ခဲသည်ထက် ခက်ခဲလာနေသော ပတ်ဝန်းကျင်ညစ်ညမ်းမှု ပြဿနာဖြစ်နေသည်။

သည်လို အမှိုက်သရိုက်မျိုးစုံကို မစဉ်းမစား မဆင်မခြင်ဘဲ အလွယ်တကူ မြေထဲပစ်၊ ရေထဲပစ်၊ မီးရှို့လေထဲလွှတ် လုပ်သည့်အခါ မြေကမ္ဘာတစ်ဝန်းမှာ ညစ်ညမ်းမှုထုထည်က ဆတက်ထမ်းပိုး တိုးတော့သည်။

အမှန်တော့ ပတ်ဝန်းကျင်ညစ်ညမ်းသည် ဆိုသည့်ကိစ္စတွင် အမြင်ဆိုင်ရာ၊ အသံဆိုင်ရာ ရှုပ်ထွေးမှုတို့ကြောင့် ညစ်ညမ်းရသည်တို့လည်း ရှိသေး၏။ မြို့ပြမြင်ကွင်းထဲမှာ အမြင်မတင့်တယ်သည့် ဆိုင်းဘုတ်ကြီးများ၊ အချိုးအစားမကျနသည့် အဆောက်အအုံပုံစံများ၊ ရိုင်းပျသည်အထိ ဆွဲဆောင်ရန်ကြိုးစားနေသည့် အရောင်စုံများ၊ နှစ်ပေါင်းများစွာ ပြုပြင်ထိန်းသိမ်းမှုမရှိဘဲ ပစ်ထားသည့် ဟောင်းနွမ်းဆွေးမြည့်နေသည့် အရောင်အသွေးတို့ကလည်း အမြင်ဆိုင်ရာ ပတ်ဝန်းကျင်ညစ်ညမ်းမှုများပင် ဖြစ်ပါသည်။

သည်လိုထဲမှာ မော်တော်ကား ဟွန်းသံများ၊ လော်စပီကာများက ထွက်လာသည့် ပြင်းထန်ကျယ်လောင်လှသည့် အသံဗလံများကလည်း အသံဆိုင်ရာ ပတ်ဝန်းကျင် ညစ်ညမ်းမှုများပင် ဖြစ်ပါသည်။

သည်သို့သော ပတ်ဝန်းကျင်ညစ်ညမ်းမှု ပုံစံအမျိုးမျိုးတို့က လူမှုအဖွဲ့အစည်း၏ သာယာပျော်ရွှင်မှုကိုသော်လည်းကောင်း၊ လူအများကျန်းမာစွာ ရှင်သန်နိုင်ကြရေးအတွက်ကိုသော်လည်းကောင်း နင့်နင့်နဲနဲထိခိုက်နေသည့် ပြဿနာကြီးများ ဖြစ်ပါသည်။

လူထု၏ ရေရှည်အကျိုးစီးပွားအတွက် ယခုလို ဖြစ်ပေါ်နေသည့် ညစ်ညမ်းမှုအမျိုးမျိုးကို လျှော့ချပေးနိုင်ရန်၊ ရပ်ဆိုင်းပေးနိုင်ရန် နည်းလမ်းအသွယ်သွယ်ကို စီမံပြင်ဆင်ဆောင်ရွက်ကြဖို့ အားထုတ်ကြိုးပမ်းကြရမည် ဖြစ်ပါသည်။

သည်လို ကြိုးပမ်းဆောင်ရွက်ကြရာတွင် ဥပဒေများကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းခြင်း၊ ဥပဒေအတိုင်းဖြစ်စေရေး ထိန်းချုပ်ကြပ်မတ်ခြင်း၊ လူထုပညာပေးရေးလုပ်ငန်းများကို တိုးမြှင့်လှုံ့ဆော်ခြင်း၊ ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချကာကွယ်ရန် အားထုတ် ဆောင်ရွက်မှုများကို အားပေးခြင်း စသည့်နည်းလမ်းအသွယ်သွယ်တို့ဖြင့် ပြည်သူလူထု၏ ကျန်းမာသက်ရှည်ရေး စိတ်ပျော်ရွှင်သာယာရေးများကို ရရှိနိုင်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးစွာသော အထောက်အပံ့ဖြစ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဆန်စပါးဈေးနှုန်းတည်ငြိမ်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၁၀

စပါးဈေးနှုန်း ကျဆင်းနေခြင်းနှင့် တောင်သူလယ်သမားများ အခက်အခဲဖြစ်ပေါ်နေမှုအပေါ် အစိုးရနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ ညနေပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အများပိုင်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (အောက်ပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လက်ရှိဖြစ်ပေါ်နေသော စပါးဈေးနှုန်း ကျဆင်းနေခြင်းနှင့် တောင်သူလယ်သမားများ ထိခိုက်နစ်နာမှု ကြုံတွေ့နေကြရမှုအပေါ် အမြန်ဆုံးကူညီဖြေရှင်းပေးနိုင်ရေးနှင့် ရေရှည်တွင်လည်း ဈေးနှုန်းတည်ငြိမ်မှုရှိစေမည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရမည့် အကြံဉာဏ်များ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ရေး၊ အစိုးရနှင့်ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးရန် လိုအပ်ချက်များရှိပါက ဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ယနေ့ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုတန်ဖိုး ချိန်ညှိဆောင်ရွက်နိုင်ရေး၊ အခြေခံဈေးနှုန်း သတ်မှတ်ချက်အရ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ကွင်းဆင်းဝယ်ယူနေမှုများနှင့် သိုလှောင်ရုံအခြောက်ခံစက်အခက်အခဲ ဖြစ်ပေါ်နေမှု၊ ရက်တိုချေးငွေရရှိရေး၊ ဝယ်နိုင်စွမ်းအားတိုးမြှင့်ပေးနိုင်ရေး၊ လာမည့်မိုးစပါးရာသီအတွက် ကြိုတင်ပြင်ဆင်ရေး၊ ဈေးကွက်လမ်းကြောင်းတိုးမြှင့်ရှာဖွေရေး၊ ပြည်ပတင်ပို့ရောင်းချမှုအတွက် စံချိန်စံညွှန်းဆိုင်ရာ လိုအပ်သော စစ်ဆေးအတည်ပြုချက်များ လျင်မြန်သွက်လက်မှုရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ ကန်ထရိုက် လယ်ယာစနစ် ဖော်ဆောင်နေမှုအပေါ် လိုအပ်သော အမိန့်ကြော်ငြာစာ ထုတ်ပြန်ပေးရေးနှင့် စက်ပိုင်များ၏ စပါးဝယ်ယူမှု တိုးတက်စေရေးအတွက် စွမ်းအင်လိုအပ်ချက် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

ကျောင်းစာကြည့်တိုက်အဆောက်အအုံ ဖွင့်လှစ်၊ စာအုပ်မျိုးစုံ ၅၂၂ အုပ် လှူဒါန်း

မော်လမြိုင်ကျွန်း ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မိဿလင်ကုန်းကျေးရွာ အထက်တန်းကျောင်း(ခွဲ)ရှိ ကျောင်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် သုတရသမဂ္ဂဇင်း၊ ဂျာနယ်စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က မော်လမြိုင်ကျွန်းမြို့နယ် မိဿလင်ကုန်းကျေးရွာ အထက်တန်းကျောင်း(ခွဲ) ဝင်းရှေ့မျက်နှာစာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် စာကြည့်တိုက်အဆောက်အအုံသစ်ကို မတည်အလှူရှင် မိဿလင်ကုန်းကျေးရွာ ဇာတိဖွား အရှင်သုဇာတ (ဓမ္မာစရိယ)၊ အလှူရှင်ဒေါ်ခင်စန်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမာတို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် သုတရသမဂ္ဂဇင်း၊ ဂျာနယ်စာအုပ်မျိုးစုံအုပ်ရေ ၅၂၂ အုပ်၊ စာကြည့်တိုက်သုံး ဗီရို ငါးလုံး၊ ပန်ကာငါးလုံးနှင့် ပစ္စည်းမျိုးစုံတို့ကို မတည်အလှူရှင် အရှင်သုဇာတနှင့် အလှူရှင်ကွမ်းခြံကုန်းမြို့နယ် တော်ကြာဆရာတော် အရှင်အာစိဏ္ဏတို့က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူသည်။

မော်ကျွန်း-မြင့်အောင်

ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ(၁/၂၀၁၉) အသိပညာပေးဟောပြော

ဓနုဖြူ ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့တွင် ရေချိုငါးလုပ်ငန်းဥပဒေ (၁/၂၀၁၉)အသိပညာပေးဟောပြောပွဲကို ဇွန် ၈ ရက်က ပြုလုပ်ခဲ့သည်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦးက ရေချိုငါးလုပ်ငန်းဥပဒေကို အသိပညာပေးရခြင်းအကြောင်းနှင့် ရေချိုငါးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။

ပေါင်းစည်းလယ်ယာကူညီရေးအဖွဲ့မှ ဦးလှမြင့်က ရေလုပ်ငန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ(၁/၂၀၁၉)ပါ ဥပဒေများအား ရှင်းလင်းပြောကြားပေးခဲ့သည်။

ယင်းနောက် ဓနုဖြူမြို့နယ် ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီအတွက် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များက ရေလုပ်ငန်းကျွမ်းကျင်သည့် အများက ယုံကြည်လေးစားသူနှစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အောင်သူဟိဏ်း(ဓနုဖြူ)

အခြေခံပညာ ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးအန္တရာယ် ပညာပေး

နမ့်ဆန် ဇွန် ၁၀

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့နံနက်က အထက (၁) ရွှေဖီဦးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး မိုးဇော်ဆွေက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ခံစားရမည့် ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များကို ပညာပေးဟောပြောပြီး အခမ်းအနားတက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက ပညာပေး ပြသထားသည့် စာစောင်များ၊ ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

မြို့နယ် (ပြန်/ဆက်)





သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအသိပညာပေး

ကျောက်ထု ဇွန် ၁၀

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောက်ထုမြို့ နိုင်အောင်သူ ပညာရေးဘော်ဒါ၌ သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်က ပြုလုပ်ရာ သဘာဝဘေးအန္တရာယ် ကာကွယ်ရန် အသိပညာပေး ဇာတ်လမ်းကို ပရိုဂျက်တာဖြင့် ပြသခဲ့သည်။

မြို့နယ် (ပြန်/ဆက်)

တရားမအထူးအယူခံမှု(၆)မှုကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု(၃)မှုနှင့် တရားမအထူးအယူခံမှု (၃)မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် ဇွန် ၁၀

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု (၆)မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ရာဇဝတ် အထူးအယူခံမှု (၃)မှုနှင့် တရားမအထူးအယူခံမှု(၃)မှုကို ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၁၀

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း အမေရိကန် ငြိမ်းချမ်းရေးအင်စတီကျု (United States Institute of Peace- USIP) ၏ Bio Data of Election Security Assessment Team Leader , Ms. Lyndal Barry နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အမေရိကန်ငြိမ်းချမ်းရေးအင်စတီကျု၏ Bio Data of Election Security Assessment Team Leader နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် အမေရိကန် ငြိမ်းချမ်းရေးအင်စတီကျု (United States Institute of Peace- USIP) ၏ Bio Data of Election Security Assessment Team Leader , Ms. Lyndal Barry နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိပြီး အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကော်မတီနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့်သတင်းအမှားများ၊ အမုန်းစကားများ ဖြန့်ဝေခြင်းတို့ကို တားဆီးနိုင်ရေးစီစဉ်ထားရှိမှု၊ ရွေးကောက်ပွဲလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (၂၃)ကြိမ်မြောက် စိန့်ပီတာစဘတ် စီးပွားရေးဖိုရမ်သို့ တက်ရောက်၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၁၀

နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့သည် (၂၃) ကြိမ်မြောက် စိန့်ပီတာစဘတ် စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ဇွန် ၄ ရက်တွင် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဦးဆောင်၍ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် မြန်မာသံရုံး၊ မော်စကိုမြို့မှ သံအမတ်ကြီး ဦးကိုကိုရှိန်တို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ဇွန် ၆ ရက်မှ ၈ ရက်အထိ ကျင်းပသည့် (၂၃)ကြိမ်မြောက် စိန့်ပီတာစဘတ် စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၇ ရက် မွန်းလွဲ ၂ နာရီတွင် (၂၃) ကြိမ်မြောက် စိန့်ပီတာစဘတ် စီးပွားရေးဖိုရမ်၏ "Plenary Session" သို့ ပါဝင်တက်ရောက်ကြသည်။

မိန့်ခွန်းပြောကြား

Plenary Session တွင် ရုရှားသမ္မတ Mr. Vladimir Putin၊ တရုတ်သမ္မတ Mr. Xi Jinping ၊ ဘူဂေးရီးယားသမ္မတMr. Rumen Radev၊ အာမေးနီးယန်းဝန်ကြီးချုပ် Mr. Nikol Pushinyan၊ ဆလိုဗက်ကီးယားဝန်ကြီးချုပ် Mr. Peter Pellegrini နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Mr. Antonia Guterres တို့က

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sergey Lavrov တို့ တွေ့ဆုံစဉ်။ သတင်းစဉ်

မိန့်ခွန်းပြောကြားကြသည်။ မိန့်ခွန်းပြောကြားပြီးနောက် အမေးအဖြေဆွေးနွေးပွဲကို နှစ်နာရီကြာမျှ ဆွေးနွေးဖြေကြားမှုများ ပြုလုပ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ညနေ ၄ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Sergey Lavrov အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သွားရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာ-ရုရှား စီးပွားရေးတိုးမြှင့်ရေးနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံ- ရုရှား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တစ်ဖက်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုမရှိ

ထို့အပြင် ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်ပြီး အစိုးရသစ်တာဝန်ယူပြီးချိန်မှစ၍ ရခိုင်အရေးကိစ္စကို ဖြေရှင်းရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဖြစ်သူ မစ္စတာ ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ် အကြံပေးကော်မရှင်တို့ကို ဖွဲ့စည်းထူထောင်ခဲ့ပါကြောင်း၊ ARSA အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်မှုများသည် အစိုးရ၏ ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် စည်ပင်ဖွံ့ဖြိုးရေး ဆောင်ရွက်မှုများကို သွေဖည်စေရန် ရည်ရွယ်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ လူဦးရေအဆမတန်များပြားလှသော ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့သည် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိရာ တရားမဝင်ရွှေ့ပြောင်းသွားလာမှုသည် ရှေးယခင်ကတည်းက ရှိခဲ့ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာအကြား နေရပ်စွန့်ခွာသူများပြဿနာသည် ယခုမှမဟုတ်ဘဲ ယခင်ကလည်း နှစ်ကြိမ်ရှိခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါနှစ်ကြိမ်တွင် ပြဿနာကို နှစ်နိုင်ငံဆွေးနွေးညှိနှိုင်းမှုဖြင့် ကျေနပ်စွာဖြေရှင်းခဲ့ကြကြောင်း၊ ယခုပြဿနာတွင်လည်း လက်ရှိနှစ်နိုင်ငံ သဘောတူညီချက်အတိုင်း မြန်မာနိုင်ငံဘက်မှ အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော်လည်း တစ်ဖက်နိုင်ငံအနေဖြင့် အပြည့်အဝပူးပေါင်းဆောင်ရွက်မှု မရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်အပါအဝင် အိမ်နီးချင်း နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေထိုင်သွားရန် ဆန္ဒရှိပါကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စတွင် အာဆီယံနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံက ဆောင်ရွက်ထားရှိမှုများ၊ ပြင်ဆင်မှုများနှင့်ပတ်သက်၍ အာဆီယံ AHA Centre မှ စနစ်တကျ အချက်အလက်ကောက်ခံပြီး၊ ကနဦးလေ့လာဆန်းစစ်ချက်စာတမ်းကို ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါ ဆန်းစစ်ချက်သည် မြန်မာနိုင်ငံ၏ ဆောင်ရွက်ထားရှိမှုများအပေါ် သက်သေခံနိုင်ပါကြောင်း၊ ယခုအချိန်အထိ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံသဘောတူညီချက်ဖြင့် ပြန်လည်ရောက်ရှိလာသည့် နေရပ်စွန့်ခွာသူများ မရှိသေးပါကြောင်း ဆွေးနွေးပြောကြားသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sergey Lavrov က ရခိုင်ကိစ္စဖြေရှင်းရန်အတွက် မြန်မာနိုင်ငံမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဘင်္ဂလားဒေ့ရှ်နှင့် နှစ်နိုင်ငံ သဘောတူညီချက်ချုပ်ဆိုမှု၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရန်ကိစ္စတွင် အာဆီယံ၏ပူးပေါင်းဆောင်ရွက်နေမှုနှင့် UNDP ၊ UNHCR တို့နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရ၍ ဝမ်းမြောက်ပါကြောင်း၊ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်ဖွဲ့စည်းတည်ထောင်မှုကို တန်ဖိုးထားပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ရပ်တည်မဲပေးမှုများအတွက် ကျေးဇူးတင်ရှိ

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရန်ကိစ္စကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ အောင်မြင်မှုရရှိမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတကာအနေဖြင့်လည်း နှစ်နိုင်ငံအကြား စီစဉ်ထားရှိမှုများ အောင်မြင်ရန်အတွက် ပံ့ပိုးပေးသင့်သည်ဟုလည်း ခံယူကြောင်းဖြင့် ပြောကြားပြီး နိုင်ငံတကာမျက်နှာစာတွင် ရုရှားဖက်ဒရေးရှင်းအနေဖြင့် အလေးထားသည့် ကိစ္စရပ်များတွင် မြန်မာနိုင်ငံ၏ ရပ်တည်မဲပေးမှုများ အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကိုကိုရှိန်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်း၍ ရွေးကောက်ပွဲအစီအစဉ်ရေးဆွဲရေးဆိုင်ရာသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်း၍ ရွေးကောက်ပွဲအစီအစဉ်ရေးဆွဲရေးဆိုင်ရာ (Electoral Planning) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

(၅)ကြိမ်မြောက် သင်တန်းဖြစ်

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ယနေ့ဖွင့်လှစ်သည့်သင်တန်းမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်းဖွင့်လှစ်သော ကော်မရှင်ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် (၅)ကြိမ်မြောက် သင်တန်းဖြစ်ပါကြောင်း၊ ယခင်သင်တန်း လေးကြိမ်ကို အိန္ဒိယနိုင်ငံတွင် နှစ်ကြိမ်နှင့် မြန်မာနိုင်ငံတွင် နှစ်ကြိမ် ပို့ချခဲ့ကြောင်း၊ သင်တန်းသားအရေအတွက်အားဖြင့် ၁၀၀ ပို့ချပေးခဲ့ပြီးဖြစ်ကြောင်း။

အလေးအနက်ထား သင်ယူလေ့လာ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိပြီး အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲဖြစ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲ စက်ဝန်းအရ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲနှောင်းပိုင်းကာလများတွင် ဆောင်ရွက်ရမည့်အစီအစဉ်များကို စနစ်တကျဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲအစီအစဉ်ရေးဆွဲရေးဆိုင်ရာသင်တန်းအား ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို အစီအစဉ်တကျ ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းရေးဆွဲခြင်းနည်းလမ်းများဖြစ်၍ အလွန်အရေးကြီးပါကြောင်း၊ သင်တန်းသားများအနေဖြင့် အလေးအနက်ထား သင်ယူလေ့လာကြစေလိုကြောင်း၊ အိန္ဒိယနိုင်ငံ၏ စီမံကိန်းရေးဆွဲခြင်းနည်းလမ်းများမှ အားသာချက်များကိုလေ့လာ၍ မိမိတို့ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပေါင်းစပ်အသုံးချနိုင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်း၍ ရွေးကောက်ပွဲအစီအစဉ်ရေးဆွဲရေးဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အစီအစဉ်များ ရေးဆွဲနိုင်ရန်လို

ယင်းနောက် Dr. Noor Mohammad က ရွေးကောက်ပွဲအစီအစဉ်ရေးဆွဲခြင်းဆိုင်ရာလုပ်ငန်းစဉ်သည် အရေးကြီးပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ တွေ့ကြုံရမည့်အခက်အခဲများကို ရှာဖွေဖော်ထုတ်ပြီး မြန်မာနိုင်ငံနှင့်ဆီလျော်သည့် အစီအစဉ်များရေးဆွဲနိုင်ရန်လိုကြောင်း၊ အိန္ဒိယရွေးကောက်ပွဲကော်မရှင်အနေဖြင့် နည်းပညာအသုံးပြုမှုသင်တန်းများကိုလည်း ဆက်လက်ပို့ချမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံ India International Institute of Democracy and Election Management (IIIDEM) သင်တန်းကျောင်းမှ Senior Consultant , Dr. Noor Mohammad နှင့် နည်းပြဆရာများ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့နိုင်ရေးကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၀

နှစ်နိုင်ငံအစိုးရချင်း သဘောတူညီချက်ရရှိပြီး ပင်လယ်ရေကြောင်းမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တန်ချိန် တစ်သိန်းတင်ပို့ရေးနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆန်တန်ချိန် တစ်သိန်း တင်ပို့ရေးဆွေးနွေး

အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ၂၀၁၉ ခုနှစ် ဧပြီ ၂၅ ရက်မှ ၂၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပသည့် ဒုတိယအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် သွားရောက်ခဲ့သည့်ခရီးစဉ်တွင် နှစ်နိုင်ငံအစိုးရချင်း သဘောတူညီချက်ရရှိခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် ဆန်တန်ချိန် တစ်သိန်း တင်ပို့ရေးကိစ္စနှင့်ပတ်သက်၍ တင်ပို့မည့်နည်းလမ်းများအား ဆွေးနွေးအဖြေရှာနိုင်ရန်အတွက် ဝိုင်းဝန်းဆွေးနွေးကြပါရန် ပြောကြားလိုကြောင်း။

စနစ်တကျတင်ပို့သွားနိုင်ရေးဆွေးနွေး

မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နည်းလမ်း လေးမျိုးဖြင့် ဆန်တင်ပို့လျက်ရှိရာ ပထမနည်းမှာ နှစ်နိုင်ငံအစိုးရချင်း သဘောတူညီချက်အရ G to G စနစ်ဖြင့် တင်ပို့ခြင်း၊ ဒုတိယနည်းမှာ Sister City MoU အရ ကုန်ပစ္စည်းချင်းဖလှယ်သည့်စနစ်ဖြင့် တင်ပို့ခြင်း၊ တတိယနည်းမှာ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှတစ်ဆင့် တိရစ္ဆာန်အစာအဖြစ် ဆန်ကြမ်း၊ ဆန်ကွဲတို့အား ကုန်ကြမ်းအဖြစ်တင်ပို့ခြင်း၊ စတုတ္ထနည်းမှာ တရုတ်နိုင်ငံမှ သွင်းကုန် ကုမ္ပဏီများအတွက် တရုတ်နိုင်ငံအစိုးရမှ သတ်မှတ်ပေးထားသော Quota ဖြင့် မြန်မာကုမ္ပဏီများထံမှ တိုက်ရိုက်ဝယ်ယူခြင်း စသည့်နည်းလမ်းများဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် ၎င်းတို့သတ်မှတ်ထားသည့် Sanitary and Phytosanitary - SPS Protocol များကိုလေ့လာ၍ စံချိန်စံညွှန်းဆိုင်ရာ အရည်အသွေးပြည့်မီစွာ စနစ်တကျတင်ပို့သွားနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ဒုတိယဝန်ကြီး ဦးအောင်ထူး နှစ်နိုင်ငံအစိုးရချင်း သဘောတူညီချက်ရရှိပြီး ပင်လယ်ရေကြောင်းမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တန်ချိန် တစ်သိန်း တင်ပို့ရေးနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အချိန်မီတင်ပို့နိုင်ရေး

နှစ်နိုင်ငံအစိုးရချင်း သဘောတူညီမှုရရှိပြီးဖြစ်သည့် G to G စနစ်ဖြင့်တင်ပို့မည့် မြန်မာ့ဆန်တန်ချိန် တစ်သိန်းအား လာမည့် အောက်တိုဘာလအတွင်း အပြီးသတ်တင်ပို့သွားနိုင်ရေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် လာမည့်အောက်တိုဘာလအတွင်း လက်ရှိသတ်မှတ်ပေးထားသော ဆန် Quota ခွဲတမ်းအား ပြင်ဆင်သတ်မှတ်မှုများ ပြုလုပ်ရန်ရှိသည့်အတွက် ရရှိပြီး Quota ပမာဏအပေါ် အချိန်မီတင်ပို့နိုင်ရေး အစီအစဉ်များ ရေးဆွဲဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော တာဝန်ရှိသူများအနေဖြင့် ဆန်တင်ပို့နိုင်ရေးနှင့်ပတ်သက်၍ စနစ်တကျဖြစ်စေရန် ဆောင်ရွက်သင့်သည့်နည်းလမ်းများနှင့် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြုသွားရန် စသည်ဖြင့် ပြောကြားခဲ့သည်။ ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် Japan Patent Office မှ Director-General , Mr. Susumu Iwasaki အဖွဲ့နှင့်တွေ့ဆုံ၍ ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အများပြည်သူအား အသိပညာပေးရေးနှင့် ပေါင်းကူးဆက်သွယ်ရေးဆိုင်ရာ မဟာဗျူဟာများ ချမှတ်ကျင့်သုံးဆောင်ရွက်သွားနိုင်ရေး၊ မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များအား နည်းပညာအသုံးပြု အဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ IP Cyber Security ခိုင်မာစွာ ထားရှိဆောင်ရွက်သွားနိုင်ရေးနှင့် ကုန်ပစ္စည်းအမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုတို့တွင် Japan Patent Office မှ ပံ့ပိုးကူညီပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မိတ္ထီလာ၌ ကျောက်အိုးကျေးရွာဒေသခံများ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

မိတ္ထီလာ ဇွန် ၁၀

မိတ္ထီလာမြို့နယ် ရေဝေကျေးရွာအုပ်စု ကျောက်အိုးကျေးရွာပိုင်သစ်တောမြေနေရာတွင် မြို့နယ်သစ်တောဦးစီးဌာနနှင့် အက်ရှင်အေ့စ်မြန်မာ(မိတ္ထီလာ)တို့ပူးပေါင်း၍ ဇွန် ၁၀ ရက် နံနက် ၈ နာရီက သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရာ ကျေးရွာဒေသခံများ စုပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီနေ့ သစ်ပင်စိုက်ပျိုးပွဲတော်မှာ ကျောက်အိုးကျေးရွာဒေသခံတွေအနေနဲ့ စိတ်ဝင်တစားပူးပေါင်းပါဝင် ဆောင်ရွက်တာ တွေ့ရပါတယ်။ မိတ္ထီလာမှာ ကျေးရွာဒေသခံတွေလည်း သစ်ပင်စိုက်ပျိုးဖို့ စိတ်ဝင်တစား ပါဝင်လာတာကိုတွေ့ရလို့ ဝမ်းသာမိပါတယ်။ ကျောက်အိုးကျေးရွာအနီးက ကျေးရွာပိုင်စိုက်ခင်းမြေနေရာမှာ သစ်ပင်စိုက်ပျိုးပွဲတော်ပြုလုပ်ပြီး အရိပ်ရသစ်ပင်တွေ စိုက်ပျိုးချင်တယ်လို့ အက်ရှင်အေ့စ် မြန်မာ(မိတ္ထီလာ)နဲ့ ကျေးရွာဒေသခံတွေက တောင်းဆိုတင်ပြတာကြောင့် သစ်တောဦးစီးဌာနက တမာ၊ မယ်ဇလီ၊ ကုက္ကို၊ ဥသျှစ်၊ ကျွန်း စုစုပေါင်း သစ်ပင် ၆၀၀ ကို အခမဲ့ဖြန့်ဝေ စိုက်ပျိုးကြတာပါ" ဟု မြို့နယ်သစ်တောဦးစီးမှူး ဦးစိုးလွင်သူက ပြောသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်တွင် မြို့နယ်သစ်တောဦးစီးမှူးက သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောပြီး အရိပ်ရသစ်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁၀

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေမည်။ **မိုး/ဇလ**

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် မိတ်ဆက်ပွဲအခမ်းအနား နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဇွန် ၁၀

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် မိတ်ဆက်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ဥပဒေကို လေးစားလိုက်နာ

ကော်မရှင်မိတ်ဆက်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် စီးပွားရေးလုပ်ငန်းရှင်များ၏အခန်းကဏ္ဍသည် များစွာ အရေးပါပါကြောင်း၊ ထို့အတူ စီးပွားရေးလုပ်ငန်းများအကြား လွတ်လပ်မျှတစွာ ယှဉ်ပြိုင်နိုင်ရေးသည်လည်း စီးပွားရေးလုပ်ငန်းများအတွက် လွန်စွာအရေးကြီးပါကြောင်း၊ လွတ်လပ်မျှတသည့် ယှဉ်ပြိုင်မှု ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန် လိုအပ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ယှဉ်ပြိုင်မှုဥပဒေကို လေးစားလိုက်နာကြရန် လိုအပ်ပါကြောင်း၊ တရားမျှတမှုနှင့် ယှဉ်ပြိုင်မှုကို အဟန့်အတားဖြစ်စေနိုင်သည့် အခြေအနေမျိုးမဖြစ်အောင် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်က ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဖော်ထုတ် အရေးယူသွားမည်

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ကို ပြည်သူလူထုက ယုံကြည်အားကိုးနိုင်သည့်၊ တော့င်တင်းခိုင်မာသည့်၊ စွမ်းဆောင်ရည်မြင့်သည့် ကော်မရှင်မျိုးဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် ချမှတ်ထားသည့် ဥပဒေများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဥပဒေဖောက်ဖျက်မှုများကို ဖော်ထုတ် အရေးယူသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

မိတ်ဆက်ပေး

ထို့နောက် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှု ကော်မရှင် အတွင်းရေးမှူး၊ ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက မြန်မာနိုင်ငံ ယှဉ်ပြိုင်မှု ကော်မရှင်ဖွဲ့စည်းမှုနှင့် ကော်မရှင် အဖွဲ့ဝင်တစ်ဦးချင်းစီ၏ ကိုယ်ရေးအကျဉ်းကို မိတ်ဆက်ပေးသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်များက "စီးပွားရေးလုပ်ငန်းနှင့် ယှဉ်ပြိုင်မှု ဥပဒေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ" ခေါင်းစဉ်ဖြင့်လည်းကောင်း အခမ်းအနား တက်ရောက်လာသူများအား မိတ်ဆက် ရှင်းလင်းကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက မေးမြန်းသည့် ယှဉ်ပြိုင်မှုဥပဒေပါ အကြောင်းအရာများ၊ လုပ်ထုံးလုပ်နည်းများကို ကော်မရှင် အဖွဲ့ဝင်များက ပြန်လည်ဖြေကြား ကြသည်။

ယှဉ်ပြိုင်မှုဆိုင်ရာ ပညာပေး

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့ ကိုယ်တိုင် မျှမျှတတ လုပ်ကိုင်ဆောင်ရွက်တတ်ရန်၊ စီးပွားရေးအရ အနိုင်ကျင့်ခံရသည့်အခြေအနေတွင် မည်ကဲ့သို့ တုံ့ပြန်ဆောင်ရွက်နိုင်သည်၊ ယှဉ်ပြိုင်မှု ကော်မရှင်နှင့် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်ရမည်၊ အကျိုးကျေးဇူးများရယူနိုင်သည်ကို ပိုမိုသိရှိနိုင်ရန်ရည်ရွယ်၍ ကော်မရှင်မိတ်ဆက်ပွဲအခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်းနှင့် ကော်မရှင် အနေဖြင့် ကော်မရှင်အဖွဲ့ဝင်များ အပါအဝင် ယှဉ်ပြိုင်မှုကော်မရှင်ရုံးမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အများပြည်သူအတွက် ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာပေးခြင်း၊ တိုင်ကြားမှုများ လက်ခံဆောင်ရွက်ခြင်း၊ ဥပဒေ အကောင်အထည်ဖော်မှု ခိုင်မာအားကောင်းစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်း၊ လိုအပ်သည့် အမိန့်ကြော်ငြာစာများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများ ပြင်ဆင်ထုတ်ပြန်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

အီတလီနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညော်ခံပွဲကျင်းပ

ရန်ကုန် ဇွန် ၁၀

အီတလီနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညော်ခံပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အင်းယားမြိုင်လမ်း အမှတ် ၃၃ ၌ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဇနီးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် အီတလီနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး Mrs. Alessandra Schiavo နှင့် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ညော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညော်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အီတလီနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညော်ခံပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

သတင်းစဉ်

အရေးပေါ်ထောက်ပံ့ပို့ဆောင်ရေးသင်တန်းဖွင့်

နေပြည်တော် ဇွန် ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အရေးပေါ်ထောက်ပံ့ပို့ဆောင်ရေးသင်တန်း (Emergency Logistics Training) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေအိမ်စံဟိုတယ်၌ ကျင်းပသည်။

ဒုတိယဝန်ကြီး ဦးစိုးအောင် အရေးပေါ်ထောက်ပံ့ပို့ဆောင်ရေးသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးစိုးအောင်က အရေးပေါ်ထောက်ပံ့ပို့ဆောင်ရေးသင်တန်း ပထမအကြိမ်သင်တန်းကို ၂၀၁၇ ခုနှစ်ကပို့ချခဲ့ပြီး ယခုသင်တန်းမှာ ဒုတိယအကြိမ်မြောက် ထပ်မံဖွင့်လှစ်သည့် သင်တန်းဖြစ်ပါကြောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာနည်းပညာနှင့် အခြားလိုအပ်သည့် အထောက်အပံ့များကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များအတွက် ထိရောက်သည့် စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်နေပါကြောင်း။

ထို့အပြင် ဘေးဒဏ်ခံစားရသည့် ပြည်သူများအား စားဝတ်နေရေး လတ်တလော သက်သာချောင်ချိစေရေးအတွက် ထောက်ပံ့ဆောင်ရွက်နေမှုများနှင့် ကယ်ဆယ်ရေးအထောက်အပံ့ပစ္စည်းများကို အနီးဆုံးသိုလှောင်ရုံများမှ အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ယနေ့ဖွင့်လှစ်သည့်သင်တန်းသည် မြန်မာနိုင်ငံအတွင်း အရေးပေါ်အခြေအနေနှင့် ဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်နှင့် အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများကို ထောက်ပံ့ပို့ဆောင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဖြန့်ဝေရေးလုပ်ငန်းများတွင် စီမံခန့်ခွဲ ပါဝင်ဆောင်ရွက်နေသူများ၏ စွမ်းဆောင်ရည်တိုးတက်လာစေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများအတွက် လက်တွေ့လုပ်ငန်းခွင်အတွင်း အထောက်အကူများစွာပြုစေမည်ဖြစ်ပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့၏ အတွေ့အကြုံများကိုမျှဝေ၍ တက်တက်ကြွကြွပါဝင်ဆွေးနွေးပြီး မိမိတို့တာဝန်ကျရာ ဒေသများကို ပြန်လည်ရောက်ရှိပါက အရေးပေါ်အခြေအနေတို့တွင် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းတို့တွင် ယခင်ထက်ပိုမိုထိရောက်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ Country Director က နှုတ်ဆက်စကားပြောကြားသည်။

ဆက်လက်ပြီး သင်တန်းဆွေးနွေးပွဲကိုကျင်းပရာ သင်ခန်းစာများပို့ချခြင်းတို့အပြင် ဖြစ်စဉ်အခြေပြုအဖွဲ့လိုက် ဆောင်ရွက်လေ့ကျင့်ခြင်း၊ ဆွေးနွေးခြင်း၊ အတွေ့အကြုံများ ဖလှယ်ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။ အဆိုပါ သင်တန်းကို ဇွန် ၁၂ ရက်အထိ သုံးရက်တာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မိုင်းလုပ်ငန်းများမှ လုပ်ငန်းခွင်ဘေးအန္တရာယ်များကို လျှော့ချကြပါစို့

ဦးကြည်ဝင်း (ပန်းတောင်း)

ပြီးခဲ့သည့်ရက်ပိုင်းများအတွင်း ဖားကန့်ဒေသ ကျောက်စိမ်းမိုင်းများ၌ နွံကန်နှင့် မြေပြိုဆင်းခြင်းများ၊ သပိတ်ကျင်းဒေသ ရွှေတူးဖော်သော အင်းများတွင် ပေါက်ကွဲမှုများ၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ အုန်းချောဒေသ ကျောက်မိုင်းများတွင် ကျောက်တုံးကြီးများ ပြိုကျခြင်းများ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝနှင့် ကလေးဒေသရှိ ကျောက်မီးသွေးမိုင်းများ ပေါက်ကွဲခြင်းများကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ်များဖြစ်ပေါ်ကာ လုပ်သားများ ထိခိုက်သေဆုံးခဲ့ရသည်။ မိုင်းလုပ်ငန်းများမှ လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်စဉ်များမှာ ခပ်စိပ်စိပ် ဖြစ်ပေါ်လာသည်ကို တွေ့ရပါသည်။

သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်းများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကြောင့် ထိခိုက်သေဆုံးကြရခြင်းများမှာ အခြားနိုင်ငံများတွင်လည်း တွေ့နေရပါသည်။ ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းခြင်း၊ လုပ်ထုံးလုပ်နည်းများဖြင့် စနစ်တကျဆောင်ရွက်စေခြင်းစသော နည်းလမ်းများဖြင့် ဖြစ်စဉ်များကို လျှော့ချရန် ကြိုးပမ်းနေကြသည်ကိုလည်း တွေ့ရပါသည်။

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဆွေးနွေး

မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ်မြှင့်တင်ရေး၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် စင်ကာပူ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နိုင်ငံတို့က ကျွမ်းကျင်သူများသည် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ မေ ၆ ရက်နှင့် ၇ ရက်တို့တွင် နှစ်ရက်ကြာ ဆွေးနွေးပွဲပြုလုပ်ခဲ့ပါသည်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကျင့်သုံးနေသော စင်ကာပူ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်စသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အတွေ့အကြုံကောင်းများ ရယူနိုင်ရန် ရည်ရွယ်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) တို့ ပူးပေါင်း၍ ဆွေးနွေးပွဲပြုလုပ်ခြင်းဖြစ်ကြောင်း သိရပါသည်။

ဆွေးနွေးပွဲတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကို ပြဋ္ဌာန်းကျင့်သုံးခဲ့သော နိုင်ငံများမှ အချိန်ကာလတစ်ခုအထိ ကြာရှည်နေခဲ့ပြီး အတွေ့အကြုံကောင်းများ၊ ရလဒ်ကောင်းများ ရရှိထားသော စင်ကာပူနိုင်ငံ၊ ၂၀၁၇ခုနှစ်တွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကို ပြဋ္ဌာန်းပြီး လက်ရှိတွင် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနေဆဲဖြစ်သော ဗီယက်နမ်နိုင်ငံ၊ ၂၀၁၈ ခုနှစ်အတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေပြဋ္ဌာန်းပြီး စတင်ကျင့်သုံးနေခဲ့သော ဖိလစ်ပိုင်နိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များက ၎င်းတို့နိုင်ငံများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအတွေ့အကြုံများ ရှင်းလင်းခဲ့ကြောင်း သိရပါသည်။ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များက မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် တိုးတက်ရေးအတွက် ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရပါသည်။

မြန်မာနိုင်ငံတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေဖြင့် စက်မှုထုတ်ကုန် ကဏ္ဍတစ်ခုတည်းတွင်သာ ကျင့်သုံးခဲ့ပြီး **၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် လုပ်ငန်းကဏ္ဍအားလုံး အကျုံးဝင်မှုရှိစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။**

ကျောက်မိုင်းများ ပြိုဆင်းခြင်းဆိုသည်မှာ

ကျောက်မိုင်းများတွင် ကျောက်တုံးကြီးများနှင့် မြေများ ကျောက်တောင်ပေါ်မှ ပြိုဆင်းမှုများသည် ထုံးကျောက်တောင်များဖြစ်ပါက ထုံးကျောက်များသည် ခုခံမှုအားနည်းသော သဲကျောက်နှင့်ရွှံ့လ်ကျောက် အောက်ခံကျောက်သားများ ပေါ်တွင် တည်ရှိနေရာမှ ပြုတ်ကျခဲ့ဖူးသည်။ ကျောက်သား အက်ကွဲကြောင်းများအတွင်းရှိ ရေများ အပြင်းအထန်လှုပ်ရှားမှုအားကြောင့် အောက်ခံကျောက်သားများ ခုခံအားနည်းသဖြင့် ကျောက်များ တိုက်စားကွဲကြေခြင်းဖြစ်သည်။ ကျောက်နံရံများတွင် ယင်းကျောက်များ တွဲခိုလျက်ရှိနေရာမှ ပြုတ်ကျခြင်းဖြစ်စေသည်။ နိုင်ရာဂါရာ (Niagara) တွင် ၁၉၅၄ ခုနှစ် ဇူလိုင် ၂၈ ရက်နေ့က ကျောက်တန်ချိန် ၁၈၅၀၀၀ ပြိုကျခဲ့ပါသည်။

မိုးရာသီ မိုးများစွာ ဆက်တိုက်ရွာနေခြင်းကြောင့် ကျောက်မိုင်းရှိ စိမ့်ပေါက် (Pore) များတွင် ရေများဝင်ရောက်ကာ ရေဖိအားများလာပြီး ကျောက်များနှင့် အနည်ကျမြေသားများ တွဲဆက်မှု အားနည်းခြင်းဖြစ်လာသည်။ ထို့နောက်တွင် ရေများနှင့် ကျောက်မိုင်း၏အခြေသို့ မြေများနှင့် ကျောက်များ ပြိုဆင်းလာခြင်းဖြစ်သည်။

- ကျောက်မိုင်းနံရံတည်မြဲမှု (Slope Stability) အားနည်းခြင်း
- ကျောက်မိုင်းနံရံမတ်စောက်ခြင်း
- ကျောက်ကမ်းပါးယံအားနည်းခြင်း (Plane Weakness)
- ကျောက်ကမ်းပါးယံအပေါ်ပိုင်း အားနည်းခြင်း(Weak Layer)
- မြေအောက်ရေ (Ground Water) စိမ့်ပေါက်နှင့် ချိုင့်များအတွင်း ဝင်ရောက်ပျော်ဆင်းခြင်း
- ကျောက်မိုင်းခွဲခြင်းမှ ကျောက်လွှာများကွဲအက် (Fracture) များဖြစ်ပေါ်ကာ ပြိုကျစေခြင်း
- အားကောင်းသော ကျောက်သားများမှ စိမ့်ပေါက်ချိုင့်များအတွင်း ဝင်ရောက်ကာ အားနည်းသောအလွှာများကို ထိုးချသွားခြင်းတို့ကြောင့် ကျောက်မိုင်းများ ပြိုကျခြင်းဖြစ်ပေါ်စေသည်။

ကျောက်မိုင်းများ ပြိုကျခြင်းသည် ကျောက်တုံး ကျောက်သားများ သက်သက်ပြိုကျခြင်း (Rock fall) နှင့်မြေသားပြိုဆင်းခြင်း (Land Slide) များသည် ကြီးမားပြင်းထန်သော လုပ်ငန်းခွင် ထိခိုက်ခြင်း ဖြစ်ပေါ်စေသဖြင့် မိုးရာသီ ရာသီဥတုဆိုးရွားသည့် ကာလတွင် အထူးသတိပြုလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျွမ်းကျင်သူပညာရှင်များအနေဖြင့် ကျောက်တောင်၏ ကျောက်လွှာများ မြေလွှာများအခြေအနေကို အမြဲမပြတ်စစ်ဆေးကြပ်မတ်နေရန် အရေးကြီးပါသည်။ အထူးသဖြင့် မိုးရာသီတွင် အထူးဂရုပြုရန် လိုအပ်ပါသည်။

ကျောက်တုံး၊ ကျောက်ခဲများ ပြိုကျခြင်း မဖြစ်စေရန် ကျောက်သားလွှာများ၏ သဘာဝအနေအထားများပေါ်တွင် တည်မှီနေသည်။ အထပ်အလွှာများပေါ်တွင် ကယ်လ်ကေးရီးယပ်စ် (Calcareous) ကျောက်များသည် အက်ကြောင်းများ အလွယ်တကူဖြစ်ပေါ်စေသည်။ သဲကျောက် (sand stone) များသည်လည်း ထိုကဲ့သို့ပင် အက်ကြောင်းများကြောင့် ကျောက်တုံးများပြိုကျခြင်း အန္တရာယ်များပြားစွာ ဖြစ်ပေါ်စေသည်။ အဖြူရောင်ထုံးကျောက်များနှင့် ကျောက်ဖြူပုံဆောင်ခဲများမှာ မကြာခဏ ကယ်လ်ဆိုက် (Calcite) ကျောက်လွှာများမှ အုပ်စုခွဲထွက်လေ့ရှိသည့် မီးသင့်ကျောက် (Igneous Rocks) များ၏ ကျောက်ဆက်အက်ကြောင်းများ (Joints) များအတွင်း အအေးဒဏ်ကြောင့် အေးခဲကျုံ့ဝင်ဖျစ်ညှစ်ခြင်းများဖြစ်ပြီး ကျောက်ဆက်များ (Joints) စုစည်းဖြစ်ပေါ်ကာ ကျောက်တုံးများ ကွဲပြိုကျတတ်သည်။ နှမ်းဖတ်ကျောက် (Granitic Rocks) များသည် ယေဘုယျအားဖြင့် ဤကဲ့သို့ အန္တရာယ်မများပေ။ အော်ရိုဂျင်းနစ် (Orogenic) ကျောက်များသည် အက်ကြောင်းများ (Fractures) ကြောင့် ကျောက်များ ပြိုကွဲကျဆင်းမှုမြင့်မားကြသည်။

ကျောက်များ ပြိုဆင်းရခြင်း၏ အခြေခံအကြောင်းရင်း

(၁) ကျောက်တောင်နေရာကျဉ်းကျဉ်းတွင် မကြာခဏကျောက်မိုင်းများ ဖောက်ခွဲလျက်ရှိခြင်းကြောင့် ကျောက်သား၊ ကျောက်လွှာအတွင်းပိုင်းများ ကွဲကြေနေခြင်း၊

(၂) ရာသီဥတုဒဏ် (Weathered) ခံရခြင်း၊ တိုက်စားမှု (Erosion) ခံရခြင်းများကြောင့် ကျောက်များ ပြိုကွဲကြေပျက်ပြိုကျစေခြင်း (ပြိုကွဲပျက်စီးမှုများအနက် ၈၄ ရာခိုင်နှုန်းအထိ ရှိသည်။)

(၃) ကျောက်သားများအတွင်း သစ်ပင်များ ပေါက်ရောက်လာခြင်းကြောင့် သစ်ပင်များမှ စို့ (Wedge, Plug) များသဖွယ်ဖြစ်ကာ တဖြည်းဖြည်းကျောက်များ ပြိုကွဲကျဆင်းစေခြင်း၊

(၄) မိုးရေကြောင့် အက်စစ်ဓာတ်များ ဖြစ်ပေါ်ကာ ကျောက်များနှင့် ဓာတ်ပြုပြိုကွဲစေခြင်း (ဥပမာ - ထုံးကျောက်များနှင့် မိုးရေမှ ဖြစ်ပေါ်သော အက်စစ်ဓာတ်များ ဓာတ်ပြုခြင်းများ)

(၅) ကျောက်မိုင်းများ အကြိမ်များစွာ ဖောက်ခွဲခြင်းကြောင့် ဖြစ်ပေါ်သော လှိုင်းများ (Semics Waves) ကြောင့် ကျောက်သားအတွင်းပိုင်း ပြိုကွဲနေခြင်း၊

(၆) ကျောက်မိုင်းကမ်းပါး (Working Face) တွင် စက်ယန္တရားများ လှုပ်ရှားဆောင်ရွက်မှု များပြားခြင်းကြောင့် ခံနိုင်ရည်အားနည်းသော ကျောက်ဆက်အက်ကြောင်းများ (Joints and Fractures) သိပ်သည်း ကျစ်လျစ်မှုမှ ကျောမှု အားနည်းသော (Weakness)ကျောက်အမျိုးအစားများ ပြိုကျလွယ်ခြင်း၊

(၇) ကျောက်ကမ်းပါးယံများ မြင့်မားမတ်စောက်လာခြင်း၊ မိုင်း ဒီဇိုင်းပုံစံမကျခြင်း၊

(၈) ကျောက်တုံးကြီးများ ကျောက်နံရံတွင် တွယ်ကပ်တည်ရှိနေခြင်း (Hanging Stones)မှ တဖြည်းဖြည်း တွဲဆက်မှုအားနည်းလာခြင်း၊

(၉) မြေအောက်ရေ (Under Ground Water) တည်ရှိနေခြင်း၊

(၁၀) မြေလျှင်ဒဏ်ခံရခြင်းများကြောင့် ကျောက်သားများ ရွေ့လျားကြေကွဲမှုများ ဖြစ်ပေါ်ခြင်း၊ (Falts)

စသည့်အကြောင်းအရာများသည် ကျောက်မိုင်းများတွင် ကျောက်တုံးများပြိုကျစေရန် အခြေအနေများဖြစ်သည်။

ဂရုတစိုက်ဆောင်ရွက်ခြင်းဖြင့် လျှော့ချနိုင်

ကျောက်မိုင်းများတွင် ကျောက်နံရံများမှ ကျောက်တုံးများ ပြိုကျနိုင်ခြင်းသည် သဘာဝအနေအထားအရဖြစ်ခြင်းမှာ ပိုမိုများပြားသော်လည်း လူ/လုပ်သားတို့၏ ဂရုတစိုက်လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် လျှော့ချနိုင်သည်။

(က) ကျောက်မိုင်းများ ဖောက်ခွဲမှုများကို တစ်နေရာတည်းတွင် မဟုတ်ဘဲ ကျောက်လုပ်ကွက်များ အနည်းဆုံး သုံးကွက်ခန့် ဖော်ထုတ်၍ ဖောက်ခွဲခြင်းဖြင့် ဖောက်ခွဲမှုကြောင့် သက်ရောက်သော ဒဏ်သက်သာခြင်း၊

(ခ) ကျောက်မိုင်းများတွင် လွန်တူးစက် (Drill Machine) အသေးများဖြင့် လွန်တွင်းငယ်များ တူးဖောက်ပြီး ကျောက်မိုင်း ဖောက်ခွဲထုတ်လုပ်ခြင်းကြောင့် ကျောက်တောင်ကျောက်သားများတုန်ခါခြင်း (Vibration) မှ သက်သာခြင်း၊

(ဂ) ကျောက်မိုင်းခွဲရာတွင် မီလီစက္ကန့်ဒီလေး ဒီတိုနေတာများ (Milli second delay Detonator) သုံးစွဲဖောက်ခွဲခြင်းဖြင့် တုန်ခါခြင်း (Vibration) သက်သာခြင်း၊

(ဃ) ကျောက်တောင်ပေါ်တွင် သစ်ငုတ်သစ်ပင်များ ရှင်းထုတ်ခြင်းဖြင့် သပ်၊ စို့သဖွယ်ဖြစ်တည်နေခြင်းမှ ကာကွယ်ခြင်း၊

(င) ရာသီဥတုဒဏ် ပွန်းစားမှုဒဏ်များ ခံခဲ့ရသဖြင့် ကျောက်တုံးများ ပြိုကွဲနေခြင်းကို ရှင်းလင်းပစ်ခြင်း (Surface Clearing)၊

(စ) ကျောက်ကမ်းပါးယံများတွင် စက်ယန္တရားများ အလုပ်လုပ်ချိန် တတ်နိုင်သမျှ လျှော့ချခြင်း (Reduce Working Time)၊

(ဆ) ကျောက်ကမ်းပါးယံများ မြင့်မားမတ်စောက်မှု မရှိစေရန် ကျောက်မိုင်းပုံစံကို ကျောက်သားနှင့် မြေသားများ ခိုင်မာမှု၊ တည်မြဲမှုအလိုက်၊ ကျောက်သားအနေအထားနှင့် အမျိုးအစားများအလိုက် ကျောက်ကမ်းပါးယံစောင်းထောင့် (Slope An-gle) များ သတ်မှတ်ခြင်း၊ ကျောက်ကမ်းပါးယံအမြင့် သတ်မှတ်ခြင်း (Bench Height)၊ ကျောက်ကမ်းပါးယံအကျယ် (Bench Width) များ သတ်မှတ်ခြင်း စသည့် ကျောက်ထုတ်လုပ်မှု မိုင်းဒီဇိုင်းများ ရေးဆွဲထုတ်လုပ်ခြင်း၊

(ဇ) ကျောက်တုံးကြီးများ ကျောက်နံရံတွင် တွယ်ကပ်ချိတ်တွဲ (Hanging) ဖြစ်နေပါက စက်အား၊ ယမ်းအားသုံး၍ အောက်သို့ ထိုးချပစ်ခြင်း၊

(ဈ) ကျောက်မိုင်းပြိုကျနိုင်သော သဘာဝအနေအထားများကို ပညာရှင်များ စစ်ဆေး၍ လုပ်သားများနှင့် အမြဲမပြတ် ဟောပြောဆွေးနွေးခြင်း (Brief and Discuss)၊

(ည) အန္တရာယ်ရှိနိုင်သော နေရာများတွင် မဝင်ရဧရိယာသတ်မှတ်ပြီး ဝင်ရောက်အလုပ်လုပ်ခြင်းကို တားမြစ်ခြင်း၊ တားဆီးခြင်း (Prohibited Area No Entry) ဆိုင်းဘုတ်များ စိုက်ထူခြင်း အလံနီများ စိုက်ထူထားခြင်း။

နည်းပညာများ တိုးတက်လာသည်နှင့်အမျှ ကျောက်တုံးကြီးများ ကျောက်တောင်အောက်ခြေသို့ ပြိုကျခြင်းကို ကာကွယ်ရန် နည်းစနစ်များကို တီထွင်အသုံးပြုလာကြသည်။

နိုင်ငံအသီးသီးရှိ ကျောက်မိုင်းများ ကျောက်တောင်ပြိုကျခြင်း ဘေးအန္တရာယ်များ ကြုံတွေ့လျက်ရှိရာ ၁၆-၁၀-၂၀၁၇ ရက်နေ့က Switzerland နိုင်ငံမှ GEOBRUGG ကုမ္ပဏီမှ ပြုလုပ်သော Rock fall Protection Barrier စနစ်ကို အောင်မြင်စွာ ပြသနိုင်ခဲ့သည်။ နိုင်ငံပေါင်း ၄၀ ကျော်မှ ထောက် ခံခဲ့သည်။ International Standard ETAG-027 Certify ဆုကိုလည်း ရရှိခဲ့သည်။

Impact Energy ၁၀,၀၀၀ ကီလိုဂျူး (10,000 Kilo Joules)တို့ကို ဟန့်တားနိုင်ခဲ့ခြင်းဖြစ်၍ ကျောက်မိုင်းလုပ်ငန်းခွင်ဘေးအန္တရာယ်ကို လျှော့ချစေခဲ့သည်။ ထိုနည်းမှာ ပေါ့ပါးသော Steel Wire ဖြင့် ပိုက်ကွန်ပြုလုပ်ထားခြင်းဖြစ်သည်။ Steel Wire Net ကို ပစ္စည်းအမျိုးအစားများစွာဖြင့် ပြုလုပ်ထားပြီး (1770 N/mm2) ခံနိုင်သော ထောက်များ၊ ကြိုးများနှင့် U-Brakes ကို အသုံးပြုထားသော စနစ်ဖြစ်သည်။ တန်ဖိုးလည်း သင့်တင့်မျှတသည့်အတွက် နိုင်ငံတော်တော်များများ တွင် အသုံးပြုလျက်ရှိသည်။ စင်ကာပူနိုင်ငံ Mandai Quarry ကျောက်မိုင်းတွင် ပြုလုပ်ထားပါသည်။ Walen Stadt ရှိ Work Site ၌ စမ်းသပ်ဆောင်ရွက်ခဲ့သည်။ မီတာ ၃၀ ရှည်ပြီး ၇ မီတာအမြင့်ရှိ သံမဏိကြိုးဖြင့် ပြုလုပ်ထားသော ပိုက်ကို ကျောက်နံရံတွင် တပ်ဆင်ထားခြင်း ဖြစ်ပါသည်။ ကျောက်မိုင်းကမ်းပါးယံ ၄၂ မီတာ အမြင့်မှ ၂၅ တန်လေးသော ကွန်ကရစ်ဘလောက်တုံးကြီးကို ကျောက်သယ်မော်တော်ယာဉ်ပေါ်မှ အောက်သို့ချခဲ့ရာ ကမ်းပါးယံ၌ ပြုလုပ်ချိတ်တွယ်ထားသော Rock Fall Protection Barrier မှ အောက်သို့ ကွန်ကရစ်တုံးကြီးအောက်ခြေသို့ ကျမသွားစေရန် ဟန့်တားကာကွယ်နိုင်ခဲ့သည်။ ဤအောင်မြင်မှုသည် ကမ္ဘာတစ်ခုလုံး၏ Record ဖြစ်ခဲ့သည်။

ထို့အပြင် ကျောက်တုံးကြီးများကို အပေါ်မျက်နှာပြင်မှ အောက်သို့ စက်ယန္တရားဖြင့် ထိုးချရှင်းလင်းရာတွင် အောက်မျက်နှာပြင်၌ လုပ်ငန်းဆောင်ရွက်နေကြသည့် စက်ယန္တရားများ၊ လုပ်သားများ ထိခိုက်မှုမရှိစေရန် Rock Trap ဟုခေါ်သော ကျောက်တုံးများ လွင့်စဉ်မှုမဖြစ်စေသော အောက်ခြေကျင်းများကို တူးဖော်ထားသော မိုင်းဒီဇိုင်းပုံစံများဖြင့် ထည့်သွင်းဆောင်ရွက်ကြသည်ကိုလည်း တွေ့ရှိရပါသည်။ ကျောက်မိုင်းနံရံစွန်း

စာမျက်နှာ ၇ သို့

အကြိမ်(၂၀) မြောက် အာဆီယံနိုင်ငံများနှင့် အခြားနိုင်ငံများ သက်တမ်းအလိုက် စစ်တုရင် ပြိုင်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁၀

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံနိုင်ငံများနှင့် အခြားနိုင်ငံများ သက်တမ်းအလိုက် စစ်တုရင်ပြိုင်ပွဲ (20th ASEAN+ Age-Group Chess Championship - 2019) ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းရှိ မိုးလုံလေလုံ ဘက်စုံအားကစားရုံ၌ ကျင်းပသည်။

ပြည်သူများ ပိုမိုစိတ်ဝင်စား

ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကား ပြောကြားရာတွင် ၁၉၈၈ ခုနှစ်က စတင်တည်ထောင်ခဲ့သည့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်သည် ဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ပြည်တွင်းပြိုင်ပွဲများအပြင် အာဆီယံနှင့် နိုင်ငံတကာပြိုင်ပွဲများ ကျင်းပနိုင်ခဲ့ပြီး စစ်တုရင်အားကစားကို ပိုမိုတိုးတက်ဖွံ့ဖြိုးရေးနှင့် ပြည်သူများ ပိုမိုစိတ်ဝင်စား လေ့ကျင့်ကစားနိုင်ရေး ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ကမ္ဘာ့စစ်တုရင် အဖွဲ့ချုပ် (Federation Internationale des Echecs - FIDE) အသိအမှတ်ပြု စစ်တုရင်ဒိုင်လူကြီးများ နီးနှောဖလှယ်ပွဲများကို လည်းကောင်း၊ ဒိုင်သင်တန်းနည်းပြဆရာများ နီးနှောဖလှယ်ပွဲကို လည်းကောင်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပနိုင်ခဲ့ပါကြောင်း။

ယခုပြိုင်ပွဲကြီးတွင် နိုင်ငံပေါင်းကိုးနိုင်ငံမှ အားကစားသမားပေါင်း ၄၃၀ က သက်တမ်းအလိုက် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အားကစားသမားအနေဖြင့် အားကစားသမားစိတ်ဓာတ်ပြည့်ဝစွာဖြင့် ဆုတံဆိပ်များ သာမက FIDE မှ Grandmaster အဆင့်သတ်မှတ်မှုအပါအဝင် နိုင်ငံတကာအဆင့်သတ်မှတ်မှုများ ရရှိဆွတ်ခူးနိုင်ရေး အကောင်းဆုံးယှဉ်ပြိုင်သွားကြမည် ဖြစ်ပါကြောင်း။

နိုင်ငံအသီးသီးမှ စစ်တုရင်အားကစားသမားများအနေဖြင့် FIDE ၏ ဆောင်ပုဒ်ဖြစ်သော "မိမိတို့အားလုံးသည် တစ်ဦးတည်း ပမာပင်ဖြစ်သည်" နှင့်အညီ ချစ်ကြည်ရင်းနှီးမှု ကွန်ရက်ကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်တုရင် ပထမရွှေ့ကွက်ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

အားကစားသမား ၂၃၇ ဦး ပါဝင်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အာဆီယံစစ်တုရင်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် စစ်တုရင် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ ပြိုင်ပွဲကို ဇွန် ၉ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ စစ်တုရင် အားကစားသမား ၁၉၃ ဦး၊ ဗီယက်နမ်၊ ထိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ မွန်ဂိုလီးယား၊ မလေးရှား၊ အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ စစ်တုရင်အားကစားသမား ၂၃၇ ဦး ပါဝင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ဆေးရုံကြီးများ ဘက်စုံတိုးတက်ရေး

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးသို့ သွားရောက်၍ ပြည်သူ့ဆေးရုံကြီးများ ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဖြည့်ဆည်းပေးနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ သူနာပြုအုပ်များ၊ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်

ကုသရေးဦးစီးဌာနမှူးများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနတွင် ၁၆ ခုတင်ဆံ့ဆေးရုံမှ ခုတင် ၂၀၀၀ ဆံ့ဆေးရုံအထိ ဆေးရုံပေါင်း ၁၁၄၄ ရုံရှိပြီး ၂၀၁၈-၁၉ ခုနှစ်ဘဏ္ဍာနှစ်တွင် ဆေးဝါးဝယ်ယူရန်အတွက် ငွေကျပ် ဘီလီယံ ၁၂၀၊ ဆေးပစ္စည်း ကိရိယာဝယ်ယူရန်အတွက် ငွေကျပ် ၆၄ ဘီလံယံ လျာထားခဲ့ပါကြောင်း။

ဝန်ကြီးဌာနမှ ဆေးနှင့်ဆေးပစ္စည်းများဝယ်ယူဖြန့်ဖြူးရာတွင် စနစ်တကျအလေအလွင့် မရှိစေရေးစနစ်တကျသုံးစွဲမှုကြောင့်လည်းကောင်း၊ နိုင်ငံတော်မှ ထပ်မံခွင့်ပြု၍လည်းကောင်း ဆေးဝါးဝယ်ယူရန် ရရှိလာသော ငွေကျပ် ၂၅ ဘီလီယံနှင့် ဆေးပစ္စည်းကိရိယာဝယ်ယူရန် ရရှိလာသော ငွေကျပ် ၃၂ ဘီလီယံ စုစုပေါင်း ငွေကျပ် ၅၇ ဘီလီယံကို စနစ်တကျ အမြန်ဆုံးအသုံးပြုဝယ်ယူသွားမည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် ပြည်သူ့ဆေးရုံကြီးများအလိုက်၊ ဆေးလက်တွေ့ပညာဘာသာရပ်ဌာနများအလိုက် ဆေးနှင့်ဆေး ပစ္စည်းကိရိယာ၊ ဓာတ်ခွဲစမ်းသပ်မှု၊ တည်ဆောက်ပြုပြင်ရေး၊ စီမံခန့်ခွဲမှု၊ ဆေးနှင့် ဆေးနီးနွယ် ပညာသင်ကြားမှု၊ ဝန်ထမ်းရေးရာ စသည့်လိုအပ်ချက်များကို ဦးစားပေးအလိုက် ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးသွားကြရန် ဖြစ်ပါကြောင်း၊ အရည်အသွေး ပြည့်ဝကောင်းမွန်သည့် ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို ပိုမိုစနစ်တကျတိကျစွာ ဝယ်ယူနိုင်ရန်အတွက် ဆေးနှင့် ဆေးပစ္စည်းကိရိယာအမျိုးမျိုးအတွက် အရည်အသွေး သတ်မှတ်ချက်များ (specification bank) ကို ပြုစုထားရှိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါဖြစ်ပွားမှုမှာ တစ်စထက်တစ်စ များပြားလာလျက်ရှိရာ ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ကျေးလက်ကျန်းမာရေးဌာန ၅၄၀ တွင် သွေးတိုးနှင့် ဆီးချိုရောဂါ စစ်ဆေးကုသမှု ဆေးခန်းများကို အပတ်စဉ် ဖွင့်လှစ်ကာ စစ်ဆေးကုသမှုပေးလျက်ရှိပါကြောင်း။

ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်

ဝန်ထမ်းများ တာဝန်ကျရာနေရာဒေသတွင် သက်သောင့်သက်သာနေထိုင်နိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာများကိုလည်း အရှိန်အဟုန်ဖြင့် ဆောက်လုပ်လျက်ရှိရာ အခန်းပေါင်း ၆၇၃၆ ခန်း ပြီးစီးခဲ့ပြီး ဆောက်လုပ်လျက်ရှိသည့် အခန်းပေါင်း ၁၀၃၇၇ ခန်းအနက် အများစုမှာ ယခုနှစ်အတွင်း ထပ်မံပြီးစီးမည် ဖြစ်ပါကြောင်း၊ သုတေသနလုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာငွေများ ပိုမိုသိသာစွာ တိုးမြှင့်ခွင့်ပြု အသုံးပြုဆောင်ရွက်လျက်ရှိပြီး သုတေသနဆိုင်ရာ စွမ်းဆောင်ရည်မြှင့် သင်တန်းများကိုလည်း ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်)တွင် သုတေသန စွမ်းဆောင်ရည်မြှင့် ဌာနကြီးအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆေးရုံများ၊ ခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများမှ ဦးစားပေး လိုအပ်ချက်များ တင်ပြတောင်းခံမှုများကို ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ် မူတည်၍ ယခုဘဏ္ဍာနှစ်တွင် ဖြည့်ဆည်းပေးနိုင်သည်များကို ယခုဘဏ္ဍာနှစ်တွင် လည်းကောင်း၊ လာမည့်ဘဏ္ဍာနှစ်တွင် ဖြည့်ဆည်းပေးနိုင်မည်များကို လာမည့်ဘဏ္ဍာနှစ်တွင် လည်းကောင်း အတတ်နိုင်ဆုံးဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အသေးစိတ်ဆွေးနွေး

ဆက်လက်၍ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုအုပ်များ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရောဂါနှိမ်နင်းရေးဌာနခွဲမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများမှ တာဝန်ရှိသူများက ဆေးနှင့် ဆေးပစ္စည်းကိရိယာ၊ ဓာတ်ခွဲစမ်းသပ်မှု၊ ကုသမှု၊ တည်ဆောက်ပြုပြင်ရေး၊ စီမံခန့်ခွဲမှု၊ ဆေးနှင့်ဆေးနီးနွယ် ပညာသင်ကြားမှု၊ ဝန်ထမ်းရေးရာနှင့် အထွေထွေကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်ချက်များကို တင်ပြခဲ့ပြီး အကြံပြုဆွေးနွေးချက်များ ပေးအပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အကြံပြုဆွေးနွေးချက်များအပေါ် တစ်ခုချင်းစီအလိုက် အသေးစိတ်ဆွေးနွေးခဲ့ပြီး ချက်ချင်းဖြည့်ဆည်းပေးနိုင်သည်များကို ချက်ချင်းဖြည့်ဆည်းပေးကာ ရေရှည်ဆောင်ရွက်ရမည်များကို အဆင့်လိုက်၊ အပိုင်းလိုက် ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများနှင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စာမျက်နှာ ၆ မှ

အကာအကွယ်ဖြစ်စေရန် Safety Berm များ၊ Windows များ၊ Guardrials များ၊ တပ်ဆင်ထားရှိကာ လုပ်ငန်းခွင်အန္တရာယ်လျှော့ချသော နည်းစနစ်များကိုလည်း အသုံးပြုလာကြသည်။

ကျောက်မီးသွေးမိုင်းများ ပေါက်ကွဲမှုမှ ကာကွယ်ခြင်း

ကျောက်မီးသွေးမိုင်းများ ပေါက်ကွဲခြင်း မဖြစ်စေရန် ကျောက်မီးသွေးမိုင်းများမှ ထွက်ရှိသော ဓာတ်ငွေ့များအကြောင်းကို စေ့စပ်သေချာစွာ သိရှိထားရန် လိုအပ်ပါသည်။ ကျောက်မီးသွေးမိုင်းများတွင် အောက်ဖော်ပြပါ ဓာတ်ငွေ့များကို တွေ့ရှိရပါသည်။

မီသိန်း (Methane - CH_4)၊ ကာဗွန်မိုနောက်ဆိုက် (Carbon monoxide - CO_2)၊ ကာဗွန်ဒိုင်အောက်ဆိုက် (Carbon Dioxide - CO_2)၊ ဟိုက်ဒြိုဂျင်ဆာလဖိုက် (Hydrogen Sulfide - H_2S)၊ ဟိုက်ဒြိုဂျင် (Hydrogen - H_2)၊ ဆာလဖာဒိုင်အောက်ဆိုက် (Sulfur Dioxide - SO_2)၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်(Nitrogen Dioxide - NO_2)၊ နိုက်ထရိုဂျင် (Nitrogen - N_2)၊ အောက်ဆီဂျင် (Oxygen - O_2)၊ အက်စီတလင် (Acetylene - C_2H_2) တို့ ဖြစ်ပါသည်။

ယင်းဓာတ်ငွေ့များအနက် အထူးသတိထားရမည့် ဓာတ်ငွေ့များ မီသိန်းဓာတ်ငွေ့ (Methane - CH_4)ပင်ဖြစ်သည်။ မီသိန်းဓာတ်ငွေ့သည် အရောင်မရှိ၊ အနံ့အသက်မရှိ၊ မီးလောင်လွယ်သောဓာတ်ငွေ့ ဖြစ်သည်။ လေထက်ပေါ့ပါးပြီး သိပ်သည်းဆမှာ ၀ ဒသမ ၅၅၄ ဖြစ်ပြီး အများအားဖြင့် သတ္တုမိုင်းများ၏ အပေါ်ပိုင်းနှင့် အမိုးပိုင်းများတွင် တွေ့ရသည်။ ရေတွင်ပျော်ဝင်နိုင်ပြီး လေတွင်မီးလောင်လွယ်သည်။ ကာဗွန်ဒိုင်အောက်ဆိုက်အဖြစ် အသွင်ပြောင်း၍ ရေငွေ့ပျံနိုင်သည်။ မီးတောက်အရောင်မှာ ဖျော့တော့တော့ဖြစ်ပြီး သာမန်အားဖြင့် တည်ငြိမ်မှုရှိသောဓာတ်ငွေ့ဖြစ်သည်။ လေနှင့်မီသိန်းဓာတ်ငွေ့တို့ ရောနှောသွားပါက ပေါက်ကွဲစေတတ်သော သတ္တိရှိသည်။ ထိုအရောအနှောပေါက်ကွဲမှုများသည် ကျောက်မီးသွေးမိုင်းများ၌ လုပ်ငန်းခွင်ဘေးအန္တရာယ်များ ဖြစ်ပေါ်စေပြီး မီသိန်းဓာတ်ငွေ့ ၁၀ ရာခိုင်နှုန်းခန့်ရှိရုံမျှဖြင့် လေနှင့်ထိတွေ့ပါက ပေါက်ကွဲမှုဖြစ်နိုင်သည်။ အရည်ပျော်နေသော မီသိန်းဓာတ်သည် ကြီးမားသော ဖိအားဒဏ် မခံရပါက မီးမလောင်နိုင်ပါ။

မီသိန်းဓာတ်ငွေ့သည် အဆိပ်ဓာတ်ငွေ့ မဟုတ်ပါ။ သို့သော် မီးလောင်စေတတ်သောပစ္စည်းဖြစ်ကာ သန့်စင်နေသော မီသိန်းဓာတ်ငွေ့သည် လေဟာနယ်များတွင် အပြည့်ဝင်ရောက်ကာ လေထဲမှ အောက်ဆီဂျင်ကို ၁၉ ဒသမ ၅ ရာခိုင်နှုန်းအောက်အဆင့်သို့ ရောက်ရှိစေရန် လျှော့ချဖယ်ထုတ်ပစ်သည်။ မီသိန်းဓာတ်ငွေ့ကို ကျောက်မီးသွေးမိုင်းများတွင် သဘာဝအားဖြင့် တွေ့ရှိရသည်။ ကျောက်လွှာများ၏ Pores တွင် ခိုအောင်းနေကြသည်။ ကျောက်လွှာ၏ ဘူမိဗေဒသက်တမ်းနှင့် ကျောက်မီးသွေးအလွှာ၏ အတိမ်အနက်အနေအထားများအရ အနည်းနှင့်အများ ဖြစ်ပေါ်ပြီးနေအိမ်များတွင် အသုံးပြုနေသော သဘာဝဓာတ်ငွေ့သုံး မီးဖိုများတွင်လည်း မီသိန်းဓာတ်ငွေ့များ ဖြစ်တည်လျက်ရှိသည်။

မီသိန်းဓာတ်ငွေ့ကို လက်ကိုင်ကိရိယာ(သို့မဟုတ်) အသေတပ်ဆင်ထားသော မီသိန်းဓာတ်ငွေ့ထောက်လှမ်းရေး ကိရိယာများဖြင့် ထောက်လှမ်းသိရှိနိုင်သည်။ အစိုးရအသိအမှတ်ပြုလက်မှတ်ရကျွမ်းကျင်သူ ပညာရှင်များက မြေအောက်ရှိ လုပ်ငန်းခွင်တွင် မီသိန်းဓာတ်ငွေ့ကို ထောက်လှမ်းစစ်ဆေးပေးရမည်။ မီသိန်းဓာတ်ငွေ့သည် အလုပ်လုပ်နေသည့်နေရာတွင် လေထဲ၌ ၁ ဒသမ ၀ ရာခိုင်နှုန်း (သို့မဟုတ်) ယင်းထက် များနေပါက လျှပ်စစ်ဓာတ်အားများကို လျှော့ချရမည်။ အခြားစက်ကိရိယာမောင်းနှင်မှုများကိုလည်း ပိတ်ထားရမည်။ မီသိန်းဓာတ်ငွေ့သည် လျှပ်စစ်ကူးလမ်းကြောင်းများအတွင်း မီးတောက်လောင်နိုင်ပြီး လုပ်ငန်းခွင်အတွင်း ဖြစ်ပေါ်လာသော ပွတ်တိုက်မှုများကြောင့်လည်းကောင်း၊ တွင်းတူးစက်များ၏ ပွတ်တိုက်တူးဖောက်မှုများကြောင့်လည်းကောင်း ထွက်ပေါ်လာသော အပူချိန်များကြောင့်လည်း မီးလောင်ကျွမ်းနိုင်သည်။

အထက်ဖော်ပြပါ ကျောက်မီးသွေးမိုင်းနှင့် မီသိန်းဓာတ်ငွေ့များအကြောင်းကို စေ့စပ်သေချာစွာ သိရှိလေ့လာပြီး လုပ်ငန်းခွင်အန္တရာယ်များ လျှော့ချနိုင်ရန် ဆောင်ရွက်ကြရမည်။ ကျောက်မိုင်းများနှင့်ကျောက်မီးသွေးမိုင်းများ သတ္တုတူးဖော်ရေးမိုင်းများတွင် တစ်ကိုယ်ရေသုံး လုပ်ငန်းခွင်ဘေးအန္တရာယ် ကာကွယ်ရေးပစ္စည်းများ (Personal Protective Equipments)များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြသည်ကိုလည်း တွေ့ရှိရသည်။ ဦးခေါင်းကိုကာကွယ်ရန် ဦးထုပ်အမာစားများ (Hard Hats)၊ မျက်လုံးကာ ပစ္စည်းများ (Eye Protection)၊ နားကာပစ္စည်းများ (Hearing Protection)၊ အသက်ရှူကိရိယာ (Respiratory Protection)၊ လက်အိတ်များ၊ (Protective Gloves)၊ ခန္ဓာကိုယ်ကာကွယ်သော အဝတ်များ (Body Protection)၊ ခြေထောက်ကာကွယ်သော ဖိနပ်များ (Protective Foot) တို့ကို လုပ်ငန်းခွင်အတွင်း ဝတ်ဆင်အသုံးပြု၍ တစ်ကိုယ်ရေကာကွယ်ရေးကို ဆောင်ရွက်လာကြသည်။

နည်းပညာများ တိုးတက်လာသည့်အလျောက် မြေအောက်သတ္တုမိုင်းများတွင်လည်း ဦးထုပ်၌ တပ်ဆင်သော မီးခွက်ကိရိယာများတွင် (Cap Lamp) ဟာလိုဂင်မီးသီး (Halogen Bulbs) များကို တပ်ဆင်အသုံးပြုလာကြသည်။ အသက်ရှူကိရိယာများ (Respiratory Protection) များကို ခေတ်မီစွာတီထွင်အသုံးပြုလာကြသည့်အပြင် မီသိန်းဓာတ်ငွေ့များကို စုံစမ်းထောက်လှမ်းနိုင်သော (Meth and Detector) ကိရိယာများကိုလည်း မိုင်းလုံခြုံရေးအရာရှိများ (Mine Safety Officer) များနှင့် မိုင်းဒီဇိုင်းရေးဆွဲသူ အင်ဂျင်နီယာများ အသုံးပြုလာကြသည်။ ၎င်းကိရိယာများမှာ အလွယ်တကူအသုံးပြု၍ရသော Detector Tube နှင့် Detector Tube Pamp များဖြစ်ပြီး အဆိပ်ဓာတ်ငွေ့များနှင့် မီးလောင်နိုင်သောဓာတ်ငွေ့များကို တိုင်းတာအကဲဖြတ်နိုင်သည့် ကိရိယာဖြစ်ပြီး ကျောက်မီးသွေးမိုင်း၌ လုပ်ငန်းခွင်များတွင် သုံးစွဲရန် အထူးလိုအပ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင် ကျောက်မိုင်းများ၊ သတ္တုတူးဖော်ရေးမိုင်းများ၊ ကျောက်စိမ်းမိုင်းများနှင့် ကျောက်မီးသွေးမိုင်းများတွင် ဖြစ်ပေါ်နေသော လုပ်ငန်းခွင်ထိခိုက်မှုများသည် ကြီးမားသော ထိခိုက်မှုများဖြစ်ပြီး လုပ်ငန်းခွင်ဘေးအန္တရာယ် လျှော့ချရန်မှာ လုပ်ငန်းရှင်များ၊ မန်နေဂျာများ၊ အင်ဂျင်နီယာများနှင့် မိုင်းလုပ်သားများတွင် တာဝန်ရှိသကဲ့သို့ စီမံခန့်ခွဲကြီးကြပ်သူ ဒေသန္တရအဖွဲ့အစည်းများသည်လည်း စစ်ဆေးကြပ်မတ်ရန် လိုအပ်ပါသည်။ သို့မှသာ မိုင်းလုပ်ငန်းများ၏ လုပ်ငန်းခွင်အန္တရာယ်ဖြစ်ပေါ်မှုများ လျော့ကျလာနိုင်မည် ဖြစ်ပါသည်။ သို့မဟုတ်ပါက အကြိမ်ရေ လျှော့ချရန်ထက် ပိုမိုလာမည်သာဖြစ်ပါသည်။ မိုင်းလုပ်ငန်းများတွင်ဖြစ်ပေါ်နေသော လုပ်ငန်းခွင်ဘေးအန္တရာယ်ကျရောက်မှုများ မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ခြင်းနှင့် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကိုလိုက်နာခြင်း၊ ညွှန်ကြားချက် လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ခြင်း၊ နိုင်ငံတကာနည်းပညာဗဟုသုတများကို လေ့လာမှတ်သားဆောင်ရွက်ခြင်း၊ နည်းလမ်းများဖြင့် မိုင်းလုပ်ငန်းများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်ပေါ်မှုများကို အကြိမ်ရေများ လျော့ကျသွားစေရန် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၂ / ၂၀၁၉
၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

“တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင်ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

စဉ်	သတင်းလက်ခံရရှိမှု	ဖော်ထုတ်ဖမ်းဆီးအရေးယူမှု
၁	စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဇင်းကျေးရွာနေ လှထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၂-၆-၂၀၁၉ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ဇင်းကျေးရွာ၊ ရွှေဘို-မြစ်ကြီးနားသွားကားလမ်းမပေါ်၌ ၎င်းကျေးရွာနေ လှထွန်း(၄၂)နှစ်၊(ဘ)ဦးရန်လင်းအားဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကန့်ဘလူ)မယ(ပ)၇/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၂	စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ မော်ရုံမြိုင်ကျေးရွာနေ အိုက်စိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၂-၆-၂၀၁၉ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ မော်ရုံမြိုင်ကျေးရွာနေ အိုက်စိုး(ခ)အောင်သန်းစိုး(၂၉)နှစ်၊ (ဘ)ဦးဖိုးဖေ ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တင်အောင်မိုး (၂၇)နှစ်၊ (ဘ)ဦးထွန်းလှတို့ (၂)ဦးအား ဘိန်းဖြူများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ထမံသီ)မယ(ပ)၉/၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၃	စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကံကြီးကျေးရွာနေ ဖိုးအေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၄-၆-၂၀၁၉ ရက်နေ့တွင် ကလေးမြို့နယ်၊ ကံကြီးကျေးရွာနေ ဖိုးအေး(၄၆)နှစ်၊ (ဘ)ဦးဖိုးစိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကလေး)မယ(ပ)၈၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၄	မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ၁၉ × ၂၂ လမ်းကြား၊ စံပယ်အိမ်ရာ ပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါး ဖြန့်ဖြူး/ ရောင်းချ သုံးစွဲသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။	၂-၆-၂၀၁၉ ရက်နေ့တွင် အောင်မြေသာစံမြို့နယ်၊ ၁၉ × ၂၂ လမ်းကြား၊ စံပယ်အိမ်ရာ၊ တိုက်(၅)ပတ်ဝန်းကျင်၌ ချမ်းအေးသာစံမြို့နယ်၊ ဦးဖိုးသာဝင်းရပ်ကွက်နေ ဝင်းလှိုင်ဦး(ခ) ပီချေး(၂၀)နှစ်၊ (ဘ)ဦးဆန်းဦး၊ ၇၉× ၈၀ကြား၊ ၃၀×၃၁ ကြားနေ ရဲလင်းအောင်(ခ) မှတ်ကြီး(၃၀)နှစ်၊(ဘ) ဦးအောင်လင်း၊ မဟာအောင်မြေမြို့နယ်၊ ညောင်ကုန်းရပ်ကွက်နေ လက်ပွား (ခ) ပိုင်စိုးသက်(၂၄)နှစ်၊ (ဘ) ဦးစိန်ဝင်း၊ မဟာမြိုင်(၁)ရပ်ကွက်နေ မင်းခန့်ဦး(ခ)ဗျားကြီး(၂၅)နှစ်၊(ဘ)ဦးဝင်းဗိုလ်၊ အောင်မြေသာစံမြို့နယ်၊ ဦးပုသ်တော်ရပ်ကွက်နေ အောင်ကျော် (ခ)အောင်ကျော်ကျော်(၃၂)နှစ်၊ (ဘ)ဦးမိုးကျော်၊ ညောင်ကွဲရပ်ကွက်နေ ချမ်းမြေ့အောင်(ခ)အောင်လေး(၁၉)နှစ်၊ (ဘ) ဦးဟန်ညွန့်နှင့် အမရပူရမြို့နယ်၊ ကျောက်စိမ်းဘုရားရှေ့နေ နေ့ဦး(၄၉)နှစ်၊ (ဘ)ဦးကျော်နိုင်တို့(၇)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(၅)(အောင်မြေသာစံ)မယ(ပ)၂၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၅	မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ မင်းဝန်ကျေးရွာနေ ရာဇာထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၅-၆-၂၀၁၉ ရက်နေ့တွင် မြစ်သားမြို့နယ်၊ သစ်တက်ကုန်း ကျေးရွာသွားလမ်းပေါ်၌ မင်းဝန်ကျေးရွာနေ ဖိုးကုလား (ခ)နိုင်ထက်ဝင်း(၂၂)နှစ်၊ (ဘ)ဦးဖိုးအေးမောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများအား မင်းဝန်ကျေးရွာနေ ရာဇာထွန်း(၂၈)နှစ်၊ (ဘ)ဦးတင်ထွန်းထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား ရကစ (ရစ်ကန်)မယ(ပ)၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၆	မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ လက်ပံခါးလှကျေးရွာနေ ဝင်းဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၇-၆-၂၀၁၉ ရက်နေ့တွင် ရမည်းသင်းမြို့၊ ရွှေစည်းခုံရပ်ကွက်နေ ဖြိုးကိုကိုအောင် (၂၈)နှစ်၊ (ဘ)ဦးစိန်သန်း၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများအား လက်ပံခါးလှကျေးရွာနေ ဝင်းဦး (၄၅)နှစ်၊ (ဘ)ဦးထွန်းရွှေထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ရမည်းသင်း)မယ (ပ)၁၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ၁၉(က)/၂၀(က)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ လက်ပံခါးလှကျေးရွာအနီး ရွာတန်း-ရွှေဒါးသွားကားလမ်းမပေါ်၌ ဝင်းဦးမောင်းနှင်လာသည့် ဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ 88/1 စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရွာတန်း)မယ (ပ)၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။
၇	ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၂) ရပ်ကွက်၊ ငွေပြည်သာ(၂)လမ်းနေ မျိုးချစ်ကိုသည် မူးယစ်ဆေးဝါးများ သုံးစွဲနေကြောင်း သတင်းပေးပို့ခြင်း။	၃-၆-၂၀၁၉ ရက်နေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ငွေပြည်သာ(၂)လမ်းနေ မျိုးချစ်ကို(၄၄)နှစ်၊ (ဘ)ဦးစန်းလွင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံမြောက်)မယ(ပ) ၃၀/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၈	ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၅၃)ရပ်ကွက်၊ ပန်းခြံလမ်းနေ ကုလား(ခ)တင်ကိုကိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၆-၆-၂၀၁၉ ရက်နေ့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ အမှတ်(၂)လမ်းမပေါ်၌ စောင့်ဆိုင်းစစ်ဆေးစဉ် (၅၃)ရပ်ကွက်၊ ပန်းခြံလမ်းနေ ကုလား(ခ)တင်ကိုကို(၂၀)နှစ်၊ (ဘ)ဦးမြင့်ထွန်းနှင့် ၎င်းရပ်ကွက်၊ ပုလဲငွေရောင်(၄)လမ်းနေ ဝေဇင်ထွေး(၁၉)နှစ်၊ (ဘ) ဦးလှထွေးတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံတောင်)မယ(ပ) ၅၂/ ၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၉(က) / ၂၁ ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။
၉	ရှမ်းပြည်နယ်၊ နမ္မတူမြို့ ပန်ဟိုက်(၈) ရပ်ကွက်တွင် မူးယစ်ဆေးဝါးသုံးစွဲ/ ရောင်းချသူ အများအပြားရှိကြောင်း သတင်းပေးပို့ခြင်း။	ယခင်သီတင်းပတ်များ၌ အမှု(၅)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၆)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၂-၆-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ နမ္မတူမြို့ ပန်ဟိုက်(၈)ရပ်ကွက်၊ သချိုင်းကုန်းဟောင်းအနီး၌ မန်တုံမြို့နယ်၊ ကျယ်ဂေါင်ကျေးရွာနေ ဒေါ်ငင့်(၄၈)နှစ်၊ (ဘ)ဦးမြတ်ဆောင်အား ဘိန်းဖြူများ၊ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နမ္မတူ) မယ(ပ)၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။
၁၀	ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ ဇာလီကျေးရွာနေ အေးကို(ခ)ကိုလေးသည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၂-၆-၂၀၁၉ ရက်နေ့တွင် နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်၌ သတင်းအရ နောင်ချိုမြို့နယ်၊ ဇာလီကျေးရွာနေ အေးကို(ခ)ကိုလေး(၃၀)နှစ်၊ (ဘ) ဦးအေးကျော်နှင့် သီပေါမြို့နယ်၊ လင်တိကျေးရွာနေ ဒေါ်အေးလုံ(၄၆)နှစ်၊ (ဘ) ဦးဝါလိန်တို့(၂)ဦးမောင်းနှင်လာသည့်ယာဉ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နောင်ချို) မယ(ပ) ၄၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၁၁	ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင်းနှင့် မြို့ပေါ်ရပ်ကွက်များ၌ မူးယစ်ဆေးဝါးများသုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	ယခင်သီတင်းပတ်များ၌ အမှု(၁၇)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား (၂၄)ဦး၊ မ(၃)ဦး၊ ပေါင်း(၂၇)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၄-၆-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့ ရွှေတောင်ရပ်ကွက်၊ တောင်တန်းရှည်လမ်းပေါ်၌ ၎င်းရပ်ကွက်နေ ကျော်စိုးမြင့် (၂၁)နှစ်၊ (ဘ)ဦးသောင်းမြင့်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ကြီး)မယ(ပ)၃၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၈-၆-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၆၅၁)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၈၅၉)ဦး၊ မ(၁၆၄)ဦး၊ ပေါင်း(၁၀၂၃) ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၆၁၆၂.၇၁၇၄) ဂရမ်၊ ICE (၇၃.၆၇)ဂရမ်၊ ဘိန်း(၃၉၇၀၉.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၃၉၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၀၀၆၈၂)ပြား၊ ဆေးခြောက် (၈၃၀၉.၂၂) ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၈.၄၅) ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခု သီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/ တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၆၄၀)ပြား၊ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန့်ပုတ်ကျေးရွာအဝင်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၅၂၆၅)ပြား၊ ဘိန်းဖြူ(၂၂၀) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ အရှေ့စုရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၄၀)ပြား၊ ဖားကန့်မြို့နယ်၊ နမ့်လန်ကျေးရွာအဝင် မိုးညှင်း-ဝေ့ခါသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ ဘိန်းဖြူ(၂၂၀) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဆန်းကြွယ်ကျေးရွာ၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၉၀)ပြား၊ ဘိန်း(၃၈၀)ဂရမ်၊ ဘိန်းဆီခဲ(၂၀)ဂရမ်၊ ရွှေကူမြို့နယ်၊ ညောင်ကုန်းကျေးရွာ၊ ဗန်းမော်-မန္တလေးသွားကားလမ်း မိုင်တိုင်(၁၉၅)၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၆၁၀၀)ပြား၊ ဘိန်းဖြူ(၈၂)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မံစီမြို့နယ်၊ သံတံတားကျေးရွာအနီး သံတံတား-မန်သာကျေးရွာသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၉၀၀)ပြား၊

စာမျက်နှာ ၉ သို့

မြန်မာကျပ်ငွေဖြင့် ရောင်းချပေးသည့် ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၁၀

မြန်မာကျပ်ငွေဖြင့် ရောင်းချပေးသည့် ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြပွဲတွင် နံနက် ၉ နာရီမှ စတင်၍ ကျောက်မျက်အတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ တင်ပြအတွဲ ၂၆၀ တွင် ၄၉ တွဲကို ငွေကျပ် သန်း ၃၆၂ ဒသမ ၀၉၉ သန်းဖြင့် ရောင်းချခဲ့ရကြောင်း သိရသည်။

အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စတင်ရောင်းချပေးမည်

ထို့ပြင် ကျောက်စိမ်းအတွဲများကို ဇွန် ၁၁ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စတင်ရောင်းချပေးသွားမည်ဖြစ်ပြီး ယနေ့တွင် ရတနာကုန်သည်များ အနေဖြင့် မဏိရတနာကျောက်စိမ်းခန်းမနှင့် ခန်းမဝင်းအတွင်း နယ်မြေခွဲ၍ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် **(အောက်ပုံ)** အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများတွင် ထည့်သွင်းကြသည်။

ယခုကျင်းပသည့် ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ်(၁)မှ အတွဲအမှတ်(၁၀၅၀)အထိ ၁၀၅၀ တွဲကို ဇွန် ၁၁ ရက်တွင် လည်းကောင်း၊ ကျောက်စိမ်း အတွဲအမှတ်(၁၀၅၁)မှ အတွဲအမှတ် (၂၁၀၀)အထိ ၁၀၅၀တွဲကို ဇွန် ၁၂ ရက်တွင် လည်းကောင်း၊ ကျောက်စိမ်းအတွဲ အမှတ်(၂၁၀၁)မှ အတွဲအမှတ် (၃၁၀၈)အထိ ၁၀၀၈ တွဲကို ဇွန် ၁၃ ရက်တွင် လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်မျိုးစုံ ရောင်းချ

အဆိုပါပြပွဲကို ပြည်တွင်းကုန်သည်ငယ်များ ကုန်ကြမ်းရရှိရန်နှင့် လုပ်ငန်းရှင်များ ဝင်ငွေရရှိရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပုတီး၊ လက်ကောက်များ ပြုလုပ်နိုင်ရန်အတွက် ကျောက်အမျိုးအစားမျိုးစုံ ရောင်းချလျက်ရှိကြောင်း သိရသည်။ **အောင်ရဲသွင်**

ဓာတ်ပုံ-ကိုကိုလေး

ပူတာအိုမြို့နယ်၌ မိုးရာသီတွင်စိုက်ပျိုးနိုင်ရန်အတွက် ပျိုးပင်ပေါင်း ၄၉၈၀၀ ပျိုးထောင်ထားရှိ

ပူတာအို ဇွန် ၁၁

ကချင်ပြည်နယ် ပူတာအိုမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ပူတာအိုဒေသအတွင်း တစ်နှစ်ထက်တစ်နှစ် ပြောင်းလဲလာသောအပူချိန်လျော့ချရေး၊ သစ်တောသစ်ပင်များကို ထိန်းသိမ်းလာစေရေး၊ ဒေသအတွင်းရှိ ပြည်သူများ၏အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားနိုင်ရေးအတွက် ရည်ရွယ်၍ ပူတာအိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာများ၊ တပ်နယ်များနှင့် လမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာတွင် စိုက်ပျိုးနိုင်ရန် သစ်တောသစ်ပင်၊ အရိပ်ရပင်၊ ပန်းအလှပင်နှင့် အခြားအပင်ပေါင်း ၄၉၈၀၀ ပင်ကို ပျိုးထောင်ထားရှိပြီးဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

စတင်ပြီး ဖြန့်ဝေပေး

“ပူတာအိုမြို့နယ် သစ်တောဦးစီးဌာနအနေနဲ့ ၂၀၁၉ ခုနှစ် မိုးရာသီမှာ ပြည်သူတွေကို ဖြန့်ဖြူးမယ့် သစ်တောသစ်ပင်၊ ပန်းအလှပင်၊ အရိပ်ရပင် စုစုပေါင်း ၄၉၈၀၀ ပျိုးထောင် ထားရှိပြီး ဖြစ်ပါတယ်။ ဒီပျိုးပင်တွေကို ငါးလပိုင်းကုန် ခြောက်လပိုင်းလဆန်းကနေ စတင်ပြီး ဖြန့်ဝေပေးခဲ့ပါတယ်။ အခုလ ၁၉ ရက်မှာ ဌာနဆိုင်ရာတွေ၊ ပြည်သူတွေ ပူးပေါင်းပြီးတော့ မိုးရာသီလူထုဖြန့်ပျိုးပင်များကို ပူတာအိုမြို့ မြို့မကျောင်းဝင်း အတွင်းမှာ ပျိုးပင်ပေါင်း ၄၀၀ စိုက်ပျိုးသွားမှာဖြစ်ပါတယ်” ဟု မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းကျော်က ပြောသည်။

ပျိုးထောင်ထားရှိ

ပူတာအိုမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် သစ်အယ်၊ ရေပိတုန်း၊ ရေမနေ၊ ဒေသရင်းမျိုးဖြစ်သည့် တောင်ဇလပ်နီနှင့် အခြားဝါးပင်၊ မအူပင်များကို ပျိုးထောင်ထားရှိခြင်းဖြစ်ပြီး ယင်းပျိုးပင်များကို ကျောင်းများ၊ ဌာနဆိုင်ရာများ၊ တပ်နယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရပ်ကွက်/ကျေးရွာနေပြည်သူများသို့ ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း သိရသည်။ **ဖုန်ကန်(ပူတာအို)**

စာမျက်နှာ ၈ မှ

ဆိုင်ကယ်(၁)စီး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ဆောင်ကန်းကျေးရွာ လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၁၄)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကရင်ပြည်နယ်၊ မြဝတီမြို့ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၉၆၂)ပြား၊ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဒိမ်ဇန်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၂)ပြား၊ ဘိန်းဖြူ(၂.၂၂)ဂရမ်၊ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ သင်္ကောကျေးရွာ၊ ဘုရားသုံးဆူသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာရွက်(၁၆၃၃)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ သံဖြူဇရပ်-ရေးကားလမ်း၊ မိုင်တိုင်(၅၄/၆-၇)ကြား၌ ရပ်တန့်ထားသည့် Honda Fit ယာဉ်အား သတင်းအရစစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာရွက်(၄၈၉၉၀) ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ရွာသစ်ကေကျေးရွာနေအိမ်နှင့် ယာဉ်အတွင်းတို့၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၈၂၇၅၀)ပြား၊ Probox ယာဉ်(၁)စီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ဘန်ကွဲကျေးရွာ၊ ဇလဲ-တောင်ကြီးသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၄၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရပ်စောက်မြို့နယ်၊ ရတနာပုံအရှေ့ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၅၈)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တရားခံအမျိုးသား(၁)ဦး၊ လွိုင်လင်မြို့နယ်၊ ခဲလောင်းကျေးရွာအနီး လွိုင်လင်-နမ့်စန်သွား ကားလမ်းမပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ လဲချားမြို့နယ်၊ နောင်မိန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၈)ပြား၊ ဘိန်း(၁၂၂၄)ဂရမ်၊ လားရှိုးမြို့နယ်၊ ကုန်းဆာကျေးရွာ၊ ရွာလယ်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး ထံမှ စိတ်ကြွဆေးပြား(၈၀၀၀)ပြား၊ ဘိန်းဖြူ(၁၄၄) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ သိန္နီမြို့ အိုရီယမ်တယ်တိုးဂိတ်၌ သတင်းအရ Landcruiser ယာဉ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၈၅၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ အိုရီယမ်တယ်တိုးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၉၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ကွတ်ခိုင်မြို့နယ်၊ နမ့်ပါချီးကျေးရွာ၌ တရားခံအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၈)ပြား၊ မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ တန့်ယန်းမြို့နယ်၊ မိုင်းပတ်ကျေးရွာ လမ်းပေါ်၌ သတင်းအရ ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်း(၃၁၄၉) ဂရမ်၊ မူဆယ်မြို့နယ်၊ နမ့်စန်ဈေးကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၆၀၀)ပြား၊ ဘိန်းဖြူ(၂၄)ဂရမ်၊ ကွတ်ခိုင်မြို့နယ်၊ ခိုလုံကျေးရွာအဝင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၄၀၀)ပြား၊ ဘိန်းဖြူ(၂၀) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွားကားလမ်း မိုင်တိုင်(၈၀/၄)၌ သတင်းအရ ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၇၀)ပြား၊ ရေဖြူကျေးရွာ၌ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၇၅) ပြား၊ မိုးမိတ်မြို့ လက်ခုတ်တန်းရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၃၀)ပြား၊ ဘိန်းဖြူ(၂၀)ဂရမ်၊ လောက်ကိုင်မြို့နယ်၊ ကာပူကျိုင်းကျေးရွာအနီး၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၀၀)ပြား၊ ဘိန်းဖြူ(၉)ဂရမ်၊ ချင်းရွှေဟော်မြို့အဝင် လောက်ကိုင်-ချင်းရွှေဟော်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ တာချီလိတ်မြို့နယ်၊ ဟိုနား(အာခါ) ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၈)ပြား၊ ICE (၁၂)ဂရမ်၊ ဘိန်း(၂၅၀)ဂရမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ နောင်မိုးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ အဆင့်နိမ့်ဘိန်း(၈.၃)ဂရမ်၊ တမူးမြို့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၁)ပြား၊ ဘိန်းဖြူ(၂.၄)ဂရမ်၊ Buprenorphine Tablet (၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဖောင်းပြင်မြို့နယ်၊ နောင်မနားကျေးရွာ၌ သတင်းအရ ဆိုင်ကယ်(၃)စီးအား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၅၀၀)ပြား၊ ဘိန်းဖြူ (၁၈၀.၇) ဂရမ်၊ ဆိုင်ကယ်(၃)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ ကန်ဖျားရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၇၅၇)ပြား၊ ကော့သောင်းမြို့နယ်၊ ရွှေပြည်စိုးကျေးရွာ၊ မြို့ပတ်(၂)လမ်း၌ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းစာမှုန့်(၈၅၁၀)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး ၊ဒိုက်ဦးမြို့နယ်၊ အုတ်ရှစ်ကုန်း အမြန်လမ်းမကြီး ရဲစခန်းမှ အမြန်လမ်းတွင် ယာဉ်မတော်တဆဖြစ်ပြီး ယာဉ်မောင်းတိမ်းရှောင်နေသည့် အမှုဖြင့်သိမ်းဆည်းထားသော Vigo ယာဉ်အားမသင်္ကာသဖြင့် စစ်ဆေး ရှာဖွေရာ ယာဉ်နောက်ခန်းအမိုးအတွင်းမှ ကပ်ခွာအိတ်များဖြင့်ထည့်ထားသည့် စိတ်ကြွဆေးပြား (၇၈၀၉၀၀) ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့် (၉၀၀) ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ ဒိုက်ဦး-ညောင်ခါးရှည်သွားကားလမ်းပေါ်၌ သတင်းအရ Nissan ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၇၆၀၀)ပြား၊ Ketamine(၁၈၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ လက်ပံတံခါး ကျေးရွာ၌ တရားခံအမျိုးသား (၃)ဦးထံမှ ဘိန်း(၃၅၉.၂၆)ဂရမ်၊ ဆေးခြောက်(၁၆.၃၃)ဂရမ်၊ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဇရပ်ကွင်း-လမ်းလယ်ကျစ် ကျေးရွာသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၃)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၇၆၉)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှတစ်ဆင့် နယူးဇီလန်နိုင်ငံသို့ ပို့ဆောင်မည့် ကုန်သေတ္တာများအား X-Ray စက်ဖြင့် စိစစ်ခဲ့ရာ စက္ကူပုံးအတွင်းမှ ICE(၉၄၃)ဂရမ်၊ ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊ အနော်ရထာလမ်း၊ (၂၇)လမ်းနှင့် (၂၈)လမ်းကြား၌ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက် (၁၆.၃၃)ဂရမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ သုံးပင်ကွင်းရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၅)ပြား၊ ဆိုင်ကယ်(၁)စီးအား လည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၃)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀)ပြား၊ ICE(၁၀၀၀)ဂရမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ ရန်တိုင်းအောင်ကျေးရွာနှင့် တွီဗန်ကျေးရွာကြား၊ တမူး-ကလေးသွား ကားလမ်းမပေါ်၌ ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား တရားခံအမျိုးသား(၁)ဦးထံမှ Buprenorphine Tablet (၈၁)ပြား၊ ခမ်းပါတ်မြို့ ထင်းဇင်ကျေးရွာအထွက် နမ့်စပါတံတားအနီး၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီးအား လည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၅)ခုရှိခဲ့ပြီး မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အဘော်ကျေးရွာလမ်းပေါ်၌ သတင်းအရ Pajero ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၅၀)ပြား၊ ပစ္စတိုသေနတ် (၁)လက်၊ ကျည်အိမ်(၁)ခု၊ ၉ မမကျည်(၇)တောင့်၊ မော်တော်ယာဉ် (၁)စီး၊ လမိုင်းမြို့နယ်၊ မော့ကနင်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅)ပြား၊ ဘိန်းစာရွက်(၃၃)ဂရမ်၊ တူမီးသေနတ်(၁)လက်၊ ခဲသီး(၈)လုံး၊ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ မယ်ခေါင်-စန်းလုရွာသွားကားလမ်းဘေး၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၅၉၅၅)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၄၀)ဂရမ်၊ ဘိန်းဖြူ(၈၀.၂) ဂရမ်၊ ဘိန်း(၁၀၀)ဂရမ်၊ တူမီးသေနတ် (၃)လက်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ အလယ်စခန်းကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၅)ပြား၊ တူမီးသေနတ်(၁)လက်၊ ကျွန်းစုမြို့နယ်၊ ရေအေး(အပြင်)ကျေးရွာ၌ သတင်းအရ ဝင်ရောက်ရှာဖွေရာ တရားခံမှာ ကြိုတင်တိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား (၇၆၀)ပြား၊ လေသေနတ်(၁)လက်အားလည်းကောင်း၊ လက်နက်ဖြင့် ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးရမိမှုဖြစ်စဉ် (၁)ခုရှိခဲ့ပြီး ကချင်ပြည်နယ်၊ နမ္မတီးမြို့ ကျွန်းကုန်းရပ်ကွက်၌ သတင်းအရ နေအိမ်အား ဝင်ရောက်စစ်ဆေး ဖော်ထုတ်ဖမ်းဆီးစဉ် တရားခံအမျိုးသား(၁)ဦးမှတူမီးသေနတ်ဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်သဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးရာ မစိုးရိမ်ရဒဏ်ရာရရှိပြီး ဘိန်းဖြူ(၀.၃)ဂရမ်၊ တူမီးသေနတ်(၁)လက်၊ ခဲသီး(၄၂)လုံး၊ ယမ်းမှုန့်(၂)ကျပ်သားတို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ် ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၂-၆-၂၀၁၉ ရက်နေ့မှ ၈-၆-၂၀၁၉ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း (၂၁၅)မှု၊ တရားခံကျား(၂၄၂)ဦး၊ မ(၄၄)ဦး၊ ပေါင်း(၂၈၆)ဦး၊ စိတ်ကြွဆေးပြား(၃၀၇၄၃၁၀)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁၁၄၀)ဂရမ်၊ ဘိန်းဖြူ(၂၁၉၆.၃၀၃၃)ဂရမ်၊ ICE(၁၉၆၃)ဂရမ်၊ ဘိန်း(၄၇၉၃.၇၃) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၁၃.၄)ဂရမ်၊ ဘိန်းစာမှုန့်(၈၅၅၀)ဂရမ်၊ ဘိန်းစာရွက်(၅၀၆၅၆)ဂရမ်၊ ဘိန်းဆီခဲ(၂၀)ဂရမ်၊ ဆေးခြောက်(၅၄.၀၆) ဂရမ်၊ Buprenorphine Tablet(၁၃၁)ပြား၊ Ketamine(၁၈၀၀၀)ဂရမ်၊ သေနတ်မျိုးစုံ(၈)လက်၊ ကျည်အိမ်(၁)ခု၊ ၉ မမကျည်(၇)တောင့်၊ ခဲသီး(၅၀)လုံး၊ ယမ်းမှုန့်(၂)ကျပ်သားတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေး အပ်ပါသည်-

ဆက်သွယ်ရန်-

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၃၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၃၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဌာန်း

တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ
(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၂၁ ။)
၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (က)၊ ပုဒ်မ ၃ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၈ ပုဒ်မခွဲ (၂) ၏ ခြေဆင်း၊ ပုဒ်မ ၈ ပုဒ်မခွဲ (၂) ပုဒ်မခွဲငယ်(က) နှင့် (ခ)၊ ပုဒ်မ ၈ ပုဒ်မခွဲ (၅) နှင့် (၆)၊ ပုဒ်မ ၉ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၉ ပုဒ်မခွဲ(၂)ပုဒ်မခွဲငယ် (ခ)၊ (ဂ)နှင့် (ဃ)၊ ပုဒ်မ ၁၀ ပုဒ်မခွဲ (၁) နှင့် (၂)၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၃ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၁၃ ပုဒ်မခွဲ (၃) ပုဒ်မခွဲငယ် (က)၊ ပုဒ်မ ၁၃ ပုဒ်မခွဲ (၅)၊ ပုဒ်မ ၁၄ ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ် (ခ)၊ ပုဒ်မ ၁၅ ပုဒ်မခွဲ (စ) နှင့် ပုဒ်မ ၁၆ တို့တွင် ပါရှိသော "တရားလွှတ်တော်" ဆိုသည့်စကားရပ်များကို "ပြည်ထောင်စုတရားလွှတ်တော်ချုပ်" ဆိုသည့် စကားရပ်ဖြင့်အသီးသီးအစားထိုးရမည်။

၃။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေတွင်ပါရှိသော "ရှေ့နေချုပ်" ဆိုသည့် စကားရပ်များကို "ပြည်ထောင်စုရှေ့နေချုပ်" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(၂) တွင်ပါရှိသော "ရန်ကုန်မြို့" ဆိုသည့်စကားရပ်ကို "နေပြည်တော်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ တရားလွှတ်တော်ရှေ့နေများကောင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က)	ပြည်ထောင်စုရှေ့နေချုပ်၊	ဥက္ကဋ္ဌ
(ခ)	ပုဒ်မခွဲ(င)အရ ရွေးကောက်တင်မြှောက်ခံရသည့် တရားလွှတ်တော်ရှေ့နေများက ယင်းတို့ထဲမှ ရွေးကောက်တင်မြှောက်သည့် တရားလွှတ်တော်ရှေ့နေ တစ်ဦး၊	ဒုတိယဥက္ကဋ္ဌ
(ဂ)	ပြည်ထောင်စုတရားသူကြီးချုပ်က အမည်စာရင်းတင်သွင်းသောပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးနှစ်ဦး၊	အဖွဲ့ဝင်များ
(ဃ)	ဒုတိယရှေ့နေချုပ်၊	အဖွဲ့ဝင်
(င)	တရားလွှတ်တော်ရှေ့နေများက သတ်မှတ်ချက်နှင့်အညီရွေးကောက် တင်မြှောက်သည့်တရားလွှတ်တော် ရှေ့နေလုပ်သက် အနည်းဆုံး ၁၅ နှစ်ရှိ တရားလွှတ်တော်ရှေ့နေ ၁၁ ဦး၊	အဖွဲ့ဝင်များ
(စ)	ပုဒ်မခွဲ (င)အရ ရွေးကောက်တင်မြှောက်ခံရသည့်တရားလွှတ်တော်ရှေ့နေများက ယင်းတို့ထဲမှ ရွေးကောက်တင်မြှောက်သည့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ပြီးသူမှအပ ဖြစ်သည့် တရားလွှတ်တော်ရှေ့နေ တစ်ဦး။	အတွင်းရေးမှူး

၆။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၅ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ပါကိစ္စရပ်များအတွက် တရားလွှတ်တော်ရှေ့နေများကောင်စီ၏ သဘောထားမှတ်ချက်ကို ရယူ၍ ဤ အက်ဥပဒေနှင့်အညီ နည်းဥပဒေများထုတ်ပြန်နိုင်သည် -

(က) တရားလွှတ်တော်ရှေ့နေများကောင်စီတွင် အဖွဲ့ဝင်များအဖြစ် တရားလွှတ်တော်ရှေ့နေများထဲမှ ရွေးကောက်တင်မြှောက်နိုင်ရန် ရွေးကောက်ပွဲကျင်းပခြင်းနှင့် လစ်လပ်နေရာ ဖြည့်စွက်ခြင်း နည်းလမ်းများ၊

(ခ) ရွေးကောက်ပွဲကျင်းပရာတွင် ပေါ်ပေါက်သည့် အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ဆောင်ရွက်မည့် နည်းလမ်းများ၊

(ဂ) တရားလွှတ်တော်ရှေ့နေများကောင်စီတွင် ရာထူးအလျောက် အဖွဲ့ဝင်ဖြစ်သူမဟုတ်သည့် အမည်စာရင်းတင်သွင်းခံရသူနှင့် ရွေးကောက်ခံရသူများ၏ ရာထူးသက်တမ်းသတ်မှတ်ခြင်း၊

(ဃ) တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေးများကျင်းပခြင်းနှင့်အစည်းအဝေးအထမြောက်ခြင်းကိစ္စရပ်များ၊

(င) တရားလွှတ်တော်ရှေ့နေများကောင်စီဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရွေးကောက်တင်မြှောက်ခြင်းနှင့် ရာထူးသက်တမ်း သတ်မှတ်ခြင်း။"

၇။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၇ ၏ ခြေဆင်းကို အောက်ပါအတိုင်းအစားထိုးရမည် -

"၇။ တရားလွှတ်တော်ရှေ့နေများကောင်စီသည် ဤအက်ဥပဒေနှင့် ဤအက်ဥပဒေအရထုတ်ပြန်ထားသည့် နည်းဥပဒေများနှင့်အညီ အောက်ပါကိစ္စရပ်များအတွက် အမိန့်ကြော်ငြာစာများထုတ်ပြန်နိုင်သည်-"

၈။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၈။(၁) ဤအက်ဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားလွှတ်တော်ရှေ့နေများစာရင်းတွင် စာရင်းသွင်းထားခြင်းမရှိလျှင် မည်သူမျှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တရားလွှတ်တော်တို့တွင် လိုက်ပါဆောင်ရွက်ခွင့် မရှိစေရ။"

၉။ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၉ တွင် ပါရှိသော "နည်းဥပဒေများ" ဆိုသည့်စကားရပ်၏နောက်တွင် "အမိန့်ကြော်ငြာစာ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၀။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (၂) တွင် ပါရှိသော "တရားလွှတ်တော်တရားသူကြီးချုပ်" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စု တရားသူကြီးချုပ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၁၄ တွင်-

(က) ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ်(က)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တရားလွှတ်တော်တို့တွင်"

(ခ) ပုဒ်မခွဲ(၂)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(၂) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပုဒ်မ ၁၅ အရ နည်းဥပဒေများထုတ်ပြန်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တရားလွှတ်တော်တို့တွင် လိုက်ပါဆောင်ရွက်ခွင့်ပြုနိုင်သော တရားလွှတ်တော်ရှေ့နေများလိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ရမည်။ အဆိုပါတရားလွှတ်တော်ရှေ့နေများသည် ယင်းစည်းကမ်းချက်များနှင့်အညီမှတစ်ပါး အမှုလိုက်ပါဆောင်ရွက်ခွင့်မရှိစေရ။"

၁၂။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၁၅ တွင် -

(က) ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ပါကိစ္စရပ်များအတွက် တရားလွှတ်တော်ရှေ့နေများကောင်စီ၏ သဘောထားမှတ်ချက်ကိုရယူ၍ ဤအက်ဥပဒေနှင့်အညီ နည်းဥပဒေများထုတ်ပြန်နိုင်သည် -"

(ခ) ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တို့တွင် တရားလွှတ်တော်ရှေ့နေများ အမှုလိုက်ပါဆောင်ရွက်ရာတွင်လိုက်နာရမည့် စည်းကမ်းချက်များ"

(ဂ) ဘေးမှတ်စုကိုအောက်ပါအတိုင်းအစားထိုးရမည် -

"တရားလွှတ်တော်ရှေ့နေများ၏ အခွင့်အရေးနှင့်တာဝန်များ"

၁၃။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၉။ တရားလွှတ်တော်ရှေ့နေများကောင်စီသည် နေပြည်တော်တွင် ရုံးစိုက်သည်။"

၁၄။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၁၉ ၏နောက်တွင် ပုဒ်မ ၂၀၊ ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၂ တို့ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"၂၀။ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် တရားလွှတ်တော်ရှေ့နေများကောင်စီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၂၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်သည် တရားလွှတ်တော်ရှေ့နေများကောင်စီရုံးအဖွဲ့ကို တာဝန်ခံရမည်။

၂၂။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် တရားလွှတ်တော်ရှေ့နေများ ကောင်စီဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တက္ကသိုလ်များဓမ္မာရုံ၌ တစ်ရက်အထူးတရားစခန်း ဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၁၀

ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးမြင့်အောင်က တစ်ရက်အထူးတရားစခန်းကို ဇွန် ၂၉ ရက် (စနေနေ့) နံနက် ၈ နာရီ မှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်းရှိ ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အမိတက္ကသိုလ်ကြီးမှ ပညာရည်နို့သောက်စို့ခဲ့ပြီးသော ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများအား ကျေးဇူးဆပ်သည့်တရားပွဲဖြစ်ပြီး တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများနှင့် ခုနစ်ရက်သားသမီးများအား ဗုဒ္ဓနည်းလမ်းကျ လွယ်ကူရိုးရှင်းသောနည်းဖြင့် ဘဝတစ်ခု၌ တန်ဖိုးရှိအောင် နေထိုင်တတ်ရေး၊ သောကကင်းဝေးနေနိုင်ရေး၊ နိဗ္ဗာန်မျက်မှောက်ပြုနိုင်ရေးနှင့် ဘဝနိဂုံးသေခါနီး ရှုမှတ်ရမည့် နည်းလမ်းများကို တစ်ရက်အထူးတရားစခန်း ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးမြင့်အောင် (A.G.T.I (MT), B.E Mech. M.O.T 1st Class Part A) က ဟောကြားပြသသွားမည်ဖြစ်ကြောင်း သိရသည်။

တစ်နေ့တာအာဟာရဒါနများအဖြစ် အပူ၊ အအေး၊ မုန့်မျိုးစုံ၊ ဘေးမဲ့မေတ္တာအာဟာရဆွမ်းတို့ဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ တရားစာရွက်စာတမ်းစာအုပ်များ ပြည့်စုံအောင် လှူဒါန်းပေးခြင်း ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါ အလှူတို့တွင် အတူတကွ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

Documentary Film နှင့် Animation ပေါင်းစပ်ခြင်းဆိုင်ရာ ရုပ်ရှင်အထူးပြုသင်တန်း ဗဟန်းမြို့နယ်၌ ဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၁၀

Documentary Film နှင့် Animation ပေါင်းစပ်ခြင်းဆိုင်ရာ ရုပ်ရှင်အထူးပြုသင်တန်းကို ဇွန် ၁၄ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ် (၅၀) ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ပြခန်းမ၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ သင်တန်းကို ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ ရန်ကုန်ရုပ်ရှင်ကျောင်း (yfs) နှင့် ဩစတြေးလျနိုင်ငံသံရုံးတို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး ဩစတြေးလျနိုင်ငံ EoR Media: Enemies of Reality Films ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ Marisa Matrin က Documentary Film ရိုက်ကူးထုတ်လုပ်မှုများတွင် အတိတ်အကြောင်းအရာများ၊ စိတ်ကူးစိတ်သန်းများနှင့် အရှိအတိုင်းရိုက်ကူးရန် မလွယ်ကူသော အရုပ်များအတွက် Animation ပြုလုပ်ကာ အစားထိုးတင်ဆက်နိုင်သည့် Documentary Film နှင့် Animation ပေါင်းစပ်ခြင်းဆိုင်ရာ သဘောတရားများကို သင်ကြားပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

(၅) ကြိမ်မြောက် မြန်မာ-တရုတ်စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မတီ အစည်းအဝေးကျင်းပမည်

နေပြည်တော် ဇွန် ၁၀

(၅)ကြိမ်မြောက် မြန်မာ-တရုတ်စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မတီ အစည်းအဝေး (5th China-Myanmar Joint Committee Meeting on Economic, Trade and Technical Cooperation) ကို ဇွန် ၁၂ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မောင်လူမော်

အိုလံပစ်နေ့အထိမ်းအမှတ် လျှပ်တစ်ပြက် တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် လျှပ်တစ်ပြက်တင်းနစ် ပြိုင်ပွဲကို ဇွန် ၂၂ ရက် (**စနေနေ့**) နံနက် ၈ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်းရှိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားမှာ နှစ်ယောက်တွဲပြိုင်ပွဲဖြစ်ပြီး အုပ်စု (A)၊ (B) ခွဲခြားထားကာ ပြိုင်ပွဲဝင် ကျား/မ အားကစားသမားများကို မဲစနစ်ဖြင့်တွဲပေးယှဉ်ပြိုင်စေမည်ဖြစ်သည်။

အသက်ကန့်သတ်ချက်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲအပြီးတွင် ဆုများ ချီးမြှင့်မည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း- ၀၉-၂၅၄၂၇၂၂၃၄၊ ၀၉-၂၅၀၁၈၇၀၄၀ သို့ ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်း သိရသည်။

အောင်သူရ

တောင်ငူခရိုင် ပြန်/ဆက်နှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးပေါင်း၍ ရွေ့လျားစာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများပြုလုပ်

တောင်ငူ ဇွန် ၁၀

ကလေးငယ်များစာဖတ်စွမ်းရည် တိုးတက်မြင့်မားလာစေရေး အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တောင်ငူခရိုင်ရုံးနှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးပေါင်း၍ တောင်ငူမြို့ရှိ ကွင်းကျောင်းနှင့် ကောင်းမှုတော် အခြေခံပညာ မူလတန်းလွန်ကျောင်းတို့တွင် ရွေ့လျားစာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို ယနေ့နံနက်ပိုင်းမှ စတင်ပြုလုပ်သည်။

ရှေးဦးစွာ အဆိုပါကျောင်းအတွင်းရှိ ကျောင်းသား ကျောင်းသူများအား တက်ကြွလှုပ်ရှားမှုဖြစ်စေရန် ကဗျာများ ရွတ်ဆို၍ ကိုယ်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ပေးခဲ့ကြပြီး ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (SVA)၊ တောင်ငူခရိုင်ရုံးနှင့် သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်ရုံးတို့မှ မြို့နယ်ဦးစီးမှူးနှင့် လက်ပံတန်းမြို့နယ်မှ စာကြည့်တိုက် လက်ထောက်-၃ တို့က "ရောမမုန်လာဥကြီး" ပုံပြင်၊ "မစ္စတာကန်းဖီးခရီးထွက်ခြင်း" ပုံပြင်၊ "ကုရိ-ကုရာ" ပုံပြင်၊ "ဘုတ်ပြားပြဇာတ်ဖြင့် လ၏ အရသာ"၊ စက္ကူပြဇာတ်ဖြင့် "မိအေးချက်တဲ့ဟင်းတစ်ခွက် "၊ "သဘာဝလက်ဆောင်သုံးရာသီ" ပုံပြင်တို့ဖြင့် ပုံပြင်ပြောခြင်း အစီစဉ်များပြုလုပ်ရာ ကျောင်းသားကျောင်းသူများက စိတ်ဝင်တစားနားထောင်ကြည့်ရှုကြပြီးနောက် ရွေ့လျားစာကြည့်တိုက် သုံးဘီးယာဉ်ပေါ်ရှိစာအုပ်များကို စိတ်ဝင်တစား ဖတ်ရှုခဲ့ကြသည်။

ဆက်လက်ပြီး အဆိုပါ ကျောင်းများရှိ ကျောင်းသား ကျောင်းသူများငှားရမ်းဖတ်ရှုနိုင်ရန် ရွေ့လျားစာကြည့်တိုက် သုံးဘီးယာဉ်ပေါ်ရှိ စာအုပ် ၁၁၇ အုပ်အားစာအုပ်ပုံးအတွင်း ထည့်သွင်းကာစာကြည့်တိုက်တာဝန်ခံဆရာ၊ ဆရာမထံ တစ်လ ငှားရမ်းရန် လွှဲပြောင်းပေးအပ်သည်။

ကျောင်းရှိကလေးငယ်များ ရွေ့လျားစာကြည့်တိုက် ဝန်ဆောင်မှုရရှိခြင်းဖြင့် စာဖတ်စွမ်းရည်များ တိုးတက်မြင့်မား လာစေခြင်း၊ ဆရာဆရာမများက စာအုပ်များကို သင်ထောက်ကူ ပစ္စည်းအနေဖြင့် ပြန်လည်အသုံးချနိုင်ခြင်း၊ ကလေးငယ်များ၏ စာဖတ်ခြင်းအလေ့အထများ ပိုမိုမြှင့်တင်ပေးနိုင်ခြင်း ၊ ပုံပြင် နားထောင်၍ ပြန်ပြောတတ်စေခြင်း၊ စာအုပ်များငှားရမ်းဖတ်ရှုလိုစိတ်များဖြစ်ပေါ်သည့် အလေ့အထကောင်းများ ဖြစ်စေနိုင်သည်ဟု ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (SVA) မှ ဒါရိုက်တာ Aki Nakahara က ပြောကြားသည်။

တောင်ငူခရိုင်၌ ရွေ့လျားစာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းကို ၂၀၁၉ ခုနှစ် ဇွန် ၁၀ ရက်မှ စတင်၍ တောင်ငူခရိုင်တွင်းရှိ တောင်ငူမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ဇွန် ၁၁ ရက်တွင် အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ် ဇွန် ၁၂ ရက်တွင် ဖြူးမြို့နယ်နှင့် ကျောက်ကြီးမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (SVA)၏ ပံ့ပိုးမှုဖြင့် ရွေ့လျားစာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများအား ပြုလုပ်သွားမည်ဖြစ်သည်။

ရွေ့လျားစာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများကို မြို့နယ်တစ်မြို့နယ်စီအလိုက် တစ်နှစ်တာအတွင်း ကျောင်း ၁၅ ကျောင်းရွေးချယ်ထားပြီး တစ်လလျှင် ကျောင်းငါးကျောင်းရှိ မူလတန်းအဆင့် ကလေးငယ်များအား အဓိကထား ဦးစားပေးကာ ရွေ့လျားစာကြည့်တိုက် ဝန်ဆောင်မှု သုံးဘီးယာဉ်ဖြင့် ဂျပန်နိုင်ငံမှ လှူဒါန်းသည့် စာအုပ်များ ၊ ထိုင်းနိုင်ငံမှ ဝယ်ယူသည့် ကလေးရုပ်ပြစာအုပ်များ၊ ရန်ကုန်မှထုတ်ဝေသည့် ကလေးရုပ်ပြစာအုပ်များ ၊ SVA မှ ထုတ်ဝေသည့် စာအုပ်များကို ငှားရမ်းဖတ်ရှုစေခြင်း၊ ရုပ်ပုံပါ စာအုပ်ဖြင့် ပုံပြောခြင်း၊ ဘုတ်ပြားပြဇာတ်နှင့်စက္ကူပြဇာတ်တို့ဖြင့် ပုံပြင်ပြောခြင်း အစီအစဉ်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးအရာရှိ ဒေါ်စမ်းစမ်းအေးက ပြောကြားသည်။

ခရိုင်(ပြန်/ဆက်)

ရွေ့လျားစာကြည့်တိုက်မှ စာအုပ်စာပေများအား ကျောင်းသားကျောင်းသူများ ငှားရမ်းဖတ်ရှုလေ့လာကြစဉ်။

ရေတာရှည်မြို့နယ်တွင် ရွေ့လျားစာကြည့်တိုက်နှင့် စာငှားဝန်ဆောင်မှုလုပ်ငန်းများစတင်ဆောင်ရွက်

ရေတာရှည် ဇွန် ၁၀

ကလေးများစာဖတ်သည့်အလေ့အကျင့်ကောင်းများဖြစ်ပေါ်စေရန် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံအခြေစိုက် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့(SVA) တို့ ပူးပေါင်း၍ ရွေ့လျားစာကြည့်တိုက်နှင့် စာငှားဝန်ဆောင်မှုလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်တွင် ယနေ့မှ စတင်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးစုစံနှင့်ဝန်ထမ်းများသည် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (SVA) မှ မစ္စ ယုစံ ဦးစီးသည့်အဖွဲ့တို့ ပူးပေါင်း၍ ရွေ့လျားစာကြည့်တိုက် ယာဉ်ငယ်အဖြစ် အသုံးပြုသည့် သုံးဘီးဆိုင်ကယ်ဖြင့် ရေတာရှည်မြို့ အမှတ် ၁ ရပ်ကွက်ရှိ အလက (ခွဲ) စာသင်ကျောင်း၌ လည်းကောင်း၊ အမှတ် ၄ ရပ်ကွက်ရှိ အလက(ခွဲ) ကျောင်းတွင်လည်းကောင်း စာအုပ်ကို ပြသ၍ ပုံပြင်ပြောခြင်း၊ စက္ကူပြဇာတ်၊ ဘုတ်ပြားပြဇာတ်တို့ဖြင့် ရှင်းလင်းပြောကြားခြင်း၊ ကိုယ်လက်လှုပ်ရှားမှုဖြင့် ကဗျာရွတ်ဆိုခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ကလေးများအား စာဖတ်စေခြင်းနှင့် တစ်လစာအတွက် စာအုပ်များငှားရမ်းပေးခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ရွေ့လျားစာကြည့်တိုက်နှင့် စာငှားဝန်ဆောင်မှုလုပ်ငန်းများအား တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ခြောက်ခုတွင် တစ်ပြိုင်တည်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သန်းလွင်

ရွေ့လျားစာကြည့်တိုက်နှင့် စာငှားဝန်ဆောင်မှုအစီအစဉ်ဖြင့် ကျောင်းသား ကျောင်းသူများအား ပုံပြောသရုပ်ပြသစဉ်။

ဆီးဂိမ်းတွင် ရွှေတံဆိပ်ရရှိသည့် ပြေးခုန်ပစ်ကစားသမားများအား တိုက်ခန်းတစ်ခန်းနှင့် ကားတစ်စီး ချီးမြှင့်မည်

ရန်ကုန် ဇွန် ၁၀

ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူပေးနိုင်သည့် ပြေးခုန်ပစ်အားကစားသမားများအား တိုက်ခန်းတစ်ခန်းနှင့် ကားတစ်စီးချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ သိရသည်။

"ကျွန်တော်တို့ ကစားသမားအနေနဲ့ ထိုက်တန်တဲ့ ဆုကြေးငွေရရှိမှသာ ဘဝရပ်တည်ရေး ခိုင်မာလာနိုင်မှာဖြစ်လို့ မျိုးဆက်သစ်ကစားသမားတွေလည်း ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ရွှေရဖို့က တကယ်မလွယ်တဲ့ကစားနည်းပါ။ မလွယ်လို့လည်းပေးတာ မဟုတ်ပါဘူး။ အားကစားလောက အားကစားနည်းတွေ အားကျလာအောင်၊ သူတို့ရဲ့ဘဝပြောင်းလဲသွားအောင် အဖွဲ့ချုပ် ဥက္ကဋ္ဌက တိုက်ခန်းတစ်ခန်း၊ ဒုတိယဥက္ကဋ္ဌ ကားတစ်စီးချီးမြှင့်သွားမှာ ဖြစ်ပါတယ်" ဟု အတွင်းရေးမှူး ဦးကျော်ထူးအောင်က ပြောသည်။

"ပြေးခုန်ပစ်အဖွဲ့ချုပ်အသစ်တာဝန်ယူတာ ခြောက်လရှိပြီ။ ဆီးဂိမ်းလေ့ကျင့်ရတဲ့အချိန်က နည်းသေးတယ်။ အခုနေပြည်တော်မှာ လူရွေးပွဲလုပ်နေတယ်။စခန်းသွင်းထားတာ ကစားသမား ၉၀ ကျော် ရွေးထားတယ်။ ဆန်ခါတင်လူရွေးပွဲမှာ အရင်နှစ် အရှေ့တောင်အာရှ စံချိန်ပေါ်မှာမူတည်ပြီး ရွေးမယ်။ ၁၊ ၂၊ ၃ ရတဲ့သူက နိုင်ငံတော်စရိတ်နဲ့ပေါ့။ ၄၊ ၅၊ ၆ ရတဲ့ သူက အဖွဲ့ချုပ်စရိတ်ပေါ့။ အတန်းမဝင်ဘူး။ အလားအလာရှိတဲ့ ကစားသမားကို အား/ကာ ဦးစီးဌာနနဲ့ညှိနှိုင်းပြီး စခန်းသွင်းသွားမှာ ဖြစ်တယ်။ ဒါကြောင့် အပိုင်း သုံးပိုင်းခွဲထားတာ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ အားကစားသမားများသည် နေပြည်တော်၌ ဇွန် ၁၉ ရက်တွင် ကွင်းတွင်းပြိုင်ပွဲများပြီးဆုံးပြီး ဇွန် ၂၁ ရက်တွင် မာရသွန် လူရွေးပွဲနှင့် ဇွန်လနောက်ဆုံးပတ်နှင့် ဇူလိုင်လပထမပတ်တွင် အပြီးသတ်လူစာရင်း ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

အာကာစိုး

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇွန် ၁၀

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ လောင်းလုံးမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ မြိတ်မြို့တွင် ၃ ဒသမ ၁၅ လက်မ၊ တောင်ကြီးမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၀၃ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ရွှေကျင်မြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ မာန်အောင်မြို့တွင် ၁ ဒသမ ၃၄ လက်မနှင့် ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၃၀ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

စဉ်	အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ	၂၀၁၈ ခုနှစ်၊ မေလ		၂၀၁၉ ခုနှစ်၊ မေလ		မှတ်ချက်
		ကမ္ဘာလှည့်	လုပ်ငန်း	ကမ္ဘာလှည့်	လုပ်ငန်း	
၁	ရန်ကုန်လေဆိပ်/ရေဆိပ်	၂၄၅၀၂	၁၇၃၇၇	၄၀၂၅၁	၁၅၉၇၇	
၂	မန္တလေးလေဆိပ်	၂၈၇၂	၃၁၁၈	၂၁၆၁၁	၄၀၁၈	
၃	နေပြည်တော်လေဆိပ်	၂၂၆	၃၀၀	၂၂၇	၃၄၄	
၄	မြိတ်လေဆိပ်	၀	၀	၀	၀	
၅	တာချီလိတ်	၃၉၃	၁၆၉	၃၉၅၉	၁၄၅	
၆	မြဝတီ	၉၅၈	၃၂၉	၉၄၉	၁၅၆၂	
၇	ကော့သောင်း	၁၁၃	၉၈	၂၀၇	၄၁	
၈	ထီးခီး	၁၄	၂၆	၂၄	၂၃	
၉	တမူး	၁၈	၈	၁၇၃	၁၃	
၁၀	ရိခေါဒါရ်	၀	၀	၉	၀	
စုစုပေါင်း		၂၉၀၉၆	၂၁၄၂၅	၆၇၄၁၀	၂၂၁၂၃	

အပြည်ပြည်ဆိုင်ရာလေဆိပ်/ရေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

စဉ်	လအမည်	၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်			၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်		
		ကမ္ဘာလှည့်	လုပ်ငန်း	စုစုပေါင်း	ကမ္ဘာလှည့်	လုပ်ငန်း	စုစုပေါင်း
၁	အောက်တိုဘာ	၄၆၆၉၃	၂၁၂၅၃	၆၇၉၄၆	၅၂၆၄၇	၂၁၀၀၅	၇၃၆၅၂
၂	နိုဝင်ဘာ	၆၃၅၂၉	၂၁၈၂၈	၈၅၃၅၇	၇၇၄၉၈	၂၁၄၈၂	၉၈၉၈၀
၃	ဒီဇင်ဘာ	၆၃၅၂၂	၁၉၆၁၉	၈၃၁၄၁	၈၂၄၇၄	၁၉၅၃၈	၁၀၂၀၁၂
၄	ဇန်နဝါရီ	၆၁၁၂၃	၂၀၄၈၅	၈၁၆၀၈	၉၃၁၂၅	၁၈၆၈၉	၁၁၁၈၁၄
၅	ဖေဖော်ဝါရီ	၅၇၄၅၀	၁၈၅၈၁	၇၆၀၃၁	၁၀၀၁၄၅	၂၃၉၄၉	၁၂၄၀၉၄
၆	မတ်	၅၁၄၆၁	၂၅၆၅၀	၇၇၁၁၁	၉၅၉၃၂	၂၃၆၉၃	၁၁၉၆၂၅
၇	ဧပြီ	၃၁၁၉၈	၂၀၃၉၂	၅၁၅၉၀	၇၁၁၄၈	၂၂၈၄၈	၉၃၉၉၆
၈	မေ	၂၉၀၉၆	၂၁၄၂၅	၅၀၅၂၁	၆၇၄၁၀	၂၂၁၂၃	၈၉၅၃၃
စုစုပေါင်း		၄၀၄၀၇၂	၁၆၉၂၃၃	၅၇၃၃၀၅	၆၄၀၃၇၉	၁၇၃၃၂၇	၈၁၃၇၀၆

Japa Fun Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် Asian Eleven အသင်းမှ မြန်မာနိုင်ငံကိုယ်စားပြု နည်းပြနှင့် ကစားသမားများ ဂုဏ်ပြုမိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၀

နိုင်ငံတကာချစ်ကြည်ရေး အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲဖြစ်သည့် Japa Fun Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် Asian Eleven အသင်းမှ မြန်မာနိုင်ငံ ကိုယ်စားပြုနည်းပြနှင့် ကစားသမား နှစ်ဦးအား ဂုဏ်ပြုမိတ်ဆက်ပွဲကို ယနေ့ နံနက်ပိုင်းက မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားပြီး ဂျပန် ဖောင်ဒေးရှင်းအာရှစင်တာမှ Mr.Koji Sato က ပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် နည်းပြနှင့် ကစားသမားနှစ်ဦးကို မိတ်ဆက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Ichiro Maruyama က အမှာစကားပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသည့် မီဒီယာများက သိလိုသည်များကို မေးမြန်းပြီး ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Ichiro Maruyama ၊ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိ သူများက နည်းပြ၊ ကစားသမားများနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက် ကြသည်။ **(အပေါ်ပုံ)**

ဂျပန်ဘောလုံးအဖွဲ့ချုပ်နှင့် ဂျပန် ဖောင်ဒေးရှင်း အာရှစင်တာတို့ ပူးပေါင်း ကျင်းပသည့် Japa Fun Cup ပြိုင်ပွဲ အဖြစ် အရှေ့တောင်အာရှ ယူ-၁၈ လက်ရွေးစင်အသင်းနှင့် ဂျပန် အရှေ့ မြောက်ပိုင်းဒေသ Tohoku ယူ-၁၈ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဇွန် ၂၂ ရက်တွင် ဂျပန်နိုင်ငံ၌ ကျင်းပမည် ဖြစ်သည်။ ယင်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် အရှေ့တောင်အာရှ ၁၁ နိုင်ငံမှ ယူ-၁၈ ကစားသမားနှစ်ဦးစီနှင့် နည်းပြတစ်ဦးစီ ရွေးချယ်ကာ အရှေ့တောင်အာရှ ယူ-၁၈ လက်ရွေးစင်အသင်းအဖြစ် ဖွဲ့စည်းမည် ဖြစ်ပြီး မြန်မာနိုင်ငံမှ နည်းပြအဖြစ် မြန်မာ ဘောလုံးအကယ်ဒမီ(မန္တလေး) နည်းပြ ဂျပန်နိုင်ငံသား တာကူမာ၊ ကစားသမား များအဖြစ် ယူ-၁၈ လက်ရွေးစင်ကစား သမားများဖြစ်သော ဂိုးသမား နေလင်းထက်နှင့် တိုက်စစ်မှူး ပြည့်ဖြိုး အောင်တို့ကို ရွေးချယ်ထားသည်။

ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

ကျော်ဖုံးမှ

ချန်ပီယံဖြစ်ခဲ့ပြီး မြဝတီအသင်းက ၃၅ မှတ်ဖြင့် ဒုတိယ၊ သစ္စာအားမာန်အသင်းက ၃၂ မှတ်ဖြင့် တတိယ၊ YREO အသင်းက ၂၂ မှတ်ဖြင့် စတုတ္ထ၊ အား/ကာ ဦးစီး ဌာနအသင်းက ၁၇ မှတ်ဖြင့် အဆင့် (၅)၊ ဖွဲ့ကပင်အသင်းက ၁၅ မှတ်ဖြင့် အဆင့်(၆)၊ ဂန္ဓမာအသင်းက ခြောက်မှတ်ဖြင့် အဆင့်(၇) ရခဲ့ပြီး တက္ကသိုလ်အသင်းက အမှတ်မရဘဲ ဇယားအောက်ဆုံး၌ ရပ်တည်ခဲ့သည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲမှာ သုံးရာသီမြောက် ကျင်းပပြီးစီးသွားပြီး မြဝတီအသင်းက နှစ်ကြိမ်၊ အား/ကာသိပ္ပံအသင်းက တစ်ကြိမ် ဗိုလ်စွဲခဲ့သည်။

မြဝတီနှင့် သစ္စာအားမာန်အသင်းတို့ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ တတိယဆုရ သစ္စာအားမာန်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေး ငွေကျပ် သိန်း ၅၀၊ ဒုတိယဆုရ မြဝတီအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေး ငွေကျပ် သိန်း ၁၀၀၊ ပထမဆုရ အား/ကာသိပ္ပံအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေး ငွေကျပ် သိန်း ၁၅၀ နှင့် ချန်ပီယံဆုဖလားတို့ကို အာရှဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးလိဂ် ကော်မတီဥက္ကဋ္ဌ ဦးလှဌေး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီး ဘောလုံးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စံပယ်ကြည်၊ AYA Bank ဒုတိယဥက္ကဋ္ဌ ဒေါ်ဌေးဌေးခိုင်၊ KBZ Bank Deputy Managing Director ဒေါ်မြင့်မြင့်ချိုနှင့် ဒေါ်စန်းစန်း (Win & San Co.,Ltd.)၊ ဒေါ်ရင်ရင်ရွှေ (New Star Co.,Ltd.)၊ အား/ကာသိပ္ပံ (ရန်ကုန်)ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ စိန်ဂေဟာကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးဝေယံလင်း၊ Super Power Co.,Ltd. မှ ဒေါ်မိမိနှင့် ဒေါ်နန္ဒာဝေဒီ၊ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ညီမြတ်သော်တာ

ကျော်ဖုံးမှ

ယနေ့ပွဲတွင်မူ ထင်သလောက် ခြေစွမ်း ပြသနိုင်ခြင်းမရှိပေ။ ပေါ်တူဂီအသင်းမှ ဘရူနိုဖာနန်ဒက်ဇ်၏ ကန်သွင်းချက်များ ကို နယ်သာလန်ဂိုးသမား ဆီလက်ဆန် ကာကွယ်နိုင်ခဲ့၍သာ နယ်သာလန် အသင်း စောစောစီးစီး ဦးဆောင်ဂိုးမပေး ခဲ့ရခြင်းဖြစ်သည်။ ပွဲကစားချိန် ဒုတိယပိုင်း အရောက်တွင် ကိုးမန်း၏ နယ်သာလန် အသင်းသည် ဘာဘယ်၏ နေရာကို ကွင်းစီ ပရမ်းစ်၊ ဘာ့ဂ်ဝင့်၏ နေရာကို ဗန်ဒီဘိခ်၊ ဒီရွန်၏ နေရာကို ဖရန့်ကီ ဒီဂျောင်တို့ဖြင့် လူစားလဲမှုများ ပြုလုပ်ခဲ့သော်လည်း ဂိုးရနိုင်လောက်သည်အထိ စွမ်းဆောင် နိုင်ခြင်းမရှိခဲ့ပေ။

ဂိုးသွင်းအများဆုံးဆုရရှိသည့် ခရစ္စတီယာနို ရော်နယ်ဒို ဆုလက်ခံယူစဉ်။

သုံးနှစ်အတွင်း ဒုတိယဖလား

ပေါ်တူဂီအသင်းသည် ယခုပွဲ အနိုင် ရရှိခဲ့မှုကြောင့် သုံးနှစ်အတွင်း အဓိက ဆုဖလားကို ဒုတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ပေါ်တူဂီအသင်းသည် ၁၉၉၈ ခုနှစ်တွင် ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့ သည့် ကမ္ဘာ့ဖလားဗိုလ်လုပွဲတွင် နာမည်ကြီး ဘရာဇီးအသင်းအား သုံးဂိုး ပြတ်ဖြင့် အနိုင်ရရှိခဲ့ကာ ကမ္ဘာ့ဖလား ဗိုလ်စွဲနိုင်ခဲ့ပြီးနောက် အိမ်ရှင်အဖြစ် ကျင်းပစဉ် ဖလားဆွတ်ခူးနိုင်သည့် ပထမဆုံး ဥရောပအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယင်းပွဲတွင် ဘောလုံးပိုင်ဆိုင်မှု ပေါ်တူဂီအသင်းက ၄၃ ရာခိုင်နှုန်းသာ ရှိခဲ့သော်လည်း ဂိုးကန်သွင်းမှုအပိုင်းတွင် ပေါ်တူဂီအသင်း က ၁၈ ကြိမ်အထိရှိခဲ့ပြီး နယ်သာလန်အသင်းက လေးကြိမ်သာ ရှိခဲ့သည်။ ဂိုးပေါက်တည့်မှုအပိုင်းတွင် လည်း ပေါ်တူဂီအသင်းက ခုနစ်ကြိမ် အထိရှိခဲ့ပြီး နယ်သာလန်အသင်းက တစ်ကြိမ်သာရှိခဲ့သည်။ နယ်သာလန် အသင်းသည် နိုင်ငံတကာပြိုင်ပွဲများတွင် ဗိုလ်လုပွဲကို ငါးကြိမ်အထိ တက်ရောက် နိုင်ခဲ့သော်လည်း လေးကြိမ်အထိ ရှုံးနိမ့် ခဲ့သည်။ ထို့အပြင် နယ်သာလန်အသင်း သည် ပေါ်တူဂီမြေတွင် ကစားသည့် ခြောက်ပွဲတွင် နိုင်ပွဲမရရှိဘဲ လေးပွဲရှုံးနိမ့် ပြီး နှစ်ပွဲ သရေကျထားသည်။

နယ်သာလန်ဂိုးသမား ဆီလက်ဆန် သည် နိုင်ငံအသင်းအတွက် ပွဲ ၅၀ ပြည့် မြောက်သည့် ပဉ္စမမြောက် ဂိုးသမား အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ဂိုးသွင်း အများဆုံးဆုကို ခရစ္စတီယာနိုရော်နယ်ဒို က ရရှိခဲ့ပြီး ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ကစားသမားဆုကို ဘာနာဒိုဆေးလ်ဗားက ရရှိခဲ့သည်။ ပြိုင်ပွဲ တစ်လျှောက် အကောင်းဆုံး လူငယ် ကစားသမားဆုကိုတော့ နယ်သာလန် အသင်းမှ ဖရန့်ကီ ဒီဂျောင်က ရရှိ ခဲ့သည်။

တတိယဆု အင်္ဂလန်

နေရှင်းလိဂ်၏ တတိယနေရာကို အင်္ဂလန်အသင်းက ဆွစ်ဇာလန်အသင်း ကို ပယ်နယ်တီအဆုံးအဖြတ် ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရပြီး ရယူနိုင်ခဲ့သည်။

ယူအီးအက်ဖ်အေက ထုတ်ပြန်လိုက် သည့် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ကစားသမား ၁၁ ဦး စာရင်းတွင် ဂိုး-ပစ်ဖို့ဒ်(အင်္ဂလန်)၊ နောက်တန်း - ဒီလစ် (နယ်သာလန်)၊ ရူဗင်ဒီးယက်စ် (ပေါ်တူဂီ)၊ ရာဖေးလ် ဂွီရဲရိုး (ပေါ်တူဂီ)၊ အကန်ဂျီ(ဆွစ်ဇာလန်)၊ ကီဗင် အမ်ဘာဘူ(ဆွစ်ဇာလန်)၊ အလယ်တန်း-ဖရန့်ကီ ဒီဂျောင် (နယ်သာလန်)၊ မာတင် ဒီရွန်(နယ်သာလန်)၊ ဘာနာဒို ဆေးလ်ဗား(ပေါ်တူဂီ)၊ ရှေ့တန်း - မက်ဖစ် ဒီပိုင်း(နယ်သာလန်)နှင့် ခရစ္စတီယာနို ရော်နယ်ဒို(ပေါ်တူဂီ) တို့ ပါဝင်ကြသည်။

အောင်ဇော်

အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ အလေးမပြိုင်ပွဲများအတွက် လူရွေးပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၀

အိုလံပစ်နေ့အထိမ်းအမှတ်ပြိုင်ပွဲ၊ အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာအလေးမပြိုင်ပွဲများအတွက် လက်ရွေးစင်အလေးမ အားကစားသမားများ ရွေးချယ်ပွဲကို ဇွန် ၂၆ရက်တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင်အမျိုးသမီး ၄၅၊ ၄၉ ၊ ၅၅ ကီလိုတန်း စုစုပေါင်း ၁၄၀ ကီလိုဖြင့် လည်းကောင်း၊ ၅၉ ၊ ၆၄ ၊ ၇၁ နှင့်အထက် ကီလိုတန်းများအတွက် စုစုပေါင်း ၁၆၀ ကီလို ဖြင့်လည်းကောင်း၊ အမျိုးသား ၅၅၊ ၆၁ ၊ ၆၇ ကီလိုတန်းများအတွက် စုစုပေါင်း ၂၃၀ ကီလိုတန်းဖြင့် လည်းကောင်း၊ ၇၃ နှင့်အထက် ကီလိုတန်းများအတွက် စုစုပေါင်း ၂၅၀ ကီလိုဖြင့်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသော အားကစားသမားများသည် ဇွန် ၂၁ ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ရုံး အီးမေးလ် mwf1946.mm@gmail.com သို့ ဖြစ်စေ၊ စာရင်းပေးသွင်းနိုင်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၉၇၂၃၉၉၉၈၈ သို့ ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **အာကာစိုး**

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

အမျိုးသမီးကမ္ဘာ့ဖလား ဘရာဇီးနှင့် အင်္ဂလန်အသင်းတို့ အနိုင်ရ

၂၀၁၉ အမျိုးသမီးကမ္ဘာ့ဖလားပွဲစဉ်များကို ဇွန် ၉ ရက်က ဆက်လက်ကျင်းပရာ နာမည်ကြီး ဘရာဇီးအသင်းက ဂျမေကာအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့ပြီး အင်္ဂလန်အသင်းကလည်း စကော့တလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ ခဲ့သည်။

ဝမ်ဘစ်ဆာကာအတွက် ကမ်းလှမ်းမှုတစ်ရပ် ခရစ္စတယ်ပဲလေ့စ် ပယ်ချ

မန်ယူအသင်းသည် အင်္ဂလန်ယူ-၂၁ နောက်ခံကစားသမား ဝမ်ဘစ်ဆာကာ (၂၁ နှစ်)အတွက် ပေါင်သန်း ၄၀ ဖြင့် ကမ်းလှမ်းမှုတစ်ရပ်ကို ခရစ္စတယ်ပဲလေ့စ် အသင်းက ပယ်ချလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ခရစ္စတယ် ပဲလေ့စ်အသင်းသည် အဆိုပါကစားသမားအတွက် ပေါင်သန်း ၆၀ အလိုရှိနေ ကြောင်းလည်း ဖော်ပြထားသည်။

ဆီဆက်ဂ်နွန်အား ကမ်းလှမ်းဖွယ်ရှိသည့် တော့တင်ဟမ်

တော့တင်ဟမ်အသင်းသည် ဖူလ်ဟမ်အသင်းမှ အင်္ဂလန်ယူ-၂၁ ကစားသမား ရိုင်ယန်ဆီဆက်ဂ်နွန် (၁၉ နှစ်)အား အပြောင်းအရွှေ့ကာလတွင် ကမ်းလှမ်းသွား ဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဆာလီဘာအား ခေါ်ယူလိုနေသည့် အာဆင်နယ်

အာဆင်နယ်အသင်းသည် စိန့်အက်တီယန်အသင်းမှ ပြင်သစ်နောက်ခံ ကစားသမား ဝီလီယံဆာလီဘာ (၁၈ နှစ်)အား ခေါ်ယူလိုနေသော်လည်း စိန့်အက်တီယန်အသင်းက လာမည့်ရာသီတွင် အဆိုပါကစားသမားအား ဆက်ပြီး အငှားချလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဆန်ဆွန်အား ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိနေသည့် ဝက်စ်ဟမ်း

ဝက်စ်ဟမ်းအသင်းသည် မာဆေးလ်အသင်းမှ ပြင်သစ်ယူ-၂၁ ကွင်းလယ်ကစား သမား မော်ဂန် ဆန်ဆွန် (၂၄ နှစ်)အား ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်လျက် ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဝက်စ်ဟမ်းအသင်း၏ ပစ်မှတ်ဖြစ်လာသည့် မီထရိုဗစ်

ဖူလ်ဟမ်နှင့် ဆားဘီးယားတိုက်စစ်ကစားသမား မီထရိုဗစ် (၂၄ နှစ်) သည် ဝက်စ်ဟမ်းအသင်း၏ ပစ်မှတ်တစ်ခုဖြစ်လာကြောင်း ဒေးလီးမေးတွင် ဖော်ပြ ထားသည်။ **အောင်ဇော်**

ကျော်ဖုံးမှ

အားလုံးသိကြမှာပါ။ ဒါကြောင့် အခုခြေစမ်းပွဲပရိသတ်တွေအတွက် ပွဲကောင်း တစ်ပွဲ၊ ပွဲချိန်တစ်လျှောက်လုံး စိတ်လှုပ်ရှားစရာ အကောင်းဆုံးပွဲဖြစ်လာမှာပါ” ဟု ပြောကြားခဲ့သည်။

စင်ကာပူအသင်းနည်းပြချုပ် ဂျပန်လူမျိုး တက်ဆုမာက “ပြီးခဲ့တဲ့ ဆော်လမွန် ကျွန်းစုအသင်းကို အနိုင်ရတဲ့ ခြေစမ်းပွဲကတော့ အသင်းသားအားလုံးအတွက် စိတ်ဓာတ်တက်ကြွစရာ ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့်လည်း အသင်းမှာ အားနည်းချက် တွေရှိနေဆဲဆိုတာ ဝန်ခံပါတယ်။ ကျွန်တော့်အနေနဲ့ အသင်းကို စတင်တည်ဆောက် ဆဲကာလဖြစ်တဲ့အတွက် သူတို့ကို စိတ်ဓာတ်မြှင့်တင်ပြီးတော့ ပုံစံကောင်းတစ်ခု ရအောင် တည်ဆောက်မှာပါ။ ပြိုင်ဘက်မြန်မာအသင်း နည်းပြအနေနဲ့လည်း သူ့အတွက် ပွဲဦးထွက်ပွဲဖြစ်တဲ့အတွက် ဒီလိုပဲနေမှာပါ။ ကျွန်တော်တို့ လေ့ကျင့်မှုတွေ လိုပါတယ်၊ အချိန်တွေလိုပါတယ်။ ပြိုင်ဘက်မြန်မာအသင်းအကြောင်း ပြောရမယ် ဆို သူတို့ ကစားသမားတွေရော ကစားဟန်ရော လျင်မြန်တယ်။ နည်းစနစ်ကောင်း တယ်”ဟု ပြောကြားခဲ့သည်။

စင်ကာပူအသင်းနှင့် မြန်မာအသင်းတို့၏ ခြေစမ်းပွဲကို ဇွန် ၁၁ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင် စင်ကာပူနိုင်ငံရှိ အမျိုးသား အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် ပတူကောင်တုပ်၍ အမျိုးသမီးတစ်ဦးသေဆုံး

ရန်ကုန် ဇွန် ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် ဇွန် ၈ ရက် ညနေ ၅ နာရီခန့်က (၃၂)ရပ်ကွက် မြခင်းသာလမ်းနှင့် ဦးကြင်ဥ လမ်းထောင့်တွင် ပတူကောင်များ တုပ်၍ အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ပတူအုံအား မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှင်းလင်းကြစဉ်။

ဖြစ်စဉ်မှာ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက် ဦးကြင်ဥ (၃)လမ်းနေ ဒေါ်အေးအေးသန်းသည် မြခင်းသာလမ်းနှင့် ဦးကြင်ဥ လမ်းထောင့်သို့ ဖြတ်သွားစဉ် ကလေးများမှ လမ်းထောင့်ရှိ ကုက္ကိုလ်ပင်အခေါင်းအတွင်းရှိ ပတူအုံအား ခဲဖြင့် ပစ်ပေါက်ထွက်ပြေးစဉ် လမ်းလျှောက်လာသော ဒေါ်အေးအေးသန်းနှင့် ကလေးတစ်ဦးအား တုပ်မိခြင်းဖြစ်ကြောင်း သိရသည်။

ဒေါ်အေးအေးသန်းမှာ မျက်နှာနှင့် ခြေထောက်တို့တွင် ပတူကောင်များ တုပ်ခံရပြီး အိမ်ပြန်သွားကာ ပတူကောင်တုပ်သည့် နေရာများကို ဒဏ်ကြေလိမ်းဆေးလူးခဲ့ပြီးနောက် ဇွန် ၉ ရက် ညနေ ၅ နာရီခွဲခန့်တွင် ဒေါ်အေးအေးသန်းမှာ သေဆုံးသွားကြောင်း သိရသည်။

အဆိုပါ ပတူအုံအား မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ နာရေးကူညီမှုအသင်း (ရန်ကုန်) နှင့် ရပ်ကွက်နေ ပြည်သူများက ညတွင်းချင်း ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ရေဦးမြို့နယ်၌ နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံး

ရေဦး ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ဗိုလ်ရုံကျေးရွာတွင် ဇွန် ၁၀ရက် နံနက် ၁ နာရီ မိနစ် ၂၀ က ဒေါ်ငွေခိုင်၏ နေအိမ်အတွင်းရှိ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးသွားကြောင်း ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး ဦးအေးမြင့်ထံမှ သိရသည်။

အဆိုပါမီးလောင်ရာသို့ ရေဦးမြို့နယ်မီးသတ်စခန်းတာဝန်ခံ ဒုမီးသတ်ဦးစီးမှူး ဦးအောင်ကိုနိုင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၁ နာရီ မိနစ် ၄၀ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုအကြောင်းရင်းမှာ ဒေါ်ငွေခိုင်၏ နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှ နေအိမ်ထရံသို့ ကူးစက်ပြီး ဒေါ်သောင်းစိန်၏ နေအိမ်သို့ ကူးစက်လောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါမီးလောင်မှုကြောင့် ဒေါ်ငွေခိုင်၏ နေအိမ်တစ်လုံးနှင့် ဒေါ်သောင်းစိန်၏ နေအိမ်တစ်လုံး စုစုပေါင်းနေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးသဖြင့် ဒေါ်ငွေခိုင် (၄၅နှစ်) အား ရေဦးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထွန်းမြင့်အောင် (ရွှေဘို)

လျှပ်စစ်ပန်ကာအပူလွန်ကဲရာမှ စားသောက်ဆိုင်မီးလောင်

ပုသိမ် ဇွန် ၁၀

ပုသိမ်မြို့ အမှတ် (၂) နယ်မြေ ကမ်းနားလမ်း အမှတ် ၁ ဇေတံတားဝင်းအတွင်းရှိ စားသောက်ဆိုင်တန်းများမှ ဒေါ်မင်းမင်းစိုး (၄၃) နှစ်၏ အမှတ် ၈/၂ ထပ် (၁၁×၅၀) ပေ အခန်းရှိ အဲဗားဂွတ်စားသောက်ဆိုင်တွင် ယနေ့နံနက် ၈ နာရီ ၅ မိနစ်က မီးလောင်မှုဖြစ်ကြောင်း သိရသည်။ မီးလောင်မှုဖြစ်ရာသို့ ပုသိမ်ခရိုင် မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်သူရ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ မိနစ် ၂၀ အတွင်း မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မနောဖြူလူမှုကူညီရေးအဖွဲ့ အစည်းများက လိုအပ်သည်များ ပံ့ပိုးပေးကြသည်။

မီးလောင်မှုအကြောင်းရင်းမှာ စားသောက်ဆိုင်အပေါ်ထပ် ပန်ကာအပူလွန်ကဲရာမှ မွေ့ရာခြင်ထောင် မီးကူးစက်ပြီး အဝတ်အထည်ပစ္စည်းများပါ လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်မှုနှင့် ပတ်သက်၍ စားသောက်ဆိုင်ပိုင်ရှင် ဒေါ်မင်းမင်းစိုး (၄၃) နှစ်ကို ပုသိမ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ပုသိမ်-လှကြည်

မြန်မာ့ရုပ်မြင်သံကြား

၁၁-၆-၂၀၁၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၄၀ - "အေးချမ်းသာလှ မအူပင်မြို့အလှ"
- ၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "အလေးအချိန်အတွယ် တင်းတောင်းဆိုင်ရာပြစ်မှုများ"
- ၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၀ - သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (မိုးကြိုးအန္တရာယ်)
- ၁၂း၃၀ - မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန် အချက်များ
- ၁၄း၁၀ - လူညွှန့်တုံးစေသောအရာ
- ၁၄း၁၅ - Yes or No Talk Show

ညပိုင်း

- ၁၆း၂၅ - Over Loading မဖြစ်စေရန်(ယာဉ်စည်းကမ်း)
- ၁၆း၃၅ - "ကလိုင်းရွာမှ ချစ်စရာ့ပလိုင်း"
- ၁၇း၃၀ - မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာစကားဝိုင်း
- ၁၇း၅၅ - မုန်တိုင်းကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်
- ၁၈း၂၀ - "အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်" (နားထောင်ဆွေးနွေးကူညီစို့)
- ၁၈း၃၀ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ဆုပန်ထွာ)
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "Channel Zero" (အပိုင်း-၄)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - အနုပညာခန်းရိပ်သာ "အဆိုတော် ချိုဝေလွင်နှင့် တွေ့ဆုံခန်း"
- \- နိုင်ငံခြားဇာတ်လမ်းတွဲ "ယောက်ျားတံခွန်" (အပိုင်း-၁၂)

မိုင်းခတ်၊ ပေါက်တောနှင့် လှိုင်းဘွဲမြို့နယ်တို့၌ မိုးကြိုးပစ်ခံရ၍ လူနှစ်ဦးနှင့် ကျွဲ ၁၂ ကောင်သေဆုံး

နေပြည်တော် ဇွန် ၁၀

ရှမ်းပြည်နယ် မိုင်းခတ်မြို့နယ် ခမ်းနွဲ့ကျေးရွာနေ ဒေါ်အီနန်း (၃၃ နှစ်) သည် ဇွန် ၉ ရက် ညနေ ၆ နာရီခန့်က ကျေးရွာအနီးရှိ ၎င်း၏လယ်တောသို့ သွားရောက်စဉ် မိုးကြိုးပစ်ခံရမှုကြောင့် ဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း သိရသည်။

အလားတူ ဇွန် ၉ ရက် နံနက် ၈ နာရီခွဲခန့်က ပေါက်တောမြို့နယ် ငှက်ချောင်းကယ်ဆယ်ရေးစခန်း (၂)နေ ဇော်နိုလ်အာဒိန်(၄၇နှစ်)သည် အသပြာကျွန်းရှိ ပုဇွန်တာ၌ ငါးရှာဖွေနေစဉ် မိုးကြိုးပစ်ခံရမှုကြောင့် ဒဏ်ရာများ ရရှိ၍ အခင်းဖြစ်နေရာ၌ သေဆုံးသွားသဖြင့် အလောင်းကို ပေါက်တောပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ယင်းနေ့ နံနက် ၈ နာရီခန့်က လှိုင်းဘွဲမြို့နယ်အတွင်း မိုးရွာသွန်းပြီး မိုးကြိုးပစ်မှုကြောင့် ပိုင်ကျုံမြို့ ဒညင်းကုန်းကျေးရွာ၌ ကျွဲ ၁၂ ကောင် မိုးကြိုးထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

လှိုင်းဘွဲမြို့နယ်၌ မိုးကြိုးထိမှန်သေဆုံးနေသော ကျွဲများကို တွေ့ရစဉ်။

မင်္ဂလာဒုံမြို့နယ်အတွင်း တရားမဝင်သစ်တင်ကား ဖမ်းဆီးရာမှ ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိပြီး ပစ်ခတ်ဖမ်းဆီးရ

နေပြည်တော် ဇွန် ၁၀

မင်္ဂလာဒုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၉ ရက် နံနက် ၆ နာရီက ရဲလုည့်ကင်းယာဉ်ဖြင့် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်စဉ် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ ဇေကမ္ဘာ R(၁၁) လမ်းပေါ်တွင် မောင်းနှင်လာသော ခြောက်ဘီးယာဉ်ကို မသင်္ကာဖွယ်တွေ့ရှိ၍ တားဆီးစစ်ဆေးရန် ပြုလုပ်စဉ် ရပ်တန့်ပေးခြင်းမရှိသည့်အပြင် လေးခွဖြင့် စတင်ပစ်ခတ်ခဲ့သောကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ ဝဲပခုံးထိမှန်ဖူးရောင်ဒဏ်ရာရရှိခဲ့သည်။

ယင်းယာဉ်မှာ ဆက်လက်မောင်းနှင်ထွက်ပြေးသွားပြီး ယာဉ်ထွက်ပြေးလွတ်မြောက်စေရန် MARK II ယာဉ်တစ်စီးမှ လှည့်ကင်းယာဉ်အား တားဆီးပိတ်ဆို့မောင်းနှင်ခြင်းများ ပြုလုပ်ရာ ယင်းယာဉ်ကို လှည့်ကင်းယာဉ်မှ ကျော်တက်ပြီး ခြောက်ဘီးယာဉ်ကို ဆက်လက်လိုက်လံဖမ်းဆီးစဉ် ထောက်ကြန့်မြို့ လမ်းဆုံအရောက် ရဲတပ်ဖွဲ့မှ သတိပေးပစ်ခတ်တားဆီးရာ ယာဉ်၏နောက်ဘီးကို ထိမှန်ခဲ့သည်။

ယင်းယာဉ်မှာ အမှတ်(၃) လမ်းမကြီး ပိတ်ဆို့ရှာဖွေရေးဂိတ်ရှိ ဘယ်ရီဂိတ် အတားအဆီးများအားလည်းကောင်း၊ အမြန်လမ်းမကြီး တိုးဂိတ်မောင်းတံအားလည်းကောင်း ဝင်တိုက်၍ ဆက်လက် မောင်းနှင်ထွက်ပြေးပြီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်(၆/၁)အနီးတွင် ရပ်တန့်သွားခဲ့သည်။ ယာဉ်ပေါ်ပါသူများမှာ တိမ်းရှောင်သွားခဲ့ပြီး ယာဉ်ပေါ်၌ ကျွန်းခွဲသားဆိုက်စုံ ၄ ဒသမ ၉၄၃၄ တန်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်

လွယ်ဂျယ်၊ ပုသိမ်ကြီး၊ လောက်ကိုင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းမိ

နေပြည်တော် ဇွန် ၁၀

မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၉ ရက် ည ၉ နာရီခန့်က မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ လွယ်ဂျယ်-မန်ကောင်းသွားကားလမ်းပေါ်တွင် လဆန်(ခ)မာခမ်း မောင်းနှင်ပြီး နော်ထွယ်လိုက်ပါလာသည့် တိုယိုတာ Ipsum အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၁၃၃၄ တန်ဖိုးရှိ ဘိန်းဖြူ ၁ ဒသမ ၂၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၅ နာရီက မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ခရီးသည် မဂျာဆိုင်းကိုင်နှင့် လထော်ဂွန်မန်ဒူတို့ထံမှ ငွေကျပ်သိန်း ၁၁၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀၊ ဘိန်းဖြူ ၃၃၀ ဂရမ်နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မွန်းလွဲ ၁၂ နာရီခွဲတွင် တပ်မတော်မှ လောက်ကိုင်မြို့နယ် တာရွှေထန်ကျေးရွာအုပ်စု ကြာစီရှူးကျေးရွာနေ ကျောက်လော်ဖာ၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ ခုတင်အောက်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၇၅ ပြား သိမ်းဆည်းရမိခဲ့ပြီး အလားတူ ကြာစီရှူးကျေးရွာအပြင်ဘက်ရှိ တောင်ယာတဲဟောင်းကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၂၅ ပြား ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

တာချီလိတ်၌ ငါးဂိမ်းလောင်းကစားသူများ ဖမ်းမိ

တာချီလိတ် ဇွန် ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ဝမ်ကောင်းရပ်ကွက်၌ တရားမဝင် ငါးဂိမ်းခုံလောင်းကစားပြုလုပ်သူများကို ဇွန် ၉ ရက် ည ၁၀ နာရီက လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးခဲ့သည်။

ဇွန် ၉ ရက် ည ၁၀ နာရီကျော်ခန့်တွင် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် မြသဟာဆေးရုံသွားလမ်းအနီး အခန်းအမှတ်(၁)ရှင်းရှဆိုင်ခန်း၌ တာဝန်မှူး ဒုရဲအုပ်မင်းမင်းထွန်း၊ ခေတ္တနယ်ထိန်းခေါင်းဆောင် ရဲအရာခံ ကျော်ဇေယျ ဦးစီးနယ်ထိန်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဝင်ရောက်ရှာဖွေရာ ယင်းအခန်းတွင် အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း လေးဦးတို့ကို တွေ့ရှိရပြီး ဆိုင်ထဲတွင် လောင်းကစားပြုလုပ်ရာ၌ အသုံးပြုသော ငါးဂိမ်းခုံအကြီး တစ်လုံး၊ အသေး ငါးလုံး၊ လောင်းကစားရာတွင် အသုံးပြုသော ထိုင်းဘတ်ငွေစက္ကူနှင့် အကြွေစေ့ရောရော ၄၃၇၃၀ ဘတ်တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

အမှုမှ တရားမဝင် ငါးဂိမ်းပြုလုပ်လောင်းကစားသူ ဝမ်ကောင်းရပ်ကွက် ရှင်းရှ (၃၂ နှစ်)၊ မိုင်းကိုးကျေးရွာအုပ်စုနေ ဘေဝင်းသိန်း (၁၉ နှစ်)၊ ဝမ်ကောင်းရပ်ကွက်နေ သူရအောင် (၂၂နှစ်)၊ မိုင်းကိုးကျေးရွာအုပ်စုနေသူ မသီရိဦး (၂၀နှစ်)တို့ကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ဟာမာရှိသူပုန်အဖွဲ့ထိန်းချုပ်ထားသည့် ဧရိယာများကို ပြန်လည်ရယူရန် ဆီးရီးယားတပ်ဖွဲ့တိုက်ခိုက်

အလက်ပို ဇွန် ၁၀

ဆီးရီးယားအစိုးရတပ်များသည် သူပုန်များလက်အတွင်းသို့ ကျရောက်ခဲ့ရသည့် ဧရိယာများကို ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် လွန်ခဲ့သောသုံးရက်အကြာက စတင်ကာ ထိုးစစ်ဆင်တိုက်ခိုက်မှု လုပ်ဆောင်လျက်ရှိကြောင်း စစ်ဘက်ဆိုင်ရာ သတင်းအရင်းမြစ်တစ်ခုက ဇွန် ၁၀ ရက်တွင် ဆင်ဟွာသို့ ပြောကြားခဲ့သည်။

ထိုသို့တိုက်ခိုက်နေကြောင်းကို အမည်မဖော်လိုသူ ဆီးရီးယား အာဏာပိုင်တစ်ဦးက ရက်အနည်းငယ်အတွင်းက ဒုတိယအကြိမ် ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည့် ကက်ဟုဒ်မြို့တွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆီးရီးယားအစိုးရတပ်ဖွဲ့သည် ကက်ဟုဒ်မြို့ကို ပြန်လည်ရယူနိုင်ခဲ့ကြောင်းနှင့် သူပုန်လက်အတွင်း ကျရောက်လျက်ရှိသည့် ကျန်မြို့အများအပြားကိုလည်း ပြန်လည်သိမ်းပိုက်နိုင်ရန် ပြီးခဲ့သည့် ဇွန် ၇ ရက်ကတည်းက တိုက်ခိုက်နေခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဟာမာမြို့မြောက်ပိုင်း အစွန်အဖျားရှိကျေးရွာတွင် မိမိတို့ရောက်ရှိနေပြီး တယ်လ်ဘာလာ၊ ဂျလာမက်နှင့် ဂျူဘာအင်မြို့များဆီသို့ ဆက်လက်ချီတက်သွားမည်ဖြစ်ကြောင်း၊ ဆီးရီးယားတပ်ဖွဲ့သည် မကြာသေးမီက သူပုန်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပိတ်ထားခဲ့ရသည့် မဟာဒက်နှင့် စကွေဘီယက်မြို့အကြားရှိ လမ်းကြောင်းလုံခြုံဘေးကင်းစေရေး ဆောင်ရွက်နေကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

အဆိုပါဧရိယာရှိ ဆီးရီးယားတပ်မတော်ယူနစ်အတွက် ထောက်ပံ့ရေးလမ်းကြောင်းတစ်ခုအနေဖြင့် အသုံးပြုနေရသည့် အဆိုပါလမ်းကြောင်းသည် ဆီးရီးယားအစိုးရတပ်များအတွက် မဟာဗျူဟာကျသည့် လမ်းကြောင်းဖြစ်သည်။

ဆင်ဟွာ

မကြာသေးမီက ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့် ကက်ဟုဒ်မြို့၌ ဆီးရီးယားတပ်ဖွဲ့ဝင် အချို့ကို တွေ့ရစဉ်။

ဘရီးဇစ်သဘောတူစာချုပ်ကို အီးယူက ပြန်လည်ညှိနှိုင်းရန် ဆန္ဒရှိကြောင်း ဂျရယ်မီဟန့် ပြော

လန်ဒန် ဇွန် ၁၀

ဥရောပသမဂ္ဂသည် ဘရီးဇစ်ခွဲထွက်ရေးစာချုပ်ကို ပြန်လည်ညှိနှိုင်းရန် လိုလားနေခြင်းဖြစ်ဖွယ်ရှိကြောင်း ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်က ဖော်ပြခဲ့သည်ဟု ဗြိတိန်ဝန်ကြီးချုပ်အဖြစ် ထရီဆာမေ၏ နေရာကိုဝင်ရောက်ရန် ယှဉ်ပြိုင်နေသူတစ်ဦးဖြစ်သည့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျရယ်မီဟန့်က ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဇွန် ၇ ရက်က ကွန်ဆာဗေးတစ်ခေါင်းဆောင်အဖြစ်မှ ထရီဆာမေ နုတ်ထွက်လိုက်ပြီးနောက်တွင် ၎င်း၏ နေရာကိုရရှိရန် ယှဉ်ပြိုင်နေသည့် ကွန်ဆာဗေးတစ်အဖွဲ့ဝင်များအနက် တစ်ဦးအပါအဝင်ဖြစ်သည့် ဂျရယ်မီဟန့်က ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်နှင့် ယခုရက်သတ္တပတ်က ကျင်းပသည့် D-Day အထိမ်းအမှတ်အခမ်းအနားတွင် စကားပြောဆိုခဲ့ကြောင်းနှင့် ဝန်ကြီးချုပ်ထရီဆာမေ၏ ခွဲထွက်ရေးသဘောတူညီမှုကို ပြောင်းလဲနိုင်မည့်အလားအလာရှိသူဟု ၎င်းအနေဖြင့် ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျရယ်မီဟန့်။

ဆော်ဒီဦးဆောင်သည့် မဟာမိတ်များက ယီမင်နိုင်ငံတွင် ကူညီမှုများပြုလုပ်မည်

ရီယာဒ် ဇွန် ၁၀

ဆော်ဒီဦးဆောင်သည့် မဟာမိတ်များသည် ယီမင်နိုင်ငံရှိ မိုးသည်းထန်စွာ ရွာသွန်းမှုဒဏ် ခံစားခဲ့ရသောပြည်သူများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကူညီမှုများပြုလုပ်ရန် လှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြောင်း တနင်္လာနေ့က ကြေညာခဲ့သည်ဟု ဆော်ဒီသတင်းအေဂျင်စီက ဖော်ပြထားသည်။

မဟာမိတ်တပ်မှ ပြောရေးဆိုခွင့်ရှိသူ တာကီအယ်မာလိကီသည် အေဒင်မြို့နှင့် အနီးတစ်ဝိုက်တွင် ဆေးဝါး၊ အစားအသောက်နှင့် ခိုလှုံရာနေရာများပေးမည်ဟု ပြောကြားခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူများထိခိုက်ခံစားရပြီး အခြေခံအဆောက်အအုံများလည်း ပျက်စီးခဲ့ရသည်။

ထို့ကြောင့် လိုအပ်သည့်ထောက်ပံ့ရေးပစ္စည်းများကို လေကြောင်းမှ တစ်ဆင့်ပေးပို့ရမည်ဖြစ်သည်။ ယီမင်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူသုံးဦးသေဆုံးခဲ့ပြီး တောင်ပိုင်းနှင့် အရှေ့ပိုင်းပြည်နယ်များတွင် တနင်္ဂနွေနေ့က ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

ပျက်ကျအက်ဖ် ၃၅ လေယာဉ်မှူး မျက်စိလည်လမ်းပျောက်ခဲ့ခြင်း ဖြစ်နိုင်ကြောင်း လေကြောင်းကာကွယ်ရေးတပ်ဖွဲ့ပြော

တိုကျို ဇွန် ၁၀

ဂျပန်နိုင်ငံမြောက်ပိုင်းတွင် ပျက်ကျမှုဖြစ်ပွားခဲ့သည့် အက်ဖ် ၃၅ ဂျက်လေယာဉ်မှ လေယာဉ်မှူးသည် ဂျက်လေယာဉ်အဆက်မပြတ်ထိုးဆင်းနေမှုကို မသိရှိခဲ့ရခြင်းမှာ မျက်စိလည်လမ်းပျောက်နေခဲ့ခြင်းကြောင့် ဖြစ်နိုင်ဖွယ်ရှိကြောင်း ဂျပန်လေကြောင်းကာကွယ်ရေးတပ်ဖွဲ့က ပြောကြားခဲ့သည်။

အက်ဖ် ၃၅ အေ လေယာဉ်သည် ပြီးခဲ့သည့်ဧပြီလအတွင်း ဂျပန်နိုင်ငံ အိုမိုရီစီရင်စု၌ လေ့ကျင့်ရေးမစ်ရှင်တစ်ခုဆောင်ရွက်နေစဉ်အတွင်း ပျက်ကျခဲ့သည်။ လေယာဉ်ပျက်ကျမှုအတွင်း လေယာဉ်မှူးသေဆုံးခဲ့သည်။ ဂျပန်လေကြောင်းကာကွယ်ရေးတပ်ဖွဲ့ ASDF က လေ့ကျင့်ရေးမစ်ရှင်ပြုလုပ်မှုအတွင်း ပါဝင်ဆောင်ရွက်ခဲ့သည့် အခြားအက်ဖ် ၃၅ အေ ဂျက်လေယာဉ်များမှ အချက်အလက်များကိုအသုံးပြုကာ ပျက်ကျလေယာဉ်၏ ပျံသန်းမှုလမ်းကြောင်းကို လေ့လာစိစစ်မှုပြုခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

အစီရင်ခံစာ၌ လေ့လာစိစစ်မှုများအရ တိုက်ခိုက်ရေးဂျက်လေယာဉ်သည် ပျက်ကျမှုမဖြစ်ပွားမီ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ မီတာ ၉၀၀၀ ကျော် မှ တစ်နာရီအတွင်း အမြန်နှုန်း ကီလိုမီတာ ၁၀၀၀ ခန့်ဖြင့် စက္ကန့် ၃၀ ကြာအောင် ထိုးဆင်းခဲ့ကြောင်း ပြသနေသည်ဟု ဆိုသည်။

ထို့ကြောင့် ASDFအနေဖြင့် လေယာဉ်ပျက်ကျမှုသည် စက်ပိုင်းဆိုင်ရာချွတ်ယွင်းမှုကြောင့် မဖြစ်နိုင်သည့်အတွက် ကျန်ရှိနေသည့် အက်ဖ် ၃၅ အေ ဂျက်လေယာဉ် ၁၂ စင်းကို ပျံသန်းမှုများ ပြန်လည်လုပ်ဆောင်သွားရန် စဉ်းစားလျက်ရှိကြောင်း ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

အက်ဖ် ၃၅ အေ ဂျက်လေယာဉ်မှူး မက်ဂျ်အကီနိုရီဟိုဆိုမီ

အစ္စရေးရေတပ်က တူရကီမှ ကုန်တင်သင်္ဘောကို သိမ်းဆည်း

ဂျေရုဆလင် ဇွန် ၁၀

အစ္စရေးရေတပ်ဖွဲ့သည် မီးစွဲလောင်မှုဖြစ်ပွားခဲ့သည့် ကုန်တင်သင်္ဘောတစ်စင်းကို တူရကီထံမှ သိမ်းယူခဲ့ကြောင်း အစ္စရေးတပ်မတော်က တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဇွန် ၉ရက်သန်းခေါင်အချိန်ခန့်တွင် အစ္စရေးတပ်မတော်သည် မြောက်ပိုင်းဟိုက်ဖာမြို့ကမ်းခြေ၌ ကျောက်ချရပ်နားထားသည့် သင်္ဘောတစ်စင်း မီးစွဲလောင်နေကြောင်း အကြောင်းကြားမှုကို လက်ခံရရှိခဲ့သည်ဟု ဆိုသည်။

ဇွန် ၁၀ ရက်နံနက်အစောပိုင်းတွင် အဆိုပါကုန်သင်္ဘော ကပ္ပတိန်နှင့် အစ္စရေးရဲတပ်ဖွဲ့အပါအဝင် ရေတပ်ဖွဲ့ဝင်များအတူတကွပူးပေါင်းကာ သင်္ဘောကို ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေစဉ်အတွင်း ပုန်းခိုနေသည့် ခရီးသည်တစ်ဦးကို ဖမ်းဆီးရမိပြီးရဲစခန်း၌ မေးခွန်းများမေးမြန်းရန် ခေါ်ဆောင်ခဲ့ကြောင်း သိရသည်။

ရေတပ်ဖွဲ့သည် အစ္စရေးနိုင်ငံ အလယ်ပိုင်း ကုန်သွယ်ရေးလမ်းကြောင်းများနှင့် ရေကြောင်းသွားလာမှုဆိုင်ရာ နယ်နိမိတ်ထိစပ်နေသည့်နေရာများကို ဆက်လက်ကာကွယ်သွားမည်ဖြစ်သည်ဟု အစ္စရေးစစ်သင်္ဘောငယ်များအုပ်စု ရေတပ်ဗိုလ်ချုပ် ဇိုဟာကိုဟင်က ပြောကြားခဲ့သည်။

ဆင်ဟွာ

ကာဇက်စတန်ရွေးကောက်ပွဲအပြီး ဆန္ဒပြသူ ၅၀၀ ခန့် ဖမ်းဆီးခံရ

နာဆူတန် ဇွန် ၁၀

ကာဇက်စတန်နိုင်ငံတွင် သမ္မတရွေးကောက်ပွဲမှာ တရားမျှတမှုမရှိဟုဆိုကာ ဆန္ဒပြမှုများပြုလုပ်ခဲ့ရာ တနင်္ဂနွေနေ့တွင် လူပေါင်းရာနှင့်ချီ၍ ထိန်းသိမ်းခံခဲ့ရကြောင်း သိရသည်။ ကာဇက်စတန်နိုင်ငံကို နှစ်ပေါင်း၃၀ကြာ အုပ်ချုပ်ခဲ့သည့်သမ္မတ နာစူတန်နာဇာဘာယိဗ် ရာထူးမှနုတ်ထွက်သွားပြီးနောက် လျှပ်တစ်ပြက်ရွေးကောက်ပွဲကျင်းပခဲ့ခြင်းဖြစ်သည်။ သမ္မတဟောင်း၏ လက်ရွေးစင်တစ်ဦးဖြစ်သူ ကာဆမ်-ဂျိုမတ်တိုကာယိဗ်က တနင်္ဂနွေနေ့က ပြုလုပ်သော ရွေးကောက်ပွဲတွင် ၇၀ ဒသမ ၈ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့ကြောင်း ဗဟိုရွေးကောက်ပွဲကော်မရှင်က ပြောသည်။

၎င်း၏ပြိုင်ဘက်ဖြစ်သူ အေမာဇန်ကို ဆန်နော့ဗ်က မဲအရေအတွက် ၁၆ ဒသမ ၂ ရာခိုင်နှုန်းရရှိခဲ့ကြောင်း သိရသည်။ ဗဟိုအာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် ကာဇတ်စတန်နိုင်ငံကို ဆယ်စုနှစ်သုံးစုကြာ အုပ်ချုပ်သွားခဲ့သော သမ္မတဟောင်း၏ ထောက်ခံမှုရရှိထားသော တိုကာယိဗ် အောင်မြင်မှုရရှိမည်မှာ သံသယဖြစ်ဖွယ်မရှိပေ။ သို့သော် မဲရလဒ်ကြောင့် ဆန္ဒပြပွဲများ အကြီးအကျယ်ပေါ်ပေါက်ခဲ့သည်။ ယခုတစ်ကြိမ်ရွေးကောက်ပွဲမှာ ပုံစံချထားသည့် ရွေးကောက်ပွဲဟု စွပ်စွဲကြသည်။ လူပေါင်း ၅၀၀ ခန့် တနင်္ဂနွေနေ့တွင် ဖမ်းဆီးခံထားရကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောသည်။

တက်ကြွလှုပ်ရှားသူများက ဆန္ဒပြသူများ ဖမ်းဆီးထားခြင်းကို ဆန့်ကျင်ခဲ့ကြပြီး တိုကာယိဗ်ကမူ ရွေးကောက်ပွဲမှာ ပြိုင်ပွဲတစ်ခုဟု ပြောသည်။ မြို့တော်တွင် ဆန္ဒပြသူများကို ရဲကားများပေါ် ဆွဲတင်ခဲ့ကြသည်။ ရွေးကောက်ပွဲတွင် တတိယမဲအများဆုံးရရှိသူမှာ ဒန်နီယာရက်စ်ပါရေဗာ ဆိုသူဖြစ်ပြီး ကာဇက်စတန်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပထမဆုံးအမျိုးသမီးလည်းဖြစ်သည်။ ၎င်းသည် ရွေးကောက်ပွဲတွင် မဲအရေအတွက် ၅ ဒသမ ၂ ရာခိုင်နှုန်းရရှိခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်က ပြောသည်။

အေအက်ဖ်ပီ

ရဲများနှင့် ပဋိပက္ခဖြစ်နေကြသည့် ဆန္ဒပြသူများကို တွေ့ရစဉ်။

လုပ်ငန်းခွင်ပြန်ဝင်ဖို့ခက်ခဲလာသည့် ဂျပန်နိုင်ငံမှကလေးမိခင်များ

ချြူးစန္ဒီနွေး

အီရိကာတာကာတိုလို့ခေါ်တဲ့အမျိုးသမီးဟာ ဆယ်ကျော်သက်အရွယ်ကစလို့ ကလေးငယ်တွေထိန်းကျောင်းရတာကို နှစ်သက်ပါတယ်။ သူဘွဲ့ရတော့လည်း ကျောင်းနေအရွယ်မဟုတ်သေးတဲ့ကလေးတွေကို ထိန်းကျောင်းသင်ကြားရေးဘာသာရပ်နဲ့ ဘွဲ့ရခဲ့ပါတယ်။ ဒီတော့ သူလုပ်ငန်းခွင်စဝင်တဲ့အခါမှာလည်း ဒီဘာသာရပ်နဲ့ကိုက်ညီတဲ့အလုပ်ကိုပဲ ရွေးချယ်ခဲ့ပါတယ်။ အဲဒါကတော့ ကျောင်းနေအရွယ်မဟုတ်တဲ့ ကလေးတွေကို သင်ကြားပေးရတဲ့ အလုပ်ပါ။

နေ့ကလေးထိန်းကျောင်း မထားရသေးသည့် ကလေးငယ်များ၏မိခင်များ စုဝေးနေကြသည်ကို တွေ့ရစဉ်။

အလုပ်ထွက်ရ

သူကိုယ်ဝန်ရှိလာတဲ့အခါမှာတော့ အလုပ်ကနေ နားဖို့ ဖြစ်လာပါတယ်။ ဆရာဝန်ရဲ့ညွှန်ကြားချက်အတိုင်း အနားယူဖို့ အလုပ်ကိုလာပြောတဲ့အခါ သူ့အလုပ်ရှင်ကမူကြိုကျောင်းကဆရာမတွေဟာ ကလေးရပြီး ကလေးအမေဖြစ်လာတဲ့အခါ အလုပ်ကနေ နုတ်ထွက်ကြတယ်လို့ သူ့ကိုပြောခဲ့ပါတယ်။ ဒီစကားဟာ တာကာတိုအတွက် ထိတ်လန့်စရာစကားပါပဲ။ ဒါပေမယ့်လည်း အလုပ်ရှင်နဲ့ အခြားသောလုပ်ဖော်ကိုင်ဖက်တွေကြောင့် စိတ်မသက်မသာဖြစ်လာရတဲ့အခါ သူအလုပ်ကနေ နုတ်ထွက်ခဲ့ပါတယ်။ လုပ်ငန်းခွင်ပြန်ဝင်ဖို့ မျှော်လင့်ချက်တွေဆုံးရှုံးသွားသလို သတ္တိလည်း ပျောက်သွားတယ်လို့ သူကပြောပါတယ်။ ဒါဟာ ဂျပန်မှာ လိုအပ်ချက်ဖြစ်နေတဲ့ အရာတစ်ခုပါပဲလို့ တာကာတိုက ပြောပါတယ်။

လူဦးရေကျဆင်း

ဂျပန်မှာ လူဦးရေကျဆင်းလာတာနဲ့အမျှ လုပ်ငန်းခွင်တွေမှာ လုပ်သားအင်အားဖြည့်နိုင်ဖို့ အမျိုးသမီးတွေ လုပ်ငန်းခွင်ဝင်ကြဖို့ အစိုးရကလိုလားပါတယ်။ အမျိုးသမီးတွေကလည်း ကြိုးစားကြတာပါပဲ။ ဂျပန်နိုင်ငံရဲ့ကလေး မွေးဖွားမှုနှုန်းဟာ နှစ်ပေါင်း ၁၀၀အတွင်းမှာ အနိမ့်ဆုံးဖြစ်နေပါတယ်။ ဂျပန်မှာ ကလေးအမေတွေ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်နိုင်ဖို့ နေ့ကလေးထိန်းကျောင်းတွေ လုံလုံလောက်လောက်ရှိဖို့ရာ ကြိုးစားနေရပါတယ်။ မွေးခါစနဲ့ လမ်းလျှောက်တတ်စအရွယ် ကလေးပေါင်းနှစ်သောင်းခန့်ဟာ နေ့ကလေးထိန်းကျောင်းမှာတက်ဖို့ စောင့်ဆိုင်းစာရင်းဝင်နေပါတယ်။ အဲဒီအတွက် ဆရာအသစ်တွေလည်း ထောင်နဲ့ချီပြီးရှာဖွေဖို့ အစိုးရကကြိုးပမ်းနေပါတယ်။

ဖိအားပေးခံရ

အလုပ်ချိန်ကြာကြာလုပ်ရပြီး လစာနည်းနည်းသာရတဲ့ နေ့ကလေးထိန်းကျောင်းကဆရာမတွေဟာ ကိုယ်ဝန်ရှိပြီး ကလေးရလာပြီဆိုတာနဲ့ အလုပ်ကနေထွက်ဖို့ ဖိအားပေးခံနေရပါတယ်။ ဒီလိုမျိုးပြဿနာမျိုးဟာ နေ့ကလေးထိန်းကျောင်းတွေမှာ ပဲရှိတာမဟုတ်ပါဘူး။ ကျန်းမာရေး၊ အလုပ်သမားနဲ့ လူမှုဝန်ထမ်းဝန်ကြီးဌာနရဲ့ ပြောကြားချက်အရ အမျိုးသမီးတွေကလေးရှိလာလို့၊ ဒါမဟုတ် လက်ထပ်လိုက်တဲ့အခါ အလုပ်ကနေထွက်ဖို့ ဖိအားပေးခံရတဲ့နှုန်းဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်အတွင်းမှာ ၂၀ ရာခိုင်နှုန်းတိုးလာတယ်လို့ သိရပါတယ်။

ကလေးအမေတွေအပေါ် ကြိုဆိုမှုမရှိ

ဂျပန်မှာဆိုရင် ကိုယ့်ရဲ့ကုမ္ပဏီကို ပြန်ပြီးဆန့်ကျင်ဖို့ဆိုတာ ခက်ခဲတဲ့အလုပ်ပါလို့ ကာဇူရာတာကီမူရာက ပြောပါတယ်။ သူကတော့ ရှေ့နေတစ်ယောက်ဖြစ်ပြီး လေယာဉ်မယ်တစ်ဦးအတွက် အမှုလိုက်နေသူလည်း ဖြစ်ပါတယ်။ သူအမှုလိုက်ပေးနေတဲ့ လေယာဉ်မယ်ရဲ့ အခက်အခဲကတော့ ကိုယ်ဝန်ရှိလာလို့ ခွင့်ယူတဲ့အခါ အလုပ်ရှင်က လစာမဲ့ခွင့်လုပ်လိုက်တာပါပဲ။ အဲဒီအမှုကို အနိုင်ရအောင် ကြိုးပမ်းပေးနေတာလည်းဖြစ်ပါတယ်။ ဂျပန်နိုင်ငံရဲ့ လုပ်ငန်းခွင်ယဉ်ကျေးမှုကတော့ ကလေးအမေတွေအပေါ်မှာ ကြိုဆိုမှုမရှိပါဘူး။ အမျိုးသမီးတစ်ဦးဟာ အိမ်ထောင်ကျပြီး ကလေးမွေးပြီးပြီဆိုရင် လုပ်ငန်းခွင်ကိုပြန်ဝင်တဲ့အခါ အမျိုးသားလုပ်သား၊ ဒါမှမဟုတ် လူလွတ်အမျိုးသမီးတွေလို အဆင်ပြေဖို့ဆိုတာ မဖြစ်နိုင်ဘူးလို့ ရှေ့နေတစ်ဦးဖြစ်တဲ့ ယူမီဟတ်ဆီဂါဝါက ပြောပါတယ်။

ခွဲခြားဆက်ဆံခံရ

ဘာကြောင့်ဒီလိုဖြစ်ရတာလဲဆိုရင် ကုမ္ပဏီတွေကလည်း ကလေးအမေတွေဆိုရင် လုပ်ငန်းခွင်မှာ မသုံးချင်တော့ပါဘူး။ ဒီလိုကနေ မိခင်တွေအပေါ်မှာ ခွဲခြားဆက်ဆံခံရတာမျိုး ဖြစ်လာတာပါ။ ဂျပန်နိုင်ငံ နေ့ကလေးထိန်းကျောင်းမှာ လုပ်ကိုင်ကြတဲ့သူတွေက အမျိုးသမီးတွေများပါတယ်။ ဒီလူတွေဟာ ကလေးရလာတဲ့အခါ အလုပ်ကနေ နုတ်ထွက်သွားရတာနဲ့ပဲ အဆုံးသတ်သွားရပါတယ်။ ဂျပန်အမျိုးသမီးတွေဟာ ကလေးမွေးဖွားပြီးပြီဆိုရင် နေ့ကလေးထိန်းကျောင်းကို အသည်းအသန်လိုက်လံရှာဖွေကြပါတယ်။ လူဦးရေထူထပ်တဲ့ တိုကျိုမှာဆိုရင် ကလေးမမွေးခင် ကိုယ်ဝန်ဆောင်ဘဝကတည်းက နေ့ကလေးထိန်းကျောင်းကို လိုက်ရှာဖွေနေကြပါပြီ။

အပြိုင်အဆိုင် ကြိုးစားရသည့်အရာ

အမျိုးသမီးတစ်ဦးရဲ့ဘဝမှာ အပြိုင်အဆိုင်များပြီး ကြိုးစားရတဲ့အရာလေးခု ရှိပါတယ်။ အဲဒါကတော့ တက္ကသိုလ်ဝင်ခွင့်အတွက် စာမေးပွဲဖြေဆိုတာရယ်၊ အလုပ်ရှာဖွေရတာရယ်၊ ဘဝလက်တွဲဖော်ကောင်းကို ရှာရတာနဲ့ နောက်ဆုံးတစ်ခုကတော့ နေ့ကလေးထိန်းကျောင်းရှာရတဲ့ကိစ္စပါပဲလို့ ဟတ်တိုနေ့ကလေးထိန်းကျောင်းက ကျောင်းအုပ်ကြီး မီကီကိုအီတိုက ပြောပါတယ်။ လွန်ခဲ့တဲ့နှစ်က ကလေးမွေးဖွားနှုန်းကတော့ တစ်သန်းအောက်သာ ရှိခဲ့ပါတယ်။ ၁၈၉၉ ခုနှစ်ကစလို့ အနိမ့်ဆုံးကလေးမွေးဖွားမှုနှုန်းပါပဲ။ ဂျပန်နိုင်ငံဟာ ကမ္ဘာပေါ်မှာ ကလေးမွေးဖွားမှုနှုန်း အနိမ့်ဆုံးနိုင်ငံတွေထဲမှာ တစ်ခုအပါအဝင်ပါပဲ။ ဂျပန်အမျိုးသမီးတွေဟာ အိမ်ထောင်ကျပြီး ကလေးရလာပြီဆိုရင် အလုပ်ကနေနုတ်ထွက်ဖို့ ဖြစ်လာရပါတယ်။ ယနေ့ခေတ်အခါမှာတော့ အိမ်ထောင်ကျပြီးလည်း အမျိုးသမီးတွေဟာ အလုပ်ဆက်လုပ်ကြပါတယ်။ ၂၀၁၇ ခုနှစ်မှာတော့ အသက် ၂၅ နှစ်နဲ့ အသက် ၅၄ နှစ်ကြား အိမ်ထောင်သည် အမျိုးသမီး ၇၂ ရာခိုင်နှုန်းဟာ လုပ်ငန်းခွင်ပြန်ဝင်ကြဆဲပဲလို့ ဟယ်မီတန်စီမံကိန်းအရ သိရပါတယ်။

လုပ်ငန်းခွင်ပြန်ဝင်ဖို့ကူညီမယ်

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ ၂၀၁၂ ခုနှစ်မှာ ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီး နေ့ကလေးထိန်းကျောင်းနဲ့ပတ်သက်ကာ စိုးရိမ်စရာမရှိဘဲ လုပ်ငန်းခွင်ပြန်ဝင်နိုင်ဖို့ ကူညီပေးမယ်လို့ ကတိပြုခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်ကစလို့ အစိုးရကထောက်ပံ့ပေးတဲ့ မြူနီစီပယ် နေ့ကလေးထိန်းကျောင်း ၅၃၅၀၀ ခန့်ကို ဖွင့်လှစ်ပေးဖို့ လုပ်ဆောင်ခဲ့ပြီး သုံးနှစ်ကနေ ငါးနှစ်အထိ အခမဲ့ထားနိုင်ဖို့ ကြိုးပမ်းပေးခဲ့ပါတယ်။ ဒါပေမယ့် အစိုးရဘက်ကအလိုရှိတာကတော့ အမျိုးသမီးလုပ်သားအချိုးကို ၈၀ ရာခိုင်နှုန်းအထိ ရှိလာစေချင်ပါတယ်။ ဒီလိုဖြစ်လာဖို့ဆိုရင် ၂၀၂၁ ခုနှစ်မှာနေ့ ကလေးထိန်းကျောင်း ၃၂၀၀၀၀ ခန့် ဖန်တီးပေးရမှာဖြစ်ပြီး တာဝန်ထမ်းဆောင်မယ့် ဆရာမပေါင်းကတော့ ၇၇၀၀၀ ခန့် လိုအပ်မှာပါ။

စံနှုန်းမမီမှာ စိုးရိမ်

နေ့ကလေးထိန်းကျောင်းတွေ အလျင်အမြန်ဆောက်လုပ်ရတဲ့အတွက် ပြည်နယ်အစိုးရတွေဟာ တချို့သောနေရာတွေ စံနှုန်းနိမ့်လိုက်တာမို့ နေ့ကလေးထိန်းကျောင်းတွေမှာ အရည်အသွေးမမီမှာတွေ ဖြစ်လာမှာကိုလည်း မိဘတွေက ကြောက်ကြပါတယ်။ အစိုးရကထောက်ပံ့ပေးထားတဲ့ နေ့ကလေးထိန်းကျောင်းတွေက ဆရာမတွေဟာ အနည်းဆုံးတော့ ကောလိပ်မှာနှစ်နှစ်တက်ပြီးသား ဒါမှမဟုတ်ရင် နည်းပညာကျောင်းက ဘွဲ့ရပြီးသားတွေပါ။ သူတို့ဟာ ဂျပန်မှာလုပ်ခ အနည်းဆုံးရတဲ့ ဘွဲ့ရတွေပါပဲ။ အလုပ်ချိန်ကြာတဲ့မိဘတွေအတွက် အဆင်ပြေစေဖို့ရာ အချို့သော နေ့ကလေးထိန်းကျောင်းတွေဟာ တစ်နေ့မှာ ၁၁ နာရီခန့် ဖွင့်ပေးရပြီး အဲဒီထက် အချိန်ကြာတာမျိုးလည်း ရှိပါတယ်။

လုပ်သားအစားထိုးဖို့ခက်ခဲ

ဒါပေမယ့် နေ့ကလေးထိန်းကျောင်းက ဆရာမတွေမှာ ကိုယ်ပိုင်ကလေးရှိလာပြီဆိုရင် အလုပ်ကထွက်လိုက်ရတာက များပါတယ်။ ကျောင်းအုပ်ချုပ်သူအကြီးအကဲတွေ ပြောတာကတော့ ဆရာမတစ်ယောက် မီးဖွားခွင့် သွားပြီဆိုရင် ကျန်တဲ့လူတွေအပေါ်မှာ ဝန်ထုပ်ဝန်ပိုးပိတာပါပဲ။ အလုပ်သမားဈေးကွက်က ကျပ်တည်းတဲ့အတွက် အစားထိုးငှားဖို့လည်း ခက်ခဲပါတယ်လို့ ပြောပါတယ်။

မင်သက်သွားရ

ကလေးရှိလာလို့ အလုပ်ကနေထွက်လိုက်ရတဲ့ နေ့ကလေးထိန်းကျောင်းက ဆရာမဖြစ်သူ အီရိကာတာကာတိုကတော့ သူ့အလုပ်ကနေထွက်လိုက်ရတဲ့ အဖြစ်ကို စိတ်မကောင်းစွာပဲပြောပြပါတယ်။ သူကိုယ်ဝန်ရှိစဉ်က ဆရာဝန်က ကလေးပျက်ကျနိုင်တဲ့အတွက် အန္တရာယ်ရှိလို့ အနားယူပါဆိုပြီး ပြောခဲ့ပါတယ်။ အဲဒီအတွက် လုပ်ငန်းခွင်မှာ ခွင့်ရဖို့သွားပြောတဲ့အခါ ကျောင်းအုပ်ကြီးရဲ့ တုံ့ပြန်မှုကြောင့် သူ မင်သက်သွားခဲ့ရပါတယ်။ ကိုယ်ဝန်ရှိလာတဲ့ဆရာမတွေကို ခွင့်မယူခင်တည်းက နုတ်ထွက်ဖို့ ခွင့်ပြုတယ်လို့ ပြောလိုက်လို့ပါပဲ။ နောက်ပြီး တာကာတိုဟာ သူ့အစား တာဝန်ယူပေးရမယ့် လုပ်ဖော်ကိုင်ဖက်ဆရာမတွေကိုလည်း အားနာတာကြောင့် အလုပ်ကနေပဲ ထွက်လိုက်ဖို့ ဆုံးဖြတ်လိုက်တယ်လို့ ပြောပါတယ်။ အခုအခါမှာတော့ တာကာတိုဟာ အွန်လိုင်းကအလုပ်တွေကိုပဲ လုပ်ကိုင်နေပါတယ်။ ဘလော့မှာ တည်းဖြတ်ပေးတာ၊ နေ့စဉ်ကလေးစောင့်ရှောက်မှုအတွက် ပြောပြတာတွေ လုပ်ကိုင်ပါတယ်။ ခင်ပွန်းသည် ဖြစ်သူရဲ့အလုပ်ချိန်ဟာလည်း များတာကြောင့် အိမ်မှာကလေးထိန်းဖို့အတွက် တာကာတိုကတော့ လုပ်ငန်းခွင်ပြန်ဝင်ဖို့ မလွယ်ကူပါဘူး။ တာကာတိုက "ဆရာမဖြစ်ဖို့ အရည်အချင်းပြည့်မီရင်တောင် ကျောင်းတုန်းကကြားခဲ့ဖူးတဲ့ မင်းတို့လုပ်ရတဲ့အလုပ်ဟာ လုံခြုံစိတ်ချရတယ်ဆိုတဲ့စကားဟာ ဒဏ္ဍာရီလိုပါပဲ။ လက်တွေ့ဘဝမှာ ဒါဟာ မဖြစ်နိုင်ပါဘူး"လို့ သူ့အဖြစ်အပျက်ကို ရှင်းပြခဲ့ပါတယ်။

ကိုးကား -နယူးယောက်တိုင်းမ်

နိုင်ငံတကာသတင်းတိုများ

အမေရိကန်နှင့် ပြင်သစ် စစ်သင်္ဘောများ အက်ဒမန်ပင်လယ်ပြင်တွင် စစ်ရေးလေ့ကျင့်

ဝါရှင်တန် ဇွန် ၁၀

အမေရိကန်စစ်သင်္ဘော ယူအက်စ်အက်စ်ဘောက်ဆာနှင့် ပြင်သစ်လေယာဉ်တင်သင်္ဘော ချားလ်ဒီဂေါ်တို့သည် မကြာသေးမီက ပူးပေါင်းစစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ပြီး ဘင်္ဂလားပင်လယ်အော်တစ်လျှောက် မောင်းနှင်ခဲ့ကြကြောင်း အမေရိကန်ရေတပ်က တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။ ပြင်သစ်ရေငုပ်သင်္ဘော ဖျက်သင်္ဘောဖြစ်သည့် Latouche Treville နှင့် လောင်စာများ၊ ရိက္ခာများ သယ်ဆောင်လာသည့် Marne သင်္ဘောတို့သည်လည်း အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် ပူးပေါင်းပါဝင်ခဲ့သည်။

လေ့ကျင့်မှုတွင် လေကြောင်းမှပေါင်းစပ်တိုက်ခိုက်ရေးလေ့ကျင့်မှုလည်းပါဝင်သည်ဟု အမေရိကန်ရေတပ်၏ ထုတ်ပြန်ကြေညာချက်တွင် ပါဝင်သည်။ ပြင်သစ်နိုင်ငံနှင့် ပူးတွဲလေ့ကျင့်ခွင့်ရသည့်အတွက် အမေရိကန်ရေတပ်မှ တပ်ဖွဲ့ဝင်များလည်း အကျိုးကျေးဇူးများရရှိခဲ့ကြောင်း ရေတပ်ဗိုလ်မှူးကြီး ဘရက်အာသာက ပြောသည်။ ပြင်သစ်လေယာဉ်တင်သင်္ဘောအုပ်စုသည် ၂၀၀၂ ခုနှစ်မှစကာ ယနေ့အထိ ပထမဆုံးအကြိမ်အဖြစ် အင်ဒိုပစိဖိတ်ဒေသတွင် တပ်ဖြန့်ချထား လေ့ကျင့်ခြင်းဖြစ်သည်။

ဆင်ဟွာ

ဒေသတွင်းတင်းမာမှုများ ဖြေလျှော့ရန် အီရန်ကို ယူအေအီးတိုက်တွန်း

အဘူဒါဘီ ဇွန် ၁၀

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးက အီရန်နိုင်ငံသည် ပဲ့ထိန်းဒုံးကျည်အစီအစဉ်ကို ရပ်တန့်ထားရမည်ဖြစ်ပြီး ဒေသတွင်းတင်းမာမှုများကို လျှော့ချနိုင်ရေး အခြားနိုင်ငံများ၏ ပြည်တွင်းရေးကိစ္စတွင် ပါဝင်မှုကို ရပ်တန့်ထားရမည်ဟု ပြောကြားခဲ့သည်။

ယူအေအီးနိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ်အဗ္ဗဒူလာဘင်ဇေအယ်နာယန်နှင့် ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ဟီကိုမက်စ်တို့သည် မြို့တော် အဘူဒါဘီတွင် တွေ့ဆုံမှုပြုလုပ်ခဲ့ကြပြီးနောက် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ ယူအေအီးနိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလာက ဆော်ဒီအာရေဗျပိုင် ရေနံတင်သင်္ဘောများအပါအဝင် သင်္ဘောလေးစင်းကို အဖျက်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်ကိုလည်း ရှုတ်ချကြောင်း ပြောကြားခဲ့သည်။

သို့သော် ယင်းကိစ္စကို ကျူးလွန်သူ၏အမည်အား ဖော်ထုတ်သွားခြင်းမရှိဘဲ စုံစမ်းစစ်ဆေးဆဲဟု ပြောကြားသွားသည်။ ဂျာမနီဝန်ကြီးချုပ်ကလည်း မည်သူတစ်ဦးတစ်ယောက်မျှ စစ်ရေးအရ အခြေအနေများတင်းမာလာခြင်းကို မလိုချင်ကြောင်း၊ နျူကလီးယားစာချုပ်ကို ထိန်းသိမ်းနိုင်မည့်နည်းလမ်းများကို ရှာဖွေရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

မြန်မာ ကျပ်ငွေဖြင့် ရောင်းချပေးသည့် ကျောက်မျက် ရတနာပြပွဲ တတိယနေ့ မြင်ကွင်း

အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို ရတနာကုန်သည်များက သက်ဆိုင်ရာတင်ဒါပုံးများတွင် ထည့်သွင်းကြစဉ်။ ဓာတ်ပုံ-ကိုကိုလေး

ရတနာကုန်သည်များက ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို အရည်အသွေးစစ်ဆေးနေကြစဉ်။ ဓာတ်ပုံ-ကိုကိုလေး

ရတနာကုန်သည်များက ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများ၏ အရည်အသွေး ကြည့်ရှုစစ်ဆေးနေစဉ်။ ဓာတ်ပုံ-ခွန်(ဝင်းပ)

ကျောက်စိမ်းအရည်အသွေး ကြည့်ရှုစစ်ဆေးနေစဉ်။ ဓာတ်ပုံ-ကိုကိုလေး

ယာကြီး - ကလေးဝလမ်း အိန္ဒိယနိုင်ငံအကူအညီဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိ

လမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိသော ယာကြီး - ကလေးဝလမ်းပိုင်းတစ်နေရာ။

ကလေး ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့ကြီးများနှင့် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံအတွက် ကုန်သွယ်ရေးတွင် များစွာအထောက်အကူပြုသည့် ယာကြီး -ကလေးဝလမ်းပိုင်းကို အိန္ဒိယနိုင်ငံ၏ ကူညီထောက်ပံ့မှုဖြင့် လမ်းပိုင်းအလိုက် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ရာ လမ်းပိုင်းများအားလုံးပြီးစီးသွားပါက မြန်မာ- အိန္ဒိယ ကုန်သွယ်ရေးတွင် များစွာတိုးတက်လာရုံသာမက ယာကြီး-ကလေးဝလမ်းပိုင်းပေါ်ရှိ ကနီမြို့နယ်အတွင်းရှိ ကျေးရွာများ၊ မင်းကင်းတောင်တွင်းချောင်ဒေသအပါအဝင် မော်လိုက်မြို့၊ ကလေးဝမြို့များပါ လမ်းပန်းဆက်သွယ်ရေးတွင် များစွာကောင်းမွန်လာမည်ဖြစ်သည် ။

မုံရွာမှ ယာကြီး မိုင် ၄၀ အထိ လမ်းပိုင်းမှာ မြေပြန့်ပိုင်းဖြစ်ပြီး ယာကြီး မိုင် ၄၀ မှ လာဘို့ ၅၈/၄ အထိလမ်းပိုင်းမှာ တောင်ပေါ်လမ်းပိုင်းဖြစ်ကာ လမ်းပိုင်းတစ်လျှောက် အတက်အဆင်း အမတ်စောက်ဆုံးအပိုင်းဖြစ်သည်။ ၆၈ မိုင်မှ မိုင် ၇၀ နှင့် ၇၈ မိုင်မှ ၉၃ မိုင် အထိ လမ်းပိုင်းများသည် ရွှေသမင်တောင်ကြောနှင့် နီးကပ်ခြင်း၊ မြေပျော့၍ တောင်ပြိုခြင်းများကြောင့် လမ်းပေါ်တွင် မြေသားများဖုံးအုပ်ခဲ့ပြီး ဆိုးရွားစွာ ပျက်စီးခဲ့မှုများ ဖြစ်ပေါ်လေ့ရှိပြီး မိုးတွင်းကာလတွင် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ခဲ့မှုကို ဒေသခံတို့ နှစ်စဉ်ကြုံတွေ့နေရသည်။

လမ်းပိုင်းများ အရည်အသွေးပြည့်မီစွာ ပြီးစီးကောင်းမွန်ရေးအတွက် အမျိုးသားလွှတ်တော် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ကော်မတီ လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦး၊ ကော်မတီဝန်ထမ်း နှစ်ဦးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသည့် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ တာဝန်ရှိသူများနှင့် လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်ဖြင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်အတွင်း လမ်းတံတားဆောက်လုပ်ရေးလုပ်ငန်းများ၊ BOT စနစ်ဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် လက်ရှိဆောင်ရွက်နေသည့် မြေပြင်အနေအထား အားနည်းချက်၊ အားသာချက်များကို ကူညီပေးနိုင်ရန် ယမန်နေ့က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည် ။

ယာကြီး - ကလေးဝလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ၂၀၁၈ ခုနှစ် မေလအတွင်း စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်းကာလကို သုံးနှစ်ကြာ လုပ်ဆောင်သွားမည်ဖြစ်ရာ ၂၀၂၁ ခုနှစ် မေလတွင် လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ယခုအခါ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအဖြစ် Vertical Curve များ၊ Horizontal Curve များအား ဖြေလျှော့ခြင်း၊ လမ်းကွေ့ဖြောင့်ခြင်း၊ မြေဖို့ခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သျှင်နေမင်း(ဂန့်ဂေါ)

ဒီပဲယင်းမြို့နယ်တွင် ကျွဲ၊ နွား များကို ခွာနာ လျှာနာရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေး

ဒီပဲယင်း ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်အတွင်းရှိကျေးရွာအချို့တွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် တိရစ္ဆာန်ကျန်းမာရေးအကူ လုပ်သား (CHAW) များနှင့် ပူးပေါင်းပြီး ကျွဲ၊ နွားများတွင် ဖြစ်ပွားလေ့ရှိသော ခွာနာ လျှာနာရောဂါများ၏ ကာကွယ်ဆေးများကို လိုက်လံပြီး အခမဲ့ထိုးနှံပေးလျက်ရှိကြောင်း ဒီပဲယင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာဥမ္မာအေး၏ ပြောကြားချက်အရ သိရသည်။

"ခွာနာလျှာနာရောဂါ ကာကွယ်ဆေး အခမဲ့လိုက်ပြီး ထိုးနှံပေးတဲ့ ကျေးရွာတွေက လယ်ယာလုပ်ငန်းတွေမှာ ကျွဲ၊ နွားတွေကို အများဆုံးအသုံးပြုကြတဲ့ ကျေးရွာတွေဖြစ်တယ်။ တချို့လည်း မွေးမြူကြတယ်။ အဲဒီကျွဲ၊ နွားတွေမှာ ရောဂါဖြစ်ပွားမှုမရှိစေဖို့အတွက် လိုက်လံထိုးနှံပေးတာပါ။ ကာကွယ်ဆေးထိုးလုပ်ငန်းဖြစ်မြောက်ဖို့အတွက် ကတော့ နယူးဇီလန်နိုင်ငံရဲ့ အထောက်အပံ့နဲ့ လုပ်ဆောင်ပေးတာ ဖြစ်ပါတယ်" ဟု မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူးက ပြောသည်။

ကျွဲ၊ နွားများကို ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံပေးနေစဉ်။

ဒီပဲယင်းမြို့နယ်အတွင်းရှိ သရက်ကောင်း၊ ရွှေဒါးကန်၊ ခြုံရွာ၊ ရှမ်းတော၊ မင်းဆွေနှစ်၊ တနယ်ကြီးကုန်း၊ အိမ်ယာ၊ ဝပါနှင့် ကျခတ်ကျေးရွာတို့တွင် ဇွန် ၉ ရက် အထိ ကျွဲ၊ နွားကောင်ရေ ၁၉၅၄ ကောင်ကို ထိုးနှံပြီးစီးခဲ့ကြောင်း ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဇွန် ၈ ရက်မှ ၁၂ ရက်အထိ ကျေးရွာ ပေါင်း ၂၆ ရွာရှိ ကျွဲ၊ နွားများအား လိုက်လံထိုးနှံပေးလျက်ရှိကြောင်းသိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

မှုခင်းကျဆင်းရေး အသိပညာပေး

နတ်တလင်း ဇွန် ၁၀ - ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် နွယ်ကျေးရွာမူလတန်း (မူလွန်) ကျောင်းတွင် ယမန်နေ့က သက်ငယ်မှုဒိမ်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မှုခင်းကျဆင်းရေး အသိပညာပေးဟောပွဲ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ယာယီရဲမှူး ကျော်နိုင်က သက်ငယ်မှုဒိမ်းမှုမဖြစ်ပွားစေရန် လိုက်နာဆောင်ရွက်ရမည့် အကြောင်းအရာများ၊ ဖြစ်ပွားလာပါက ဆောင်ရွက်ရမည့် အခြေအနေနှင့် ယာဉ်အန္တရာယ်နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ အခြားသော မှုခင်းများအကြောင်းတို့ကို ရှင်းလင်းပြောကြားရာ နွယ်ခွေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးရဲဝင်းထွဋ်၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ဒေသခံပြည်သူများ တက်ရောက်ကြကြောင်းသိရသည်။

တင်မြင့် (နတ်တလင်း)

မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သော နေရာများစီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၀-၆-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၆၉၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၀၆၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၆၉၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၀၆၁၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၈၈၅/၉၄၀ ကျပ်	၉၄၅/၉၆၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၉၅/၉၅၀ ကျပ်	၉၆၀/၉၇၅ ကျပ်
အောက်တိန်း ၉၂	၇၇၀/၈၅၀ ကျပ်	၈၇၅/၉၀၀ ကျပ်
အောက်တိန်း ၉၅	၈၅၀/၉၂၀ ကျပ်	၉၄၀/၉၈၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၅၂၇ · ၄
ဥရောပ	တစ်ယူရို	ကျပ်	၁၇၂၅ · ၄
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၁၁၇ · ၂
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၉၃၇ · ၉
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၄၀၆ · ၃
သြစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၁၀၆၄ · ၀
တရုတ်	တစ်ယွမ်	ကျပ်	၂၂၀ · ၂၉
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၁ · ၉၆၉
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၂၈ · ၆၇
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၆၆ · ၈၅
ထိုင်း	တစ်ဘတ်	ကျပ်	၄၈ · ၆၈၂

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ပဲခူးနှင့် ကမ္ဘောဇသာဒီ နန်းတော်

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံသမိုင်းတွင် မင်းနေပြည်တော်တစ်ခုဖြစ်ခဲ့သည့် ပဲခူးမြို့သို့ လာရောက်ကြသည့် ပြည်တွင်းပြည်ပ ခရီးသွားများသည် ပဲခူးမြို့ရှိ သမိုင်းဝင် စေတီ၊ ပုထိုးများသို့ သွားရောက်ဖူးမြော်လေ့ရှိကြသကဲ့သို့ တစ်ချိန်က ဘုရင့်နန်းတော်ဖြစ်ခဲ့သည့် ကမ္ဘောဇသာဒီနန်းတော်(ပုံတူ) အဆောက်အအုံသို့လည်း လည်ပတ်လေ့ရှိကြပေသည်။ အထူးသဖြင့် ထိုင်းနိုင်ငံမှ ခရီးသွားများသည် ယင်းတို့နိုင်ငံသမိုင်းနှင့် ဆက်စပ်ခဲ့သည့် ဘုရင့်နောင်မင်းတရား တည်ဆောက်ခဲ့သော ကမ္ဘောဇသာဒီနန်းတော်သို့ အများဆုံး လာရောက်လေ့ရှိကြသည်။

ဘုရင့်နောင်မင်းတရားသည် အစိတ်စိတ်အမြွာမြွာ ကွဲနေခဲ့သည့် မြန်မာနိုင်ငံတော်ကို ဒုတိယအကြိမ် စည်းရုံးတည်ထောင်ခဲ့ပြီးနောက် ပဲခူးမြို့၌ ဘုရင့်နန်းတော်ကို တည်ဆောက်ခဲ့သည်။

မြန်မာ့သမိုင်းထဲမှ တောင်ငူခေတ်

တောင်ငူခေတ်တွင် မင်းကြီးညို(ခရစ်နှစ် ၁၄၈၅-၁၅၃၁)၊ တပင်ရွှေထီး(၁၅၃၁-၁၅၅၀)၊ ဘုရင့်နောင်(၁၅၅၁-၁၅၈၂)နှင့် နန္ဒဘုရင်(၁၅၈၂-၁၆၀၀)ဟူသည့် မင်းဆက် လေးဆက်သာ ရှိခဲ့သည်။ ပုဂံပျက်ပြီးနောက် မြန်မာနိုင်ငံသည် ဝါးအစည်းပြေသကဲ့သို့ ပြိုကွဲကာ ရှမ်း၊ မြန်မာ၊ မွန် နှင့် ရခိုင် ပဒေသရာဇ်နိုင်ငံငယ်များ ပေါ်ပေါက်လာခဲ့ပြီး တစ်ဦးနှင့်တစ်ဦး စည်းလုံးညီညွတ်ခြင်းမရှိဘဲ တိုက်ပွဲများ ဆင်နွှဲခဲ့ကြသည်။ ပုဂံခေတ်နောက်ပိုင်းတွင် ပေါ်ထွန်းခဲ့သည့် ပင်းယနှင့် စစ်ကိုင်း ပျက်စီးပြီးနောက် အထက်မြန်မာနိုင်ငံသည် အဝ(အင်းဝ)ကို ဗဟိုပြု၍ ပြန်လည် စည်းရုံးလာသကဲ့သို့ အောက်မြန်မာနိုင်ငံသည် ဟံသာဝတီကို ဗဟိုပြု၍ အင်အားကောင်းလာခဲ့သည်။

၁၅၁၀ ပြည့်နှစ် အောက်တိုဘာ ၁၆ ရက်တွင် မင်းကြီးညိုသည် ကေတုမတီမြို့ကို တည်ခဲ့ပြီး ၁၅၁၅ ခုနှစ် ဧပြီ ၂၈ ရက်တွင် မိဖုရား ငွေယ်ကုန်းစားသမီး ရာဇဒေဝီက သားတော်တပင်ရွှေထီးကို ဖွားမြင်ခဲ့သည်။ တပင်ရွှေထီးသည် ၁၅၃၀ ပြည့်နှစ် နိုဝင်ဘာ ၂၅ ရက်မှ ၁၅၅၀ ပြည့်နှစ် မေ ၁ ရက်အထိ နန်းစံခဲ့ပြီးနောက် ဘုရင့်နောင်သည် တောင်ငူဘုရင် ဖြစ်လာခဲ့သည်။ ဘုရင်ဖြစ်လာပြီးနောက် ဘုရင့်နောင်သည် ပဲခူးမြို့၌ ကမ္ဘောဇသာဒီနန်းတော်ကို ဆောက်လုပ်ခဲ့ပြီး ၁၅၆၇ ခုနှစ် မတ်လ ၁၃ ရက်တွင် ခေမာဒ္ဒါရတံခါးမှဝင်၍ နန်းတက်ခဲ့သည်။ (ဘုရင့်နောင်မင်းတရား နန်းတက်သည့် ရက်စွဲကို ဦးကုလား မဟာရာဇဝင်၊ မှန်နန်းရာဇဝင်နှင့် တွင်းသင်း မဟာရာဇဝင်သစ်တို့တွင် ဖော်ပြထားမှုမှာ တစ်ခုနှင့်တစ်ခု မတူညီကြသဖြင့် ဤဆောင်းပါးတွင် တွင်းသင်းမှုကို ယူပါသည်။)

ဘုရင့်နောင်မင်းတရားသည် ၁၅၈၂ ခုနှစ်အောက်တိုဘာလ ၃၀ ရက်တွင် နတ်ရွာစံခဲ့ပြီးနောက် သားတော် နန္ဒမင်းသားက ထီးနန်းကို ဆက်ခံခဲ့သည်။ နန္ဒဘုရင်သည် ၁၆၀၀ ပြည့်နှစ် နိုဝင်ဘာ ၂၀ ရက်တွင် နတ်ရှင်နောင် လုပ်ကြံသဖြင့် အနိစ္စရောက်ခဲ့ကာ တောင်ငူခေတ် အဆုံးသတ်ခဲ့သည်။

ရာဇဝင်ထဲမှ ပဲခူး

ပဲခူးမြို့သည် ရန်ကုန်မြို့မှ မိုင် ၅၀ ကွာဝေးလျက် မြေပုံအညွှန်းအရ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၄ မိနစ်နှင့် ၁၇ ဒီဂရီ ၅၀ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ်နှင့် ၉၆ ဒီဂရီ ၄၁ မိနစ်အကြား၌ တည်ရှိသည်။ လက်ရှိ ပဲခူးမြို့နယ်သည် ၁၁၂၁ ဒသမ ၆၆ စတုရန်းမိုင် ကျယ်ဝန်းပြီး အရှေ့ဘက်တွင် ဝေါမြို့နယ်နှင့် သနပ်ပင်မြို့နယ်၊ အနောက်ဘက်တွင် လှည်းကူးမြို့နယ်၊ တိုက်ကြီးမြို့နယ်နှင့် သာယာဝတီမြို့နယ်၊ တောင်ဘက်တွင် ကဝမြို့နယ်၊ မြောက်ဘက်၌ ဒိုက်ဦးနှင့် လက်ပံတန်းမြို့နယ်တို့နှင့် ထိဆက်နေသည်။ လက်ရှိ ပဲခူးမြို့နယ်ကို မြို့သုံးမြို့(ပဲခူး၊ ဘုရားကြီးနှင့် အင်းတကော်)၊ ရပ်ကွက် ၄၀၊ ကျေးရွာအုပ်စု ၆၅ စု၊ ကျေးရွာ ၂၁၁ ရွာဖြင့် ဖွဲ့စည်းထားသည်။

မြန်မာ့သမိုင်း၌ အလွန်ထင်ရှားခဲ့သည့် ပဲခူးမြို့နယ်တွင် ဘုရားစေတီ ၇၈ ဆူ အပါအဝင် သမိုင်းဝင် သာသနိက အဆောက်အအုံများသည် ယနေ့တိုင် တည်ရှိနေကြသည်။ ယင်းတို့အနက် ရွှေမော်ဓော၊ ကျိုက်ပွန်၊ ရွှေသာလျောင်း၊ စိန်သာလျောင်း၊ မြသာလျောင်း၊ မဟာစေတီ၊ ကိုးသိန်းကိုးသန်း၊ ဒေးစွန်ပါ စသည့် ဘုရားစေတီများသည် အလွန်ထင်ရှားကြသည်။ ထို့အတူ ပဲခူးမြို့ နန်းတော်ရာရပ်ကွက်တွင် တည်ရှိသည့် ကမ္ဘောဇသာဒီ နန်းတော်သည်လည်း ပဲခူးမြို့၏ ထင်ရှားသော သမိုင်းဝင် အဆောက်အအုံတစ်ခု ဖြစ်ပေသည်။

ပဲခူးကို ရှေးအခါက ပဲကူး၊ ဥဿာ၊ ဟံသာဝတီဟု ခေါ်ဆိုခဲ့ကြသည်။ ပဲခူးမြို့တည်နေရာသည် ဟင်္သာ၊ ဝမ်းဘဲများ ကူးသန်းသည့်နေရာ ဖြစ်သဖြင့် ဝမ်းဘဲကူးဟု ခေါ်ဆိုခဲ့ကြပြီး ကာလရွေ့လျောလာချိန်တွင် ဝမ်းပဲကူး၊ ပဲကူး၊ ပဲခူးဟု ပြောင်းလဲခဲ့သည်။ ပုဂံခေတ်နှောင်းပိုင်းတွင် အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်မှ ကုန်သည်များသည် ပဲခူးသို့ လာရောက်ကုန်သွယ်ခဲ့ကြရာ ပဲခူးနယ်သည် ဩရိသပြည်နယ်နှင့် တူသည်ဟုဆိုကာ ဩရိသဟု ခေါ်ဆိုခဲ့ပြီး နောက်ပိုင်းတွင် ဥဿာဟု ပြောင်းလဲခဲ့သည်။

ပဲခူးမြို့နေရာသည် တစ်ချိန်က ရေများဖုံးလွှမ်းနေသည့် ရေပြင်ကျယ်ကြီးဖြစ်ခဲ့ပြီး ဟင်္သာဖိုမနှစ်ကောင်သည် ရေပြင်ကိုဖြတ်၍ ပျံသန်းခဲ့စဉ် ကုန်းမြေကွက်ငယ်တစ်ခုတွင် နားခဲ့ကြသည်။ ယင်းကုန်းမြေငယ်သည် ယခု ဟင်္သာကုန်းနေရာဟု အဆိုရှိကာ ယင်းနေရာတွင် ပဲခူးမြို့ကို တည်ခဲ့သဖြင့် ဟင်္သာကျွန်း၊ ဟံသာကုန်းမှ ဟံသာဝတီဖြစ်လာခဲ့သည်။

ဟံသာဝတီခေတ် မော်ကွန်းတင်စာတမ်းများအရ ဟံသာဝတီ ခေတ်သုံးခေတ်တွင် သမလနှင့် ဝိမလ ညီနောင်မှစ၍ တိဿမင်း အုပ်စိုးခဲ့ချိန်အထိ ၃၁၂ နှစ်ကို ပထမ ဟံသာဝတီခေတ်၊ ဗညားဦးမှ သုရှင်တကာရွတ်ပိ အုပ်စိုးခဲ့ချိန်အထိ ၁၈၆ နှစ်ကို ဒုတိယ ဟံသာဝတီခေတ်၊ တပင်ရွှေထီးမှ နန္ဒဘုရင် အုပ်စိုးခဲ့ချိန်အထိ ၅၈ နှစ်ကို တတိယဟံသာဝတီခေတ်ဟု ပိုင်းခြားခဲ့သည်။

ကမ္ဘောဇသာဒီ

ကေတုမတီ(တောင်ငူ)တွင် နန်းစံခဲ့သည့် တပင်ရွှေထီးသည် ၁၅၃၉ ခုနှစ်တွင် ဥဿာပဲခူးကို အနိုင်ယူခဲ့ပြီးနောက် မင်းနေပြည်တော်ကို တောင်ငူမှ ပဲခူးသို့ ပြောင်းရွှေ့ခဲ့သည်။ ၁၅၅၁ ခုနှစ်တွင် ဘုရင့်နောင်သည် ဥဿာထီးနန်းကို ဆက်ခံခဲ့ကာ ကမ္ဘောဇသာဒီနန်းတော်အနီးတွင် မြို့သစ်တည်ထောင်၍ နန်းတော်ကို စီရင်ဆောက်လုပ်ရန် မွန်အမတ် ဗညားဒလကို တာဝန်ပေးခဲ့သည်။

မူလနန်းတော်နှင့် အနီးစပ်ဆုံး ပြန်လည်တည်ဆောက်ထားသည့် ကမ္ဘောဇသာဒီနန်းတော် အတွင်းတစ်နေရာ

ဘုရင့်နောင်မင်းတရားသည် အရှေ့အနောက် ၄၇၂ တာ၊ တောင်မြောက် ၅၂၈ တာ (မြို့ဝန်း တာ ၂၀၀၀)ရှိသည့် မြို့သစ်ကိုတည်၍ မြို့ရိုးတစ်မျက်နှာ၌ တံခါးပေါက် ငါးပေါက်စီ ပြုလုပ်ကာ မြို့တံခါး ၂၀ ကို မြို့အမည်များ ပေးခဲ့သည်။ အရှေ့ဘက်မြို့ရိုးတွင် ပြည်၊ အဝ၊ တောင်ငူ၊ လင်းဇင်းနှင့် ဒလ တံခါး၊ အနောက်ဘက်မြို့ရိုးတွင် ကလေး၊ မိုးနဲ၊ ညောင်ရွှေ၊ သာယာဝတီနှင့် သိန္နီတံခါး၊ တောင်ဘက်မြို့ရိုး၌ ဇင်းမယ်၊ အုန်းဘောင်၊ မိုးညှင်း၊ မိုးကောင်းနှင့် ထားဝယ်တံခါး၊ မြောက်ဘက်မြို့ရိုးတွင် တနင်္သာရီ၊ ယိုးဒယား၊ မုတ္တမ၊ ပုခန်းနှင့် ပုသိမ်တံခါးတို့ ရှိခဲ့သည်။ (အလောင်းမင်းတရား ဦးအောင်ဇေယျသည် ၁၇၅၇ ခုနှစ် မေ ၁၂ ရက်တွင် ဟံသာဝတီကို အောင်ခဲ့ရာ တောင်ဘက် မိုးညှင်းတံခါးမှဝင်၍ မြို့ကိုသိမ်းခဲ့သည်။)

ဘုရင့်နောင်မင်းတရားသည် ၁၅၆၆ ခုနှစ် အောက်တိုဘာ ၂၂ ရက်မှစ၍ အိမ်တစ်အိမ်လျှင် လူတစ်ယောက် ဆင့်ခေါ်ကာ ဟံသာဝတီမြို့ကို စတင်တည်လုပ်၍ နိုဝင်ဘာ ၁၆ ရက်တွင် ဟံသာဝတီမြို့၊ ရွှေမော်ဓောနှင့် ပိဋကတ်တိုက် သုံးဌာနကို တစ်ပြိုင်တည်း တည်ခဲ့သည်။ မြို့တော် တည်ဆောက်ချိန်သည် ငါးနှစ် ကြာမြင့်ခဲ့ကာ ၁၅၇၁ ခုနှစ် ဒီဇင်ဘာလ ၄ ရက်တွင် လွှတ်တော်သိမ်းပြီးမှ မင်းနေပြည်တော်စစ်စစ် ဖြစ်လာခဲ့သည်။

ကမ္ဘောဇသာဒီ နန်းတော်ကို တည်ခဲ့စဉ်က မှူးမတ်များက သစ်လုံးတစ်လုံးစီ ထည့်ပေးခဲ့ရကာ မြို့စားများက မိဖုရားများနှင့် ကိုယ်လုပ်တော်များအတွက် အဆောင်များ တည်ဆောက်ပေးခဲ့ကြရသည်။ ဘုရင့်နောင်မင်းတရား၏ မိဖုရားငါးပါးအတွက် စကြာသုံးထပ်အဆောင်များ ဆောက်လုပ်ခဲ့သည်။

မဇ္ဈိမဒေသ မင်းဧကရာဇ်များ၏ နန်းတော်ပုံကိုမှီး၍ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း မှန်းဆရေးဆွဲခဲ့သည့် ကမ္ဘောဇသာဒီနန်းတော်၏ ပုံတွင် လည်ပေါ်နှစ်ဆင့်၊ ရွှေနန်းဆောင်ခြောက်ဆောင်၊ ဘုံခုနစ်ဆင့် ရွှေနန်းပြာသာဒ်ဆောင်နှင့် လည်ပေါ်တစ်ဆင့် ကန္နားကြီးဆောင်တို့ ပါဝင်ခဲ့သည်။

ကမ္ဘောဇသာဒီ နန်းတော်ကြီးကို တည်ဆောက်ခဲ့သည့် ဘုရင့်နောင်မင်းတရားသည် ၁၅၈၂ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် နတ်ရွာလားခဲ့ပြီး သားတော် နန္ဒမင်းသားက ထီးနန်းကို ဆက်ခံခဲ့သည်။ နန္ဒဘုရင်လက်ထက် ၁၅၉၈ ခုနှစ်တွင် တောင်ငူဘုရင်နှင့် ရခိုင်ဘုရင် ပူးပေါင်း၍ ဟံသာဝတီကို တိုက်ခိုက်အောင်မြင်ခဲ့ကြပြီးနောက် ဟံသာဝတီ မင်းနေပြည်ကို မီးရှို့ခဲ့သဖြင့် ကမ္ဘောဇသာဒီ နန်းတော်ကြီးသည် မီးလောင်ပျက်စီးကာ ကွယ်ပျောက်သွားခဲ့သည်။

ရှေးဟောင်းသုတေသန တူးဖော်မှုများ

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (ယခု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)သည် (၁)မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော ဒုတိယမြန်မာနိုင်ငံတော် ထူထောင်ခဲ့သူ ဘုရင့်နောင်မင်းတရားကြီး၏ နန်းတော်ဆောင်နေရာများကို ပြန်လည်ဖော်ထုတ် သုတေသနပြုရန်၊ (၂)တူးဖော်မှုမှ တွေ့ရှိရသော အဆောက်အအုံ ပန္နက်ပုံ အထောက်အထားများ၊ ရှေးဟောင်းပစ္စည်းများကို ရှာဖွေစုဆောင်း ထိန်းသိမ်းထားရှိရန်၊ (၃)တူးဖော်တွေ့ရှိမှုမှ ရရှိသော အကြွင်းအကျန် အထောက်အထားများကို အမှီပြု၍ ဗိသုကာပုံစံထုတ် ပြန်လည်တည်ဆောက်ခြင်းအားဖြင့် ရှေးတစ်ခေတ်က မြန်မာတို့၏ ကိုယ့်ထီးကိုယ့်နန်းဖြင့် တင့်တယ်စွာ နေထိုင်ခဲ့ကြပုံကို နောင်လာနောက်သားတို့ သိရှိစေရန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊ ဇာတိသွေး ဇာတိမာန် တက်ကြွစေရေးကို အထောက်အကူပြုရန် ဟူသည့် ရည်ရွယ်ချက် သုံးရပ်ဖြင့် ကမ္ဘောဇသာဒီ နန်းတော် တူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ရှေးဟောင်းသုတေသန ဦးစီးဌာနသည် ကမ္ဘောဇသာဒီ နန်းတော်ရာနေရာ မြေပြင်ကွင်းဆင်းလေ့လာမှု(Exploration)လုပ်ငန်းများကို ၁၉၉၀ ပြည့်နှစ် အစောပိုင်းတွင် စတင်ဆောင်ရွက်ခဲ့ပြီးနောက် ၁၉၉၁ ဧပြီ ၂၅ ရက်တွင် နန်းတော်ရာ တူးဖော်မှုများကို စတင်ဆောင်ရွက်ခဲ့သည်။ ကမ္ဘောဇသာဒီ နန်းတော်ရာ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ၁၉၉၇ ခုနှစ်အထိ နှစ်အလိုက် ဆောင်ရွက်ခဲ့ပြီး ၂၀၀၁ ခုနှစ်အထိ သုတေသနပြုခဲ့သည့် ကာလအတွင်း အုတ်ပန္နက်ခုံ အကြွင်းအကျန်များ၊ မီးသင့်ထားသည့် ကျွန်းတိုင်လုံးများ၊ ဗုဒ္ဓဆင်းတုတော်များနှင့် ရှေးဟောင်းပစ္စည်းများကို ရရှိခဲ့သည်။

ရှေးဟောင်းသုတေသနဆိုင်ရာ လေ့လာတွေ့ရှိချက်များအရ အချို့နန်းဆောင် အဆောက်အအုံများ၏ အုတ်ပန္နက်ခုံများသည် ဘုရင့်နောင်မင်းတရား တည်ဆောက်ခဲ့သည့် အဆောက်အအုံများ၏ အုတ်ရိုးများဟု ယူဆရသကဲ့သို့ အချို့အုတ်ရိုးများသည် ဘုရင့်နောင်မင်းတရားကြီးခေတ် နောက်ပိုင်းတွင် တည်ဆောက်ခဲ့သည့် အဆောက်အအုံများ၏ ပန္နက်များဟု ယူဆနိုင်ခဲ့သည်။ တူးဖော်တွေ့ရှိခဲ့သည့် ကျွန်းတိုင်လုံးများ၏ အခြေတွင် သစ်ထွင်းစာများ ပါရှိခဲ့ရာ လက်ရေးစာများ၏ ပုံသဏ္ဍာန်အရ ၁၆ ရာစုက ရေးသားခဲ့သည့် စာများဖြစ်ကြောင်း သုံးသပ်နိုင်ခဲ့သည်။ ထို့အပြင် ယင်းသစ်လုံးများတွင် ရေးထွင်းထားသည့် နေမျိုးကျော်ထင်၊ လက်ယာရန္တသူ၊ လက်ယာရန္တမိတ် စသည့် အမည်များသည် ထိုခေတ်က မင်းမှုထမ်းခဲ့သည့် အမတ်ကြီးများ၏ အမည်များဖြစ်ကြောင်း တွေ့ရှိခဲ့ကြရပေသည်။

နန်းတော်ပုံစံတူ ပြန်လည်ဆောက်လုပ်ခြင်း

ကမ္ဘောဇသာဒီ နန်းတော်ဟောင်းနေရာတွင် နန်းတော်ကြီးကို ရှေးမူမပျက် ပြန်လည်တည်ဆောက်နိုင်ရန် ရှေးဟောင်းနန်းတော် ပန္နက်ပုံစံများ၊ စာပေ အထောက်အထားများနှင့် ဗိသုကာလက်ရာများကို ရှာဖွေစုဆောင်းခဲ့ကြသည်။ ၁၆ ရာစု ဗိသုကာလက်ရာများ ကျန်ရှိနေသည့် ကလျာဏီသိမ်၊ ရွှေဂူကြီး၊ ရွှေမော်ဓော အစရှိသည့် နေရာများသို့ သွားရောက်လေ့လာမှတ်ယူခဲ့ကာ ဆရာကြီး ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၏ မှတ်တမ်းများ၊ ဆရာကြီး တမ္ပဝတီ ဦးဝင်းမောင်၏ မြန်မာမှု မှတ်တမ်း ဆောင်းပါးများ အပါအဝင် သမိုင်းအထောက်အထားများနှင့် တိုက်ဆိုင်ညှိနှိုင်းကာ ပညာရှင်များနှင့်ဆွေးနွေး၍ မူလနန်းတော်နှင့် အနီးစပ်ဆုံးဖြစ်ဖွယ်ရှိသည့်ပုံစံကို ရေးဆွဲခဲ့သည်။

ကမ္ဘောဇသာဒီနန်းတော် ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးက တာဝန်ယူတည်ဆောက်၍ မြန်မာမှုလုပ်ငန်းများကို မြန်မာမှုပညာရှင် တမ္ပဝတီဦးဝင်းမောင်က ဦးစီးဆောင်ရွက်ခဲ့သည်။

ဘမရာသန ပလ္လင်ဆောင်ကို ၁၉၉၄ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် အုတ်မြစ်ချ၍ ဩဂုတ် ၅ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၉၇ ခုနှစ်တွင် ပြီးစီးခဲ့သည်။ အချင်းသုံးပေရှိသည့် ကွန်ကရစ်တိုင် ၆၄ တိုင်ဖြင့် တည်ဆောက်ထားပြီး အမြင့် ၁၃၃ ပေရှိသည့် ယင်းအဆောင်၏ အောက်ခြေအုတ်ခုံသည် ၉၂ ပေပတ်လည်ဖြစ်၍ ပြာသာဒ်ဘုံ ခုနစ်ဆင့် တင်ခဲ့သည်။ ဘမရာသန ပလ္လင်ဆောင်တွင် ပလ္လင်တော်ထားရှိသည့်အခန်းနှင့် သလွန်တော်ထားရှိသည့်အခန်းတို့ ပါဝင်သည်။

မြေနန်းပြာသာဒ်ဆောင်ကို ၁၉၉၅ ခုနှစ် မတ် ၁၉ ရက်တွင် အုတ်မြစ်ချခဲ့ကာ အောက်ခံအုတ်မြစ်သည် ၈၇ ပေ ၆ လက်မ ပတ်လည်ရှိ၍ အချင်းသုံးပေရှိသည့် ကွန်ကရစ်တိုင် ၄၀ ဖြင့် တည်ဆောက်ခဲ့သည်။ အဆောင်၏ အရပ်လေးမျက်နှာ၌ ဘုံငါးဆင့်ပါ ပြာသာဒ်ငယ်လေးခု ရံလျက် အလယ်တွင် ဘုံ ခုနစ်ဆင့်ပါ ပြာသာဒ်ကို ထည့်သွင်းတည်ဆောက်ခဲ့ရာ ၁၉၈ ပေ မြင့်သည်။

မြေနန်းဆောင်၏ ဝဲယာရှိ ဝင်းဆောင်နှစ်ဆောင်သည် အလျား ၁၄၄ ပေ၊ အနံ ၅၆ ပေနှင့် အမြင့် ပေ ၄၀ စီရှိကာ အဆောင်တစ်ခုစီကို တိုင် ၅၂ လုံးစီဖြင့် တည်ဆောက်ခဲ့သည်။ စမုတ်ဆောင်ကို အချင်း နှစ်ပေခွဲရှိသည့် ကွန်ကရစ်တိုင် ၁၆ တိုင်ဖြင့် တည်ဆောက်ထားပြီး အလျား ၄၆ ပေ၊ အနံ ၃၈ ပေနှင့် အမြင့် ပေ ၄၀ ရှိသည်။ မြေနန်းပြာသာဒ်ဆောင် ပြန်လည်တည်ဆောက်မှုသည် ၂၀၀၂ ခုနှစ်တွင် ပြီးစီးခဲ့ကာ မြေနန်းပြာသာဒ်ဆောင်တွင် ခြင်္သေ့ခံပလ္လင်နှင့် လက်ဝဲ လက်ယာ မင်းခမ်းတော်များကို ပြသထားသည်။

လက်ဝဲနှင့် လက်ယာ ဝင်းဆောင်များတွင် နန်းတော်ရာ တူးဖော်စဉ်က ရရှိခဲ့သည့် မီးသင့်ထားသော ကျွန်းတိုင်လုံးများကို တူးဖော်စဉ်က တွေ့ရှိရသည့်အတိုင်း ခင်းကျင်းပြသထားသည်။ စာများပါသည့် ကျွန်းတိုင်နှင့် ပန်းပုရုပ်များပါရှိသည့် ကျွန်းပြားကြီး၊ ဥဿာကန်တူးဖော်ရာမှ ရရှိခဲ့သော သစ်တစ်လုံးထွင်းလှေ၊ မြင်း ၁၆ ကောင်ဆွဲသည့် ရထားလှည်း၏ ပုံစံတူနှင့် နန်းတော်ရာတူးဖော်မှု မှတ်တမ်းဓာတ်ပုံများ ပြသထားသည်။

ဟံသာဝတီ ရှေးဟောင်းသုတေသန ပြတိုက်

ပဲခူးမြို့နန်းတော်ကုန်း (၉)လမ်းနှင့် (၁၀)လမ်းအကြားတွင် တည်ရှိသည့် ဟံသာဝတီ ရှေးဟောင်းသုတေသန ပြတိုက်သည် ၃၆၀၀ စတုရန်းပေ ကျယ်ဝန်း၍ ရှစ်မြှောင့်ပုံ တစ်ထပ်ကွန်ကရစ်အဆောက်အအုံဖြစ်သည်။ ပြတိုက်ကို ၁၉၉၃ ခုနှစ်တွင် အသင်းအဖွဲ့များကို သတ်မှတ်ချက်ဖြင့် ဖွင့်လှစ်ပြသခဲ့ပြီး ၁၉၉၆ ခုနှစ် အောက်တိုဘာလမှ စတင်ကာ ပြည်ပဧည့်သည်များအား ဝင်ကြေးကောက်ခံ၍ ပြသခဲ့သည်။ ၁၉၉၇ ခုနှစ် မေလတွင် ပြည်တွင်းဧည့်သည်များကိုပါ ဝင်ကြေးကောက်ခံ၍ ပြသခဲ့သည်။

ဟံသာဝတီ ရှေးဟောင်းသုတေသန ပြတိုက်တွင် ကမ္ဘောဇသာဒီနန်းတော်ရာ တူးဖော်မှုမှ တွေ့ရှိခဲ့သည့် ရှေးဟောင်းအမွေအနှစ် ပစ္စည်းများနှင့် ပဲခူးတိုင်းအတွင်းမှ ရှာဖွေစုဆောင်းနိုင်ခဲ့သည့် ရှေးဟောင်းရုပ်ဝတ္ထုပစ္စည်းများ စုစုပေါင်း ၃၄၅ ခုကို အခန်း ခုနစ်ခန်းခွဲကာ ပြသထားပေသည်။

ပြတိုက်တွင် ထူးခြားချက်တစ်ရပ်အဖြစ် မြေနန်းပြာသာဒ်ဆောင် လက်ဝဲဝင်းမှ ရရှိခဲ့သည့် စာပါသော ကျွန်းတိုင်တစ်လုံးနှင့် စာမပါသော ကျွန်းတိုင်တစ်လုံးတို့ကို သစ်တောဦးစီးဌာနက သက်တမ်းတွက်ချက်ထားပုံကို ပြသထားသည်။ ယင်းကျွန်းတိုင်များ၏ သက်တမ်းသည် အလယ်အူတိုင် ခုနစ်နှစ်၊ အကာ သုံးနှစ်၊ သစ်ရစ်ရေတွက်မှုအရ နှစ် ၁၇၀၊ စုစုပေါင်း နှစ် ၁၈၀ ဖြစ်ကြောင်း သိရှိခဲ့ရပေသည်။

ပုဂံ ရွှေစည်းခုံစေတီ အရှေ့ဘက်မုခ်တွင် ချိတ်ဆွဲထားသည့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်တစ်ခုဖြစ်သော ဘုရင့်နောင်မင်းခေါင်းလောင်းစာ၌ ဘုရင့်နောင်မင်းတရားကြီးသည် သက္ကရာဇ် ၉၁၂ ခု တပို့တွဲလဆန်း ၅ ရက် (ခရစ်နှစ် ၁၅၅၁ ခုနှစ် ဇန်နဝါရီ ၁၁ ရက်) တနင်္ဂနွေနေ့တွင် ကေတုမတီကို အောင်မြင်ခဲ့ကာ သက္ကရာဇ် ၉၁၃ ခုနှစ် တော်သလင်းလကွယ်နေ့(ခရစ်နှစ် ၁၅၅၁ ခုနှစ် ဩဂုတ်လ ၃၀ ရက်) စနေနေ့တွင် သရေခေတ္တရာကို အောင်နိုင်ခဲ့သည်။ သက္ကရာဇ် ၉၁၃ ခုနှစ် တန်ခူးလဆုတ် ၃ ရက်(ခရစ်နှစ် ၁၅၅၂ ခုနှစ် မတ်လ ၁၂ ရက်) စနေနေ့တွင် ရေကြောင်း၊ ကြည်းကြောင်းဖြင့် ဟံသာဝတီသို့ ချီခဲ့ပြီး ဟံသာဝတီကို အောင်နိုင်ခဲ့ကာ သက္ကရာဇ် ၉၁၅ ခုနှစ် တပို့တွဲလဆန်း ၁၀ ရက် (ခရစ်နှစ် ၁၅၅၄ ဇန်နဝါရီ ၁၂ ရက်) သောကြာနေ့တွင် မင်းမိဖုရားနှစ်ပါးသည် ဘိသိက်မင်္ဂလာခံတော်မူ၍ ကမ္ဘောဇသာဒီနန်း၌ စံမြန်းခဲ့သည်ဟု ရေးထိုးထားသည်။ တွင်းသင်းရာဇဝင်တွင် ရေးသားထားသည့် ရက်စွဲများနှင့် ခေါင်းလောင်းစာတွင် ပါရှိသည့် ရက်စွဲများ ကွဲလွဲလျက်ရှိရာ ခေါင်းလောင်းစာကိုသာ အမှန်ယူရမည်ဖြစ်ပေသည်။

မြန်မာ့သမိုင်းတွင် ထင်ရှားစွာ တည်ရှိခဲ့သည့် ကမ္ဘောဇသာဒီ နန်းတော်သည် မီးလောင်ပျက်စီးခဲ့သည့်တိုင် မူလပုံစံနှင့် အနီးစပ်ဆုံး ပြန်လည်တည်ဆောက်ထားသည့် လက်ရှိနန်းတော်ကြီးသည်ပင် ပြည်တွင်းပြည်ပခရီးသွားများ ပဲခူးမြို့သို့ သွားရောက်လေ့လာကြရသည့် သမိုင်းဝင် အဆောက်အအုံတစ်ခုအဖြစ် ထင်ရှားစွာ တည်ရှိနေပေသည်။ ။

မြန်မာ-ထိုင်း ချစ်ကြည်ရေး မောတောင်-ပရာကျော့ စက်ဘီးစီးပွဲတော် ကျင်းပမည်

မြိတ် ဇွန် ၁၀
မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး စက်ဘီးစီးပွဲတော်ကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ MABC(Myeik) စက်ဘီးစီးအသင်းက ကြီးမှူး၍ ကျင်းပသွားမည်ဖြစ်ပြီး တနင်္သာရီမြို့နယ် မောတောင်မြို့မှ ထိုင်းနိုင်ငံ ပရာကျော့မြို့သို့ စက်ဘီးစီးလည်ပတ်ခြင်းခရီးစဉ် ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ နှစ်နိုင်ငံ စက်ဘီးပွဲတော် ခရီးစဉ်ကို ဇွန် ၂၂ ရက်(စနေနေ့)တွင် မြိတ်မြို့မှ စတင်ထွက်ခွာမည်ဖြစ်ပြီး ဇွန် ၂၃ ရက်တွင် မြိတ်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း၊ စက်ဘီးစီးနင်း လိုက်ပါသူများအား အမှတ်တရ အင်္ကျီများ အခမဲ့ဝေငှပေးနိုင်ရန် စီစဉ်လျက်ရှိပြီး ပြည်တွင်း စားစရိတ်များနှင့် ကားခများကိုလည်း အသင်းက အကုန်အကျခံမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ ပရာကျော့မြို့တွင် တည်းခိုစရိတ်နှင့် ညှော်လမ်းညွှန် ငှားရမ်းမှုများအတွက် ကုန်ကျစရိတ်ကိုမူ လိုက်ပါမည့်သူများက ကျခံရမည်ဖြစ်ကြောင်း၊ လိုက်ပါလိုသည့် အသင်းဝင်များအနေဖြင့် ဇွန် ၁၅ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။

စက်ဘီးစီးပွဲတော် ခရီးစဉ်မှာ ဇွန် ၂၂ ရက် နံနက်တွင် မြိတ်မြို့မှ ရေဖြူကျေးရွာသို့ မော်တော်ယာဉ်ဖြင့် စက်ဘီးများကိုသယ်ယူ၍ စတင်ထွက်ခွာမည်ဖြစ်ပြီး ရေဖြူ-ထုံခါ လမ်းခွဲမှတစ်ဆင့် မောတောင်မြို့အထိ ၄၈ မိုင်ခရီးကို စက်ဘီးစီးနင်းရမည်ဖြစ်ကြောင်း၊ ညနေ ၃ နာရီခွဲခန့်တွင် မောတောင်မြို့အထွက် နယ်စပ်ဂိတ်ကို ဖြတ်ကျော်၍ ထိုင်းနိုင်ငံ ပရာကျော့မြို့သို့ ဆက်လက် စက်ဘီးစီးနင်းကာ သတ်မှတ်ထားသည့်ဟိုတယ်၌ တစ်ညတာ ရပ်နားအနားယူမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ စက်ဘီးစီးနင်းလာသည့်အဖွဲ့ကို ထိုင်းနိုင်ငံနယ်စပ်ရှိ ဆင်ခွန်ဂိတ်တွင် ပရာကျော့(ထိုင်း) စက်ဘီးစီးအဖွဲ့က လာရောက်ကြိုဆိုကာ ချစ်ကြည်ရေးအဖြစ် ပူးပေါင်း၍ စက်ဘီးစီးနင်းကြပြီးနောက် ဇွန် ၂၃ ရက်တွင် ပရာကျော့မြို့အတွင်းရှိ လည်ပတ်စရာနေရာများကို စက်ဘီးစီးနင်း၍ လည်ပတ်ကြမည်ဖြစ်ကြောင်း၊ ထို့နောက် ညနေ ၃ နာရီခွဲခန့်တွင် မောတောင်မြို့ရှိ မြန်မာနိုင်ငံ နယ်စပ်ဂိတ်မှတစ်ဆင့် ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်၍ စက်ဘီးများကို ကားဖြင့်တင်ဆောင်ကာ မြိတ်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

MABC(Myeik) စက်ဘီးစီးအသင်းမှ အသင်းဝင်များ။

တန့်ယန်းမြို့နယ်၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များ ပေးအပ်

တန့်ယန်း ဇွန် ၁၀
ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် မိုင်းတွမ်းကျေးရွာအုပ်စု ကွန်မောင်ကျေးရွာမှ တောင်သူများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များ စုပေါင်းပေးအပ်ပွဲကို ဇွန် ၉ ရက်က မန်ကတ်ကျေးရွာ၌ ကျင်းပခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက အမှာစကားပြောကြားပြီး မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးခင်မောင်ဦးက လယ်ယာမြေဥပဒေအကြောင်း၊ မြေလွတ်မြေရိုင်းဥပဒေအကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပေးအပ်ခြင်းအကြောင်းနှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးလင်းလင်းထွန်းက ငမြောင်တောင်ပိုး ကာကွယ်နှိမ်နင်းရေးအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် ကွန်မောင်ကျေးရွာရှိ လယ်ယာမြေ ၃၉၃ ဒသမ ၇၃ ဧက၊ ဦးပိုင်ပေါင်း ၁၁၁ ခုအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဒေသခံတောင်သူ ၇၈ ဦးထံသို့ တစ်ဦးချင်း ပေးအပ်ကာ စိုက်ပျိုးရေးဦးစီးဌာနကလည်း တောင်သူပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

မင်းလွင်ဦး(ပြန်/ဆက်)

မျက်စိအတွင်းတိမ် ဝေဒနာရှင်များအား ကျိုက်မရောမြို့၌ အခမဲ့ ခွဲစိတ်ကုသပေး

ကျိုက်မရော ဇွန် ၁၀
မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်အတွင်းရှိ ဆင်းရဲနွမ်းပါးသော မျက်စိဝေဒနာရှင်များအား မျက်စိအတွင်းတိမ် ခွဲစိတ်ခြင်း အလင်းဒါနအလှူပွဲကို ဇွန် ၉ ရက်က ပါရမီ အခမဲ့ ကုသိုလ်ဖြစ် ဆေးခန်းကြီး၌ ပြုလုပ်ခဲ့ရာ ဆေးခန်း၏နာယက ဦးထွန်းလွင်က မျက်စိအတွင်းတိမ် ခွဲစိတ်၍ အလင်းဒါနပြုလုပ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာပွင့်ဦးနှင့် ဒေါက်တာဥမ္မာလှိုင်(သီတဂူဗွီးရှင်း မျက်စိအထူးကုဆေးခန်း-မော်လမြိုင်) မိသားစုတို့က မျက်စိအတွင်းတိမ် ခံစားနေရသော မျက်စိဝေဒနာရှင်များအား စမ်းသပ်၍ အခမဲ့ ခွဲစိတ်မှုများ ဆက်လက်ဆောင်ရွက်ပေးခဲ့သည်။

ယခုပြုလုပ်သော မျက်စိအတွင်းတိမ်ခွဲစိတ်ခြင်း အလှူဒါနကို ပါရမီ ကုသိုလ်ဖြစ်ဆေးခန်း၌ နဝမအကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ယခုအကြိမ်တွင် မျက်စိအတွင်းတိမ် ဝေဒနာရှင် ၃၆ ဦးအား အခမဲ့ ခွဲစိတ်ပေးခဲ့ကြောင်း ပါရမီ အခမဲ့ဆေးခန်း တာဝန်ရှိသူထံမှ သိရသည်။

ချိုမြတ်မြတ်ထွေး(ကျိုက်မရော)

လမ်းမတော်မြို့နယ်၌ ဓာတ်အားဖြတ်တောက်သည့်နာရီ လျှော့ချ၍ ဓာတ်အားသုံးစွဲခွင့်ပိုရလာ

ရန်ကုန် ဇွန် ၁၀
လျှပ်စစ်ဓာတ်အားမလုံလောက်မှုကြောင့် ရန်ကုန်မြို့တွင်း လျှပ်စစ်ဝန်အား လျှော့ချသည့်အနေဖြင့် နေ့စဉ် လျှပ်စစ်ဓာတ်အား ဖြတ်တောက်မှုကို တစ်လဝန်းကျင်ခန့် အလှည့်ကျ လုပ်ဆောင်ခဲ့ပြီးနောက် ဇွန် ၈ ရက်မှစ၍ လျှပ်စစ်ဓာတ်အား ဖြတ်တောက်သည့်အချိန်ကို လျှော့ချပေးလာသဖြင့် လမ်းမတော်မြို့နယ်နေသူများအနေဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲခွင့်ရလာသည်ဟု သိရသည်။

လမ်းမတော်မြို့နယ် လျှပ်စစ်ရုံးမှ အသိပေးထုတ်ပြန်ချက်တွင် ဇွန် ၈ ရက်မှစ၍ တစ်ရက်လျှင် လျှပ်စစ်မီးဖြတ်တောက်မည့်အချိန်မှာ နံနက် ၈ နာရီမှ ၁၀ နာရီနှင့် နေ့လယ် ၁၂ နာရီမှ ၂ နာရီအတွင်း နှစ်ကြိမ်သာရှိတော့မည်ဟု ဖော်ပြထားသည်။ လမ်းမတော်မြို့နယ်အတွင်း အုပ်စုလေးစုခွဲ၍ အလှည့်ကျ လျှပ်စစ်ဓာတ်အား ဖြတ်တောက်သောကြောင့် ဇွန် ၈ ရက်မှစ၍ အုပ်စုတစ်စုချင်းအနေဖြင့် နှစ်ရက်လျှင် နှစ်နာရီသာ ဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း သိရသည်။

ယခင်က ဇွန်လအတွက် နှစ်သုတ်ခွဲ၍ လျှပ်စစ်ဓာတ်အား အလှည့်ကျ ဖြတ်တောက်မည့် အစီအစဉ်ကို ကြိုတင်အသိပေးထားခဲ့ပြီး အဆိုပါ ဓာတ်အား အလှည့်ကျ ဖြတ်တောက်မည့် အသိပေးအချိန်ဇယားတွင် နံနက် ၃ နာရီမှ ည ၁၂ နာရီအထိ ရှစ်ကြိမ် ခွဲခြားထားခဲ့ရာမှ ဇွန် ၈ ရက်မှစ၍ ဓာတ်အားပြတ်တောက်မည့်အချိန်ကို ပြန်လည်ပြောင်းလဲအသိပေးခြင်းဖြစ်သည်။

မိုးဦးကာလ ဇွန်လဆန်းတွင် ရန်ကုန်အပါအဝင် ဒေသအများအပြား၌ မိုးရွာသွန်းမှုများလာခြင်းနှင့်အတူ အပူဒဏ်လျော့ကျလာ၍ အဲယားကွန်းနှင့် ပန်ကာများ သုံးစွဲမှုအနည်းငယ် လျော့သွားသလို လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်သည့် အချိန်နာရီ ပိုမိုရရှိလာသည့်အတွက် ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားဖြင့် အသုံးပြုနေရသည့် အိမ်တွင်း အသုံးအဆောင်ပစ္စည်းများကို ပို၍အသုံးပြုလာနိုင်ကြောင်း သိရသည်။ မိုးရွာသွန်းမှု ပုံမှန်ဖြစ်လာခြင်းနှင့်အတူ ရေအားလျှပ်စစ်ထုတ်လုပ်မှု ကောင်းမွန်လာသည့်အခါ အလှည့်ကျဓာတ်အားဖြတ်တောက်မှု မရှိတော့ဘဲ အချိန်ပြည့် အသုံးပြုနိုင်ရန်အတွက်လည်း လျှပ်စစ်သုံးစွဲသူ ပြည်သူများက မျှော်လင့်လျက်ရှိသည်။

ခင်ဆိုင်

ကျောက်ဖြူမြို့၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အကြို ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲကျင်းပ

ကျောက်ဖြူ ဇွန် ၁၀
အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြို ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲကို ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့နှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောက်ဖြူမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း စန္ဒကူးခန်းမ၌ ဇွန် ၈ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲကို မူးယစ်ဗဟိုဌာနမှ သတ်မှတ်ထားသည့် 'အနာဂတ်ပန်းများ ပွင့်လန်းဖို့ မူးယစ်အန္တရာယ် ကာကွယ်စို့'၊ 'အပေါင်းအသင်းရွေးချယ်ပါ'၊ 'ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ မူးယစ်ရန် မီးငြိမ်းသတ်စို့'၊ 'နိုင်ငံကိုချစ် လူမျိုးကိုချစ် မူးယစ်မှုန်သမျှ တိုက်ဖျက်ပစ်'၊ 'မျိုးဆက်သစ်ဘဝ လှပဖို့ မူးယစ်ဟူသမျှ ရှောင်ရှားစို့'၊ 'ဦးစွာ နားထောင်ပါ' စသည့် ခေါင်းစဉ်များဖြင့် ကျင်းပခဲ့သည်။ ပန်းချီပြိုင်ပွဲ၌ အထက်တန်းအဆင့်တွင် ၂၂ ဦး၊ အလယ်တန်းအဆင့်တွင် ၃၇ ဦး၊ မူလတန်းအဆင့်တွင် ၂၉ ဦး၊ ကာတွန်းပြိုင်ပွဲ၌ အထက်တန်းအဆင့်တွင် လေးဦး၊ အလယ်တန်းအဆင့်တွင် ခြောက်ဦး၊ ပိုစတာပြိုင်ပွဲ၌ အထက်တန်းအဆင့်တွင် ခြောက်ဦး၊ အလယ်တန်းအဆင့်တွင် ၁၄ ဦး၊ မူလတန်းအဆင့်တွင် နှစ်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲကျင်းပနေမှုကို ကျောက်ဖြူခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းထွဋ်ဦးနှင့် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သန့်စင်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဦးတင်သိန်းနှင့် မြို့နယ်အတွင်းမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများက လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး ဆုရရှိသူများအား ဇွန် ၂၆ ရက်တွင် ကျင်းပမည့် မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်မည်ဟု သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

ငမြောင်တောင်ပိုး ကာကွယ်နှိမ်နင်းရေး မိုးနဲမြို့၌ ပညာပေးဟောပြော

မိုးနဲ ဇွန် ၁၀
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ငမြောင်တောင်ပိုး ကာကွယ်နှိမ်နင်းရေး ပညာပေးဆွေးနွေးပွဲကို မိုက်ဟိုင်းကျေးရွာအုပ်စု မယ်ဇလီမြိုင်ကျေးရွာရှိ ခရစ်တော်၏အသင်းတော် ခန်းမ၌ ဇွန် ၁၀ ရက်က ကျင်းပခဲ့ရာ ဒေသခံတောင်သူ ၇၀ ကျော် တက်ရောက်ခဲ့သည်။

ဟောပြောပွဲတွင် ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစမြင့်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးငိုပွယ်က ငမြောင်တောင်ဖျက်ပိုး စတင်ပေါ်ပေါက်ခဲ့သော သမိုင်းကြောင်း၊ အာရှဒေသသို့ ပြန့်ပွားလာပုံ၊ ငမြောင်တောင်ဖျက်ပိုး၏ ဘဝစက်ဝန်း၊ အပင်များကို ဖျက်ဆီးပုံနှင့် ဖျက်ဆီးနိုင်စွမ်း၊ ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ၊ မြေဩဇာနှင့် ပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲရေး စသည်တို့ကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့ပြီး ပညာပေး လက်ကမ်းစာစောင်များလည်း အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

ငမြောင်တောင် ဖျက်ပိုးအန္တရာယ်ကာကွယ်ရေးအတွက် အလားတူ ပညာပေးဟောပြောပွဲကို နားခံကျေးရွာ မိုင်းပုတ် ဘုန်းတော်ကြီးကျောင်း၌လည်း ထိုနေ့ မွန်းလွဲပိုင်းတွင် ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

ငမြောင်တောင်ပိုးအန္တရာယ်အကြောင်း သိကောင်းစရာများကို တောင်သူများအား ပညာပေးဟောပြောစဉ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

နတ်မောက် ဇွန် ၁၀
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ဇွန် ၉ ရက်က နတ်မောက်မြို့နယ် လေးအိမ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးကြည်မြင့်က စိုက်ပျိုးရေးကဏ္ဍအတွက် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်နှင့် လိုလားချက်များကို တင်ပြဆွေးနွေးကြကာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား၍ လူမှုရေးဝန်ကြီးကလည်း ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့သည်။

လှဝင်း(နတ်မောက်)

တစ်နိုင်ငံလုံး ဖိတ်ခေါ် အမှတ်အကျောပေး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ပြင်ဦးလွင်၌ကျင်းပ

ပြင်ဦးလွင် ဇွန် ၁၀
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် အုပ်ချုပ်ရေးမှူး ဖလား အဌမအကြိမ်မြောက် တစ်နိုင်ငံလုံး ဖိတ်ခေါ် အမှတ်အကျောပေး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၉ ရက်က ပြင်ဦးလွင် မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲမကျင်းပမီ ခရိုင်အုပ်ချုပ်ရေးမှူး ဦးပါစည်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာအားကစားကော်မတီ အတွင်းရေးမှူး ဦးဆောင်ဆောင်စိန်(အပြည်ပြည်ဆိုင်ရာဒိုင်လူကြီး)တို့က ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်က အလှူငွေများ ပေးအပ်ပြီး ပြိုင်ပွဲကို စတင်ကျင်းပခဲ့သည်။ ထို့နောက် ဆုရရှိသော အားကစားသမားများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကာ ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးကြသူများကိုလည်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို မေ ၃၀ ရက်က စတင်ကျင်းပခဲ့ပြီး အကြီးတန်း၊ အငယ်တန်း၊ ဖိတ်ခေါ် အမှတ်အကျောပေး ဘိလိယက်နှင့် စနူကာ ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင် အားကစားသမား စုစုပေါင်း ၂၅၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဇော်မျိုးထိုက်(ပြင်ဦးလွင်)

လုပ်သားများကောလိပ်ကို လွမ်းမိသည်

ခင်ယော(ရူပ)

၁၉၆၇ ခုနှစ်က မန္တလေးမြို့ စိန်ဂျိုးဇက်ကွန်ဗင်(ယခုအ.ထ.က-၈ မန္တလေးမြို့)တွင် ကျွန်မ အဆောင်နေစဉ်က သက်ကြီး တက္ကသိုလ်ဆိုတာကို စကြားဖူးခဲ့သည်။ ကျွန်မတို့၏ အဆောင်ဆရာမက ညနေဘက်တိုင်း သက်ကြီးတက္ကသိုလ်သို့သွားတက်သည်ကို ကျွန်မသိခဲ့သည်။ ညမိုးချုပ်မှကျောင်းကို ပြန်ရောက်လာသည်။

၁၉၇၄ခုနှစ်တွင် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ရန်ကုန်မြို့မှ ရူပဗေဒအဓိကဘာသာဖြင့် ကျွန်မဘွဲ့ရခဲ့သည်။ နောက်ဆုံးနှစ်တွင် ဂုဏ်ထူးလေးခုဖြင့် အထူးအောင်မြင်ခဲ့သည်။

၁၉၇၄-၇၅ ခုနှစ် စာသင်နှစ်တက္ကသိုလ်များပြန်ဖွင့်ချိန် အောက်တိုဘာလတွင် "လုပ်သားများကောလိပ်"(ယခုအခါ အမျိုးသား စီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်၊ ဗိုလ်တထောင်) ရူပဗေဒဌာနတွင် အချိန်ပိုင်းသရုပ်ပြဆရာမ အလုပ်ရသည်။

လုပ်သားများကောလိပ် ရူပဗေဒဌာနမှူးက လူကိုမတွေ့ဖူးပေမယ့် ကျွန်မ၏နောက်ဆုံးနှစ်အမှတ်စာရင်းပူးတွဲပါသော လျှောက်လွှာကိုကြည့်ပြီး အချိန်ပိုင်းသရုပ်ပြဆရာမခန့်အပ်ခဲ့သည်။

သက်ကြီးတက္ကသိုလ်(သို့) လုပ်သားများကောလိပ်

ထိုအခါမှ လုပ်သားများကောလိပ်အကြောင်းကို လေ့လာမိသည်။

ဗိုလ်တထောင်ဘုရားအနီး ဗိုလ်တထောင်ဘုရားလမ်းမပေါ်ရှိ လေးထပ်အဆောက်အအုံမှာ ၁၉၄၈ ခုနှစ်က ဆရာကြီး ဦးစံရွှေ (MA) ကျောင်းအုပ်ကြီးက "သက်ကြီးတက္ကသိုလ်" ကို စတင်တည်ထောင်ခဲ့သည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အကြောင်းကြောင်းကြောင့် တက္ကသိုလ်ဆက်လက်မတက်ရောက်နိုင်ဘဲ အစိုးရအလုပ်ဝင်လုပ် ရသူများအတွက် တက္ကသိုလ်ပညာဆက်လက်သင်ကြားနိုင်စေရန်ရည်ရွယ်၍ "သက်ကြီးတက္ကသိုလ်" ကို စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ညနေဘက်ဖွင့်သည့်တက္ကသိုလ်ဖြစ်သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ သက်ကြီးတက္ကသိုလ်ကို ဖွင့်ခဲ့သည်။ ယနေ့ထက်တိုင်ကျောင်းအဆောက်အအုံထဲဝင်လိုက်သည်နှင့် မြေညီထပ်တွင် ဆရာကြီး၏ကိုယ်တစ်ပိုင်းကြေးရုပ်တုကို တွေ့မြင်နိုင်သည်။

U SAN SHWE M.A Cantab
F.R.G.S.BAR-AT-LAW
BORN-1882
PRINCIPAL
Membership For Adult Education
1948-1964

ဟု ကမ္ပည်းထိုးထားသည်ကို တွေ့မြင်ရသည်။ ၁၉၆၄ ခုနှစ်နောက်ပိုင်းတွင် "သက်ကြီးတက္ကသိုလ်" မှ "လုပ်သားများကောလိပ်" အမည်ကို ပြောင်းခဲ့သည်ဟု သိရသည်။

လုပ်သားများကောလိပ်သို့ တက်ရောက်ခွင့် ရရန်မှာ တက္ကသိုလ်ဝင်တန်းကို A List မှ အောင်မြင်ရမည်။ လက်ရှိအစိုးရဌာနများတွင် အလုပ်လုပ်နေသူများဖြစ်ရမည်။ တနင်္လာမှ သောကြာနေ့အထိ ညနေပိုင်း ၅ နာရီခွဲမှ ည ၉ နာရီအထိသာ တက်ရောက်ကြရသည်။

ညဘက်အချိန်ပိုင်းသင်ယူကြ

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ နည်းပြသရုပ်ပြ လက်ထောက် ကထိက၊ ကထိက၊ ပါမောက္ခဆရာကြီးများက ညဘက်အချိန်ပိုင်း လာရောက်သင်ကြားပေးခြင်းဖြစ်သည်။

နေ့ကျောင်းတက်ရခြင်းနှင့် ညပိုင်းကျောင်းတက်ရခြင်း သာကွာခြားသည်။ ညဘက်စာသင်ချိန်နည်း၍ နေ့ကျောင်းက လေးနှစ်သင်ဘွဲ့ရပြီး "လုပ်သားများကောလိပ်" က ငါးနှစ်သင်မှဘွဲ့ရသည်။

သိပ္ပံဘာသာဖြစ်သော ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ၊ သတ္တဗေဒ ဘာသာရပ်များအတွက် လက်တွေ့လုပ်ဆောင်ချက်များကို ရုံးပိတ်ရက်တနင်္ဂနွေနေ့တိုင်း ပင်မတက္ကသိုလ်ရှိဌာနကြီးများတွင် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ အချိန်အသီးသီးခွဲပြီး လုပ်ဆောင်ကြရသည်။

ဆရာနှင့် ကျောင်းသား အချိန်နှင့်တစ်ပြေးညီ စာတွေ့ လက်တွေ့ နေ့ကျောင်းတက်သူများအတိုင်းသင်ကြားရသဖြင့် လုပ်သားများကောလိပ်တက်သူကျောင်းသား ကျောင်းသူများ စာတတ်သည်။ စာကြိုးစားကြသည်။

နေ့ကျောင်းသားများထက် အလုပ်ခွင်တွင်လည်း အလုပ်လုပ်နေရတော့ ရုံးစည်းကမ်း၊ ရုံးလုပ်ငန်းများလည်းတတ်ကျွမ်းသည်။ အချိန်ကိုလည်းတန်ဖိုးထားလေးစားသည်။ မိမိထက်ရာထူးကြီးသူ အထက်လူကြီးများ၏ ဆုံးမစကားကိုလည်း လေးစားလိုက်နာကြသည်။ ဆရာကို ရိုသေသည်။

အလုပ်တစ်ဖက်နှင့် ပညာဆည်းပူး

အလုပ်တစ်ဖက်နှင့် ပညာလိုချင်၍ ပညာဆည်းပူးသူများဖြစ်ကြတော့ ညကျောင်းလည်းမှန်မှန်လာတက်သည်။ လက်တွေ့လည်း မှန်မှန်လာလုပ်ကြသည်။ အလုပ်တစ်ဖက်နှင့် ပညာသင်ယူရတော့ နေ့ကျောင်းတက် ကျောင်းသားများထက် စာပိုကြိုးစားကျိုးနွံကြသည်။ လူတော်လူကောင်းများထွက်သည်။ နောက်ဆုံးနှစ်တွင် ထူးချွန်စွာအောင်မြင်ကြပြီး တချို့ကျောင်းသားများမှာ တက္ကသိုလ် ဆရာ ဆရာမဖြစ်သွားကြသူများရှိသည်။

"အလုပ်တစ်ဖက်နှင့် ပညာလိုချင်၍ ပညာဆည်းပူးသူများဖြစ်ကြတော့ ညကျောင်းလည်း မှန်မှန်လာတက်သည်။ လက်တွေ့လည်း မှန်မှန်လာလုပ်ကြသည်။ အလုပ်တစ်ဖက်နှင့် ပညာသင်ယူရတော့ နေ့ကျောင်းတက် ကျောင်းသားများထက် စာပိုကြိုးစား ကျိုးနွံကြသည်။ လူတော်လူကောင်းများထွက်သည်။ နောက်ဆုံးနှစ်တွင် ထူးချွန်စွာအောင်မြင်ကြပြီး တချို့ကျောင်းသားများမှာ တက္ကသိုလ် ဆရာ ဆရာမဖြစ်သွားကြသူများရှိ"

ကျွန်မ လုပ်သားများကောလိပ် ရူပဗေဒဌာနတွင် အချိန်ပိုင်းသရုပ်ပြဆရာမအလုပ်ရတော့ တနင်္ဂနွေနေ့ နံနက် ၈ နာရီမှ ညနေ ၃ နာရီခွဲအထိ လက်တွေ့ သုံးချိန်ဝင်သင်ပေးရသည်။ ထိုအချိန်က လုပ်သားများကောလိပ် ကျောင်းသား ကျောင်းသူများမှာ ကျွန်မထက် အသက်ကြီးသူများဖြစ်သည်။ တချို့ကျောင်းသားကြီးများမှာ ၁၀ တန်းကို အောင်မြင်ပြီးနောက် စက်မှုလက်မှုသိပ္ပံ(GTI)ကိုတက်ရောက်အောင်မြင်ထားပြီးမှ အလုပ်ဝင်သူများဖြစ်သည်။ နောက်မှ B.Sc (Phys)ဘွဲ့ရယူချင်တော့ လာတက်ကြသည်။ တကယ်တော့ တချို့လက်တွေ့ကို သူတို့ပိုပြီးတတ်ကျွမ်းသည်။ ဒါပေမယ့် သူတို့ထက် အသက်ငယ်သောဆရာမ ကျွန်မကိုလေးစားသည်။ ကျွန်မကလည်း ဆရာမငယ်ဖြစ်ပေမယ့် လုပ်သားများ၊ ကောလိပ်ကျောင်းသားကြီးများကို ပြန်လေးစားသည်။

အချိန်ပိုင်း နှစ်နှစ်လုပ်ပြီးချိန် ၁၉၇၆ ခုနှစ်တွင် တိုင်းကောင်စီက ကြီးမှူးဖွင့်လှစ်သော ဒေသကောလိပ်များ တိုင်းနှင့်ပြည်နယ်အနှံ့ ဖွင့်လာသည်။

လုပ်သားများကောလိပ်တည်နေရာတွင် နေ့ဘက် အမှတ်(၁) ဒေသကောလိပ် ရန်ကုန်ကိုဖွင့်သည်။ ညဘက်လုပ်သားများကောလိပ်ကို ဖွင့်နေသည်။

အမှတ်(၁) ဒေသကောလိပ်၊ ရူပဗေဒဌာနတွင် အချိန်ပြည့်ဆရာလျှောက်ခဲ့ပေမယ့် အချိန်ပိုင်းသာ ကျွန်မရခဲ့သည်။ ကျွန်မ လုပ်သားများကောလိပ်တွင် အချိန်ပိုင်းမလုပ်ဖြစ်ခဲ့တော့ပါ။ ခြောက်လလုပ်ပြီးချိန် အမှတ်(၁) ဒေသကောလိပ်တွင် အချိန်ပြည့် သရုပ်ပြဆရာမ ဖြစ်သွားသည်။

၁၉၈၂ ခုနှစ်စာသင်နှစ်အစတွင် လုပ်သားများကောလိပ်က ဒေသကောလိပ်(၁)ရူပဗေဒဌာနမှ အချိန်ပိုင်းဆရာခေါ်သည်ကြားတော့ လုပ်သားများကောလိပ်၊ ရူပဗေဒဌာနမှူးဆရာကြီး ဦးတင်အုန်း (ကွယ်လွန်)ထံ သွားရောက် တွေ့ဆုံသည်။ ဆရာကြီးက -

"မင်းကဘာကြောင့် အချိန်ပိုင်းဆက်မလုပ်ဘဲ အခုမှ ပြန်လာရတာလဲ"

"ဒေသ(၁)က ဆရာတွေခေါ်တော့ အချိန်ပြည့်ရမယ်ထင်ပြီး သွားလျှောက်ခဲ့ပါတယ်။ အချိန်ပိုင်းပဲရတော့ အချိန်ပိုင်းနှစ်ခု လုပ်ခွင့်မရှိပါဆိုတဲ့အတွက် လာမလုပ်ဖြစ်တာပါ။ အခုအချိန်ပိုင်းဆရာတွေ ခေါ်တယ်ကြားလို့ ဆရာကြီးကို လာတွေ့ရတာပါ"

ဆရာကြီးကောင်းမှုကြောင့် ရူပဗေဒတစ်ဌာနလုံးမှာ ကျွန်မတစ်ယောက်တည်းသာ အချိန်ပိုင်းလုပ်ခွင့်ပြန်ရသည်။ နောက်နှစ်များတွင်တော့ ဆရာလိုအပ်ချက်များကြောင့်အခြားသူများလည်း လုပ်သားများကောလိပ် ရူပဗေဒဌာနတွင် အချိန်ပိုင်းသရုပ်ပြဆရာ လုပ်ခွင့်ရကြသည်။

၁၉၈၈ ခုနှစ် ကျောင်းပိတ်ပြီး ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလကျောင်းပြန်ဖွင့်ချိန် ကျွန်မ လက်ထောက်ကထိကရာထူးတိုးပြီး ဘားအံဒေသ ကောလိပ်သို့ ပြောင်းရွှေ့ရပါသည်။

ဘားအံကောလိပ်တွင် နှစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ရပြီး ၁၉၉၃ ခုနှစ် ရန်ကုန်တက္ကသိုလ်သို့ ပြန်လည်ပြောင်းရွှေ့ရပါသည်။ ရန်ကုန်တက္ကသိုလ်တွင် ခေတ္တတာဝန်ထမ်းဆောင်ပြီး လုပ်သားများကောလိပ် ရူပဗေဒဌာနတွင် အချိန်ပြည့်ဆရာအဖြစ် တာဝန်ထမ်းဆောင်ရသည်။ ၁၉၉၆ ခုနှစ်တွင် ကထိကရာထူးရရှိခဲ့ပြီးနောက် လုပ်သားများကောလိပ် ရူပဗေဒဌာနမှူးတာဝန်ထမ်းဆောင်ခဲ့ရသည်။ ၁၉၉၆ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ခေတ္တ ကျောင်းပိတ်ပြန်သည်။ ၂၀၀၀ ပြည့်နှစ် ဇွန်လကျောင်းဖွင့်ချိန် ဒုတိယအကြိမ် ကထိက ရာထူးဖြင့်ပင် ဘားအံဒီဂရီကောလိပ်ကို ပြောင်းရပြန်သည်။

၂၀၀၄ ခုနှစ်အထိ သင်ကြားပေးခဲ့

၁၉၉၇-၁၉၉၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်သူများကို လုပ်သားများကောလိပ်က နောက်ဆုံးလက်ခံခဲ့ပြီး လေးနှစ်သင်အဖြစ် သတ်မှတ်သည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၄ ခုနှစ်အထိ လက်ခံသင်ပြီး ၂၀၀၄ ခုနှစ် နောက်ဆုံးနှစ်ပြီးသောအခါ လုပ်သားများကောလိပ်ကို မထားတော့ပါ။

အလုပ်လုပ်နေသူများ စာပေးစာယူသင်တန်း ယနေ့ခေတ် ခေါ် အဝေးသင်တက္ကသိုလ်သို့သာ တက်ကြရသည်။

ကျွန်မ ၁၉၇၄-၇၅ ခုနှစ် လုပ်သားများ ကောလိပ်အချိန်ပိုင်း သရုပ်ပြဆရာမလုပ်စဉ်က ကျောင်းအုပ်ကြီးမှာ ရူပဗေဒဌာနမှ ဆရာကြီးဦးကျော်မြသိန်းဖြစ်သည်။

၁၉၉၃ ခုနှစ် လုပ်သားများ ကောလိပ်တာဝန်ပြန်ထမ်းဆောင်ချိန် ကျောင်းအုပ်ဆရာကြီးမှာလည်း ရူပဗေဒဌာနမှ ဆရာကြီး ဦးစန်းမောင်ဖြစ်သည်။ ဆရာကြီးဦးစန်းမောင် ပြောင်းသွားတော့ သင်္ချာဌာနမှ ဆရာကြီးဦးစွန်တီဖြစ်သည်။

ကျွန်မဘဝအစ တက္ကသိုလ်အချိန်ပိုင်းသရုပ်ပြဆရာမမှာ လုပ်သားများကောလိပ်ဖြစ်သည်။

ထို့ကြောင့် ကျွန်မလုပ်သားများကောလိပ်ကို သံယောဇဉ်ကြီးသည်။ ကျောင်းသူ ကျောင်းသားများကိုလည်း ချစ်သည်။ တက္ကသိုလ်အဝေးသင်ကျောင်းသားတွေကို စာသင်ကြားရတိုင်း၊ လုပ်သားများကောလိပ်ကျောင်းကြီး ပိတ်လိုက်သည်ကို နှမြောတမ်းတသတိရနေသည်။

အခုအချိန်မှာတော့ ကျွန်မအငြိမ်းစားတစ်ဦးဖြစ်နေပါပြီ။ ၁၂-၅-၂၀၁၉ ရက်တွင် ကြေးမုံသတင်းစာ၌ ရန်ကုန်တက္ကသိုလ် လုပ်သားများကောလိပ် ဝိဇ္ဇာနှင့် သိပ္ပံမေဂျာပေါင်းစုံ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းရန် ဖိတ်ကြားခြင်း ကြော်ငြာစာကို ဖတ်ရသည်။

မည်သည့်အထူးပြုဘာသာ၊ မည်သည့်ခုနှစ်မဆို လုပ်သားများ ကောလိပ်ကျောင်းသား ကျောင်းသူများကို ဖိတ်ကြားထား သည်။ ၁၉၉၃-၁၉၉၆ ခုနှစ် ကျောင်းသားဟောင်းများက ဦးစီးသည်ကို တွေ့ရသည်။

လုပ်သားများကောလိပ်ကို မမေ့နိုင်ပြီ

သူတို့ကျောင်းသားတွေက ၁၅ နှစ်မက ပိတ်ထားခဲ့သည့် လုပ်သားများကောလိပ်ကျောင်းကြီးကို ပြန်ဖွင့်စေချင်ကြသည့် ဆန္ဒပြင်းပြနေသည်။ ကျောင်းသားဟောင်းများက ရာထူးကြီးတွေ နှင့် အသက် ၄၀ ကျော် လူကြီးတွေဖြစ်နေကြပြီ။ လုပ်သားများ ကောလိပ်မေဂျာပေါင်းစုံ ကျောင်းသားအချင်းချင်း ပြန်လည် တွေ့ဆုံချင်သည်။ ဆရာကြီး ဆရာမကြီးများကို ပူဇော်ကန်တော့ချင်သည်။

လုပ်သားများကောလိပ်ကျောင်းသားဟောင်းများ ဆန္ဒပြည့်ကြပါစေဟု ဆုတောင်းမေတ္တာပို့ပါသည်။ လုပ်သားများကောလိပ်ကျောင်းကြီးကို အမှတ်တရ ပြန်လည်သတိရသောအားဖြင့် ရေးသားရခြင်းဖြစ်ပါသည်။ ကျွန်မဘဝမှာတော့ လုပ်သားများကောလိပ်ကို မမေ့နိုင်ပြီ။ ။

စွန့်ပစ်အမှိုက်များကို ချေဖျက်သည့်စနစ် အကောင်အထည်ဖော်နိုင်ရန် ဂျပန်နိုင်ငံမှ လာရောက်လေ့လာ

မုံရွာ ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သည် လူဦးရေထူထပ်ပြီး နေ့စဉ်လူတို့ အသုံးပြုလျက်ရှိသော အမှိုက်တန်ချိန် ၁၅၀ ခန့် ထွက်ရှိလျက်ရှိသဖြင့် ခေတ်မီနည်းပညာဖြင့် ချေဖျက်သည့်စနစ်ကို အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန်အတွက် ဇူလိုင်လအတွင်း ဂျပန်နိုင်ငံမှ ဖူဂျီတကုမ္ပဏီမှ လာရောက် ကွင်းဆင်းလေ့လာမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်၏ ပြောကြားချက်အရ သိရသည်။

"မုံရွာမြို့မှာက တစ်ရက်ကို အမှိုက်တန်ချိန် ၁၅၀ လောက် ထွက်တယ်။ အချိန်ကြာလာတာနဲ့အမျှ အမှိုက်ထားရမယ့်နေရာ ပြဿနာကပေါ်လာတယ်။ အဲဒီအမှိုက်တွေကို ချေဖျက်ဖို့အတွက် ဂျပန်နိုင်ငံက ကုမ္ပဏီတစ်ခုနဲ့ချိတ်ဆက်ပြီးတော့ လုပ်ဆောင်နေတယ်။ လာမယ့် ဇူလိုင်လအတွင်းမှာတော့ အမှိုက် စွန့်ပစ်ထားတဲ့နေရာသုံးနေရာကို အသေးစိတ် သူတို့ ကွင်းဆင်းလေ့လာပြီးတော့ လုပ်လို့ရမယ့် အမှိုက်ချေဖျက်နည်းစနစ်တစ်ခုကို အသုံးပြု လုပ်ဆောင်သွားမှာပါ" ဟု ၎င်းကပြောသည်။

မုံရွာမြို့တွင် နေ့စဉ် စွန့်ပစ်သည့် မီးဖိုချောင်သုံးအမှိုက် ၇၄ ရာခိုင်နှုန်း၊ ပလတ်စတစ်အမှိုက် ၁၀ ရာခိုင်နှုန်း၊ ပုလင်းခွံ၊ ဘူးခွံအမှိုက် ၁ ရာခိုင်နှုန်းနှင့် ခြံထွက်အမှိုက် ၁၅ ရာခိုင်နှုန်းထွက်ရှိသဖြင့် ယင်းအမှိုက်များကို နေရာသုံးခုခွဲပြီး ပို့ဆောင်စွန့်ပစ်လျက်ရှိရာ နေရာခက်ခဲခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်ခြင်းကြောင့် ခေတ်မီ အမှိုက်ချေဖျက်နည်းပညာများကို အသုံးပြုရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

ဂျပန်နိုင်ငံမှ FUGITA ကုမ္ပဏီက ကျွမ်းကျင်ပညာရှင်များ အမှိုက်ကျင်းနေရာများ လိုက်လံပြသနေစဉ်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

ဘားအံ ဇွန် ၁၀

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကွန်ပျူတာ၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲကို ဇွန် ၉ ရက်က ကွန်ပျူတာတက္ကသိုလ်(ဘားအံ)၌ ကျင်းပခဲ့ရာ ပြိုင်ပွဲများ ကျင်းပယှဉ်ပြိုင်နေမှုကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီးအောင်မြတ်မိုးနှင့် တပ်ဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက် အားပေးခဲ့သည်။

ပြိုင်ပွဲကို 'အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်အန္တရာယ် ကာကွယ်စို့'၊ 'အပေါင်းအသင်း ရွေးချယ်ပါ'၊ 'ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ မူးယစ်ရန်မီး ငြိမ်းသတ်စို့'၊ 'နိုင်ငံကိုချစ် လူမျိုးချစ် မူးယစ်မှန်သမျှ တိုက်ဖျက်ပစ်'၊ 'မျိုးဆက်သစ်ဘဝ လှပဖို့ မူးယစ်ဟူသမျှ ရှောင်ရှားစို့'၊ 'ဦးစွာ နားထောင်ပါ' ဟု ခေါင်းစဉ်ခြောက်မျိုးဖြင့် ကျင်းပခဲ့ပြီး အခြေခံပညာအဆင့်တွင် ပြည်နယ်အတွင်းရှိ မြို့နယ်များမှ အခြေခံပညာ ကျောင်းသား ကျောင်းသူ ၃၇ ဦးနှင့် အလွတ်တန်းတွင် တက္ကသိုလ်/ကောလိပ်အဆင့် ကျောင်းသား ကျောင်းသူ ၁၂ ဦး စုစုပေါင်း ၄၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲများမှ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဇွန် ၂၆ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဟု သိရသည်။

အလားတူ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ဇွန် ၈ ရက်က အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ရာ အခြေခံအဆင့်တွင် အခြေခံပညာကျောင်းသား ကျောင်းသူ ၁၅၀ နှင့် အလွတ်တန်းတွင် တက္ကသိုလ်/ကောလိပ်အဆင့် ကျောင်းသား ကျောင်းသူ ၁၈ ဦး စုစုပေါင်း ၁၆၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသော ကျောင်းသား ကျောင်းသူများအတွက် ငွေကျပ် ၉၄၈၀၀၀ ခန့် တန်ဖိုးရှိသော ခဲ၊ ရောင်စုံဖယောင်း၊ စုတ်တံ၊ ရေဆေး၊ ရောင်စုံခဲတံ၊ ပုံဆွဲခဲတံ၊ ပုံဆွဲစက္ကူနှင့် ဆော့ဖ်ပင်စသည့် ပုံဆွဲကိရိယာများကို ပြည်နယ်ရဲတပ်ဖွဲ့က အခမဲ့ ပေးဝေခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ပြိုင်ပွဲဝင် ကျောင်းသားများအား ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် လိုက်လံအားပေးစဉ်။

ရင်ခွင်မဲ့ကလေးများလျှော့ချရေးနှင့် စောင့်ရှောက်ရေး အသင်း၏ ကြံခင်းမြို့နယ်ရုံး ဖွင့်လှစ်

ကြံခင်း ဇွန် ၁၀

မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၏ ကြံခင်းမြို့နယ်ရုံးခွဲ ဖွင့်ပွဲကို ကြံခင်းမြို့ မြို့မရပ်ကွက် လမ်းမတော်လမ်းရှိ ရုံးနေရာ၌ ဇွန် ၉ ရက်က ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဖြစ်မြောက်ရေးအဖွဲ့ဝင် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်ခင်နှင်းညိုနှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးအသင်း ဖြစ်မြောက်ရေးအဖွဲ့ဝင် ဒေါ်ခင်နှင်းညိုက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအသင်း ဥက္ကဋ္ဌ ဒေါက်တာသန်းသန်းအေးက အသင်း၏ ရည်ရွယ်ချက် နှစ်ချက်နှင့် အသင်း၏ အဓိကလုပ်ငန်းစဉ် သုံးရပ်တို့ကို ရှင်းလင်းပြောကြားကာ မြို့နယ်အသင်းခွဲထံသို့ အသင်းအလံ၊ အသင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်း စာအုပ်နှင့် ရင်ထိုးတံဆိပ်များ ပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

ကယားပြည်နယ် ဒေသဆိုင်ရာ ခရီးသွားကော်မတီ၏ အစည်းအဝေးကျင်းပ

လွိုင်ကော် ဇွန် ၁၀

ကယားပြည်နယ်၏ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးစဉ်ဒေသအလိုက် လုံခြုံရေးနှင့် ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူများ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို ညှိနှိုင်း ဖြေရှင်းပေးနိုင်ရေးအတွက် ကယားပြည်နယ် ဒေသဆိုင်ရာ ခရီးသွားကော်မတီ အစည်းအဝေး(၁/၂၀၁၉)ကို လွိုင်ကော်မြို့ရှိ ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၀ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ဒေသဆိုင်ရာ ခရီးသွားကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသဆိုင်ရာ ခရီးသွားကော်မတီကို ဇွန် ၅ ရက်က ဖွဲ့စည်းခဲ့ပြီး ကော်မတီတွင်ပါဝင်သည့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ဖော်ဆောင်ရာတွင် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ လာရောက်တင်ပြရန်လိုအပ်ကြောင်း ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ကော်မတီဝင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ထို့နောက် ကယားပြည်နယ် ဒေသဆိုင်ရာခရီးသွားကော်မတီ အတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးက ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းပုံနှင့် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြကာ ကော်မတီဝင်များက ဝိုင်းဝန်း အကြံပြု ဆွေးနွေးခဲ့သည်။ အစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ဒေသဆိုင်ရာ ခရီးသွားကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်၊ ကော်မတီဝင် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ **ရီးရယ်(ဒီးမော့ဆို)**

ကိုရီးယားမှလှူဒါန်းသော ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

မန္တလေး ဇွန် ၁၀

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ထိန်ကုန်းရပ်ကွက်ရှိ အလက(၂၂)ကျောင်း၌ World Vision International Korea နှင့် ထိန်ကုန်းရပ်ကွက်နေ ပြည်သူများ စုပေါင်းဆောက်လုပ်လှူဒါန်းခဲ့သော အာရ်စီ သုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၁၀ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်း၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (တာဝန်)ဦးစိုးလွင်နှင့် World Vision International Korea မှ အလှူရှင် ကိုရီးယားနိုင်ငံသား မစ္စတာ မင်စုန်ရီတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် World Vision မှ ဒါရိုက်တာတစ်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင်က ကျောင်းဆောင်သစ်လှူဒါန်းမှုနှင့်ပတ်သက်၍ ဝမ်းမြောက်စကားပြောကြားပြီး World Vision International Myanmar မှ စီမံချက်မန်နေဂျာ ဦးစိုင်းဇော်မွန်းက ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ပြည်ကြီးတံခွန်မြို့နယ် ပညာရေးမှူး ဒေါ်ဆွေဆွေစန်းထံ လွှဲပြောင်းပေးအပ်ကာ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ကိုရီးယားနိုင်ငံသား အလှူရှင်က ကျောင်းဆောင်သစ်ကို လွှဲပြောင်းလှူဒါန်းစဉ်

အဆိုပါကျောင်းဆောင်သစ်သည် အလျား ပေ ၈၀၊ အနံ ပေ ၃၀ ရှိ အာရ်စီ သုံးထပ် အဆောက်အအုံဖြစ်ကာ စာသင်ခန်း ကိုးခန်းပါဝင်ကြောင်း၊ World Vision International Korea မှ လှူဒါန်းငွေ ကျပ်သိန်း ၁၃၅၀ နှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၂၅၀ စုစုပေါင်း ငွေကျပ်သိန်း ၁၆၀၀ အကုန်အကျခံ၍ ဆောက်လုပ်ခဲ့ကြောင်း၊ ကျောင်းဆောင်သစ်ကို ၂၀၁၈ ခုနှစ် ဇွန်လက စတင်ဆောက်လုပ်ခဲ့ရာ ယခုနှစ် ဇွန် ၅ ရက်တွင် လုပ်ငန်းများအားလုံး ပြီးစီးခဲ့ကြောင်း ကျောင်းကော်မတီမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းပြုစုခြင်းနှင့် ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ သင်တန်းဖွင့်

မော်လမြိုင် ဇွန် ၁၀

မွန်ပြည်နယ် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းကော်မတီက ကြီးမှူး၍ 'အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းပြုစုခြင်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာသင်တန်း' အမှတ်စဉ်(၁/၂၀၁၉)ကို ဇွန် ၁၀ ရက်က ယဉ်ကျေးမှုပြတိုက်(မော်လမြိုင်)၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက ဒြပ်မဲ့ယဉ်ကျေးမှုဟုဆိုသော ရိုးရာ အစဉ်အလာဓလေ့များ နောင်မျိုးဆက်အထိတိုင် ရှင်သန်တည်တံ့နေစေရန်နှင့် ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ဒြပ်မဲ့ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားကာ သင်တန်းကို စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး ကော်မတီဝင်များနှင့် ပညာရှင်များက သင်ကြားပို့ချပြီး ဌာနဆိုင်ရာများမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြကာ သင်တန်းကာလမှာ နှစ်ရက် ကြာမြင့်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

စွန့်ပစ်အမှိုက်များစီမံခန့်ခွဲမှု မဟာဗျူဟာချမှတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

မတ္တရာ ဇွန် ၁၀

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း စွန့်ပစ်အမှိုက်များ စီမံခန့်ခွဲခြင်းနှင့်ပတ်သက်၍ မဟာဗျူဟာချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မတ္တရာမြို့နယ် စည်ပင်သာယာရေးကော်မတီက ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၁၀ ရက်က ပြုလုပ်ခဲ့သည်။

အမှိုက်ကင်းစင်သော လူမှုအသိုက်အဝန်းကို ဖော်ဆောင်ကာ အမှိုက်ကြောင့် လူထုကျန်းမာရေးကိုထိခိုက်စေသည့်ကိစ္စရပ်များ မဖြစ်ပေါ်စေရေး ရည်ရွယ်လျက် အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းလွင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစန်းအောင်က စွန့်ပစ်အမှိုက်များ စီမံခန့်ခွဲခြင်းနှင့် ပတ်သက်၍ မဟာဗျူဟာချမှတ်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း စီမံချက်မူကြမ်းကို ရှင်းလင်းတင်ပြကာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စီမံချက်မူကြမ်းနှင့် ပတ်သက်၍ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

စိုးကျော်သူထွေး(မတ္တရာ)

စစ်ကိုင်းတိုင်းဒေသကြီးမှ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းများ၏ ကတိသစ္စာခံယူပွဲကျင်းပ

မုံရွာ ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းများသို့ အလံပေးအပ်ပွဲနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ ကတိသစ္စာခံယူပွဲကို ဇွန် ၁၀ ရက်က မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီး ကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါ်ယုယုမေတို့က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီးအသင်း ဥက္ကဋ္ဌ ဒေါ်မာမာဝင်းက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် အသင်းများ ဖွဲ့စည်းထားပုံနှင့် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (ဗဟို)အသင်း ဒုတိယဥက္ကဋ္ဌက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် အသင်းများ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများထံသို့ အလံများ၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များအား အတည်ပြု တာဝန်ပေးအပ်လွှာများ၊ အသင်းဖွဲ့စည်းပုံ စာအုပ်များနှင့် ရင်ထိုးတံဆိပ်များကို ပေးအပ်သည်။

ဆက်လက်၍ (ဗဟို)အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းထွန်းမြင့်က ဦးဆောင်ကာ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် အသင်းများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ စုပေါင်း၍ ကတိသစ္စာခံယူခဲ့ကြပြီး (ဗဟို) အသင်း၏ အထွေထွေအတွင်းရေးမှူး ဒေါက်တာမြသီတာက အသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြခဲ့သည်။ **ထွန်းကိုကို(ယင်းမာပင်)**

အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှ အဆက်

(ခ) တာဝန်ခံအရာရှိသည် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်လွှဲအပ်ထားသည့်ရည်ရွယ်ချက်တစ်ခုခုအလို့ငှာ တာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်ရေးအတွက် အခွန်ထမ်း၏နေအိမ်အတွင်းသို့ ဖြစ်စေ၊ ပုဒ်မခွဲ (က) တွင် ဖော်ပြထားခြင်းမရှိသော အခြားပရဝုဏ်အတွင်းသို့ ဖြစ်စေ အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဝင်ရောက်ခြင်း၊ ရှာဖွေခြင်း၊ စစ်ဆေးခြင်း ပြုနိုင်သည်-

(၁) အခွန်ထမ်း၏သဘောတူခွင့်ပြုချက်ဖြင့်၊

(၂) ပရဝုဏ်အတွင်းသို့ဝင်ရောက်ရန်လိုအပ်ကြောင်း ညွှန်ကြားရေးမှူးချုပ်၏ လျှောက်ထားချက်အရ သက်ဆိုင်ရာ မြို့နယ်တရားရုံးမှ တရားသူကြီးကစာဖြင့် ရေးသားဖော်ပြထားသောအချိန်နှင့် ခွင့်ပြုထားသောနည်းလမ်း။

(ဂ) တာဝန်ခံအရာရှိသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ကိုက်ညီပါက သီးခြားပြဋ္ဌာန်းထားခြင်းမရှိသည့် အခွန်ထမ်းပိုင်ဆိုင်သည့်မည်သည့် ပစ္စည်းကိုမဆို ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ တိုင်းတာခြင်းနှင့် ကာလတန်ဖိုးသတ်မှတ်ခြင်းတို့ ပြုလုပ်နိုင်သည် -

(၁) အခွန်ထမ်း၏ သဘောတူခွင့်ပြုချက်ရရှိခြင်း၊

(၂) အနည်းဆုံး ၂၄ နာရီ ကြိုတင်၍ စာဖြင့်အကြောင်းကြားခြင်း။

(ဃ) တာဝန်ခံအရာရှိသည် နေအိမ် သို့မဟုတ် ပရဝုဏ်အတွင်း ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ) အရ ဥပဒေနှင့်အညီ ဝင်ရောက်ခြင်း၊ ရှာဖွေခြင်း၊စစ်ဆေးခြင်းပြုရာတွင်အောက်ပါတို့ကို ပြုလုပ်နိုင်သည် -

(၁) စာတမ်းအမှတ်အသားတစ်ခုခုကို မိတ္တူကူးယူခြင်း၊

(၂) လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်လွှဲအပ်ထားသည့် ရည်ရွယ်ချက်နှင့်ဆီလျော်မှုရှိသည်ဟု အထောက်အထား တစ်စုံတစ်ရာတွေ့ရှိပါက စာတမ်းအမှတ်အသား သို့မဟုတ် အခြားအရာတစ်ခုခုကို လိုအပ်ပါက သိမ်းယူခြင်း၊

(၃) စာတမ်းအမှတ်အသား သို့မဟုတ် အခြားအရာတစ်ခုခုကို မှတ်မိစေရန် တံဆိပ်အမှတ်အသားများ ရိုက်နှိပ်ခြင်း။

(င) တာဝန်ခံအရာရှိက ဤပုဒ်မအရ လွှဲအပ်ထားသည့် လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်အရ စာတမ်းအမှတ်အသား သို့မဟုတ် အခြားအရာတစ်ခုခုကို သိမ်းယူရာတွင် တရားရုံးအမိန့်ကအခြားနည်းလမ်းဖြင့် ခွင့်ပြုထားခြင်းမရှိပါက ညွှန်ကြားရေးမှူးချုပ်သည် ယင်းစာတမ်းအမှတ်အသား သို့မဟုတ် အခြားအရာကို မိတ္တူကူးယူပြီးနောက် မူရင်းကို သိမ်းဆည်းခံရသူထံ အမြန်ဆုံးပြန်လည်ပေးအပ်ရမည်။

(စ) ဤပုဒ်မအရလွှဲအပ်ထားသည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်အရ တာဝန်ခံအရာရှိက သိမ်းဆည်းသည့်အခြားအရာများသည်မိတ္တူကူး၍ မရသည့်အပြင် တရားရုံးက မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်ခြင်းမပြုပါက ညွှန်ကြားရေးမှူးချုပ်သည် သင့်လျော်သော အချိန်ကာလတစ်ခုအထိ ယင်းအရာကို ထိန်းသိမ်းထားနိုင်သည်။

(ဆ) ဤပုဒ်မပါ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်အရ သိမ်းဆည်းထားသည့် စာတမ်းအမှတ်အသား၏ တာဝန်ခံမိတ္တူကို တရားရုံးတွင် သက်သေခံတင်ပြခွင့်ရှိပြီး ယင်းသည်မူရင်းစာတမ်း အမှတ်အသားကဲ့သို့ သက်သေခံတန်ဖိုးရှိသည်။

(ဇ) ဤပုဒ်မပါ လုပ်ပိုင်ခွင့်များသည် အပြည်ပြည်ဆိုင်ရာ ဥပဒေများအရ စုံစမ်းစစ်ဆေးမှုများမှ ကင်းလွတ်ခွင့်ရထားသည့်နိုင်ငံခြားတိုင်းပြည်များ၏ သံတမန်၊ ကောင်စစ်ဝန်ချုပ် သို့မဟုတ် အခြားမစ်ရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပရဝုဏ်များနှင့်သက်ဆိုင်ခြင်းမရှိစေရ။

(ဈ) ဤပုဒ်မအရတာဝန်ခံအရာရှိ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က တောင်းခံခဲ့သော စာတမ်းအမှတ်အသားများကို အခွန်ထမ်း သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးက ပေးအပ်ရန် ပျက်ကွက်ခဲ့လျှင် ယင်းအခွန်ထမ်း သို့မဟုတ် ယင်းပုဂ္ဂိုလ်က အခွန်စည်းကြပ်မှုအပေါ်အငြင်းပွားသည့် စစ်ဆေးစီရင်မှုတစ်ခုခုတွင် ညွှန်ကြားရေးမှူးချုပ်၏ သဘောတူညီချက်မရဘဲ အဆိုပါစာတမ်းအမှတ်အသားများကို သက်သေခံအဖြစ် တင်သွင်းခွင့်မရှိစေရ။

(ည) ဤပုဒ်မအရ စာအုပ်များ၊ စာတမ်းအမှတ်အသားများ၊ မှတ်တမ်းများ သို့မဟုတ် အခြားအရာများကို သိမ်းဆည်းခြင်းခံရသည့် ပုဂ္ဂိုလ်သည် ရုံးချိန်အတွင်း လာရောက်ကြည့်ရှုစစ်ဆေးနိုင်ပြီး မိမိကုန်ကျစရိတ်ဖြင့် မိတ္တူကူးယူနိုင်သည်။

(ဋ) ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့် လွှဲအပ်ခြင်းခံရသည့် ဝန်ထမ်းသည် ဤပုဒ်မအရ လက်ဝယ်ထိန်းသိမ်းခဲ့သော စာတမ်းအမှတ်အသားများ၊ မှတ်တမ်းမှတ်ရာများ သို့မဟုတ် အခြားအရာများအားလုံးအတွက် လက်မှတ်ရေးထိုးပြီး စုံစမ်းစစ်ဆေးမှု သို့မဟုတ် သက်ဆိုင်ရာအမှုကိစ္စ ဆောင်ရွက်ပြီးသည့်နေ့မှ ၁၄ ရက်အတွင်း ယင်းတို့ကိုပိုင်ရှင်ထံပြန်လည်ပေးအပ်ရမည်။

(ဌ) ညွှန်ကြားရေးမှူးချုပ်သည် မည်သည့်မြေအမျိုးအစားကိုမဆို သွားရောက် စစ်ဆေးတိုင်းတာစေခြင်းကိုလည်းကောင်း၊ ယင်းမြေနှင့် သက်ဆိုင်သော စာတမ်းအမှတ်အသားတစ်စုံတစ်ရာကိုလက်ဝယ်ရှိသူ သို့မဟုတ် ထိန်းသိမ်းထားသူက ပေးအပ်ရန် ဆင့်ဆိုခြင်းကိုလည်းကောင်း ဆောင်ရွက်နိုင်သည်။

(ဍ) ညွှန်ကြားရေးမှူးချုပ်သည် ဤပုဒ်မပါ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သို့မဟုတ် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်စေလွှတ်ပေးရန် သက်ဆိုင်ရာဌာနသို့ တောင်းဆိုနိုင်သည်။

(ဎ) ဤပုဒ်မနှင့် ပုဒ်မ ၂၆ ပါ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်လွှဲအပ်ထားသည့် ရည်ရွယ်ချက်ဆိုသည်မှာ -

(၁) ပုဂ္ဂိုလ်တစ်ဦးဦး၏ ပေးဆောင်ရမည့် အခွန်ပမာဏကို ဆုံးဖြတ်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် သတင်းအချက်အလက် စုဆောင်းခြင်း၊

(၂) ပုဂ္ဂိုလ်တစ်ဦးဦးထံမှ အခွန်ကောက်ခံရန် ရည်ရွယ်ချက်ဖြင့် သတင်းအချက်အလက် စုဆောင်းခြင်း သို့မဟုတ်

(၃) ပုဂ္ဂိုလ်တစ်ဦးဦးနှင့်စပ်လျဉ်းသည့် အခွန်ဆိုင်ရာစုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တရားစွဲဆိုခြင်းနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်စုဆောင်းခြင်းတို့ကို ဆိုသည်။

(ဏ) ဤပုဒ်မအရ ဆောင်ရွက်သော တာဝန်ခံအရာရှိ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်ကို သက်ဆိုင်ရာလုပ်ငန်း ပရဝုဏ် သို့မဟုတ် နေရာ၏ ပိုင်ရှင်ကသော်လည်းကောင်း၊ ဥပဒေနှင့်အညီ လက်ရှိဖြစ်သူကသော်လည်းကောင်း ရုံးလုပ်ငန်းဆောင်ရွက်ရန်ထိုက်သင့်သည့် နေရာ၊ အသုံးအဆောင်နှင့် အကူအညီများပေးအပ်ရမည်။

သတင်းအချက်အလက်ရယူရန်အကြောင်းကြားခြင်း

၂၆။ (က) လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်လွှဲအပ်ထားသည့် ရည်ရွယ်ချက်အလို့ငှာ တာဝန်ခံအရာရှိ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်သည် အခွန်ထမ်း သို့မဟုတ် အခွန်ထမ်းမဟုတ်သည့် ပုဂ္ဂိုလ်တစ်ဦးထံ သင့်လျော်သော အကြောင်းကြားစာပေးပို့၍ -

(၁) အခြားပုဂ္ဂိုလ်တစ်ဦးနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်အပါအဝင် အကြောင်းကြားစာဖြင့် တောင်းခံသည့် သတင်းအချက်အလက် တစ်စုံတစ်ရာကို ပေးအပ်ရန် သို့မဟုတ်

(၂) စစ်ဆေးခံရန် သို့မဟုတ် အကြောင်းကြားစာတွင် ဖော်ပြထားသည့် ယင်းပုဂ္ဂိုလ်ထိန်းချုပ်ထားသည့် စာတမ်းအမှတ်အသားများ သို့မဟုတ် အခြားသက်သေခံအထောက်အထားများကို ပေးအပ်ရန်အလို့ငှာ အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အချိန်နှင့် နေရာသို့ လာရောက်ရန် ဆင့်ဆိုနိုင်သည်။

(ခ) စာတမ်းအမှတ်အသားများ သို့မဟုတ် အခြားသက်သေခံ အထောက်အထားများအား ထုတ်ပေးခြင်း သို့မဟုတ် ကြည့်ရှုမှတ်သားခြင်းတို့နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေအပါအဝင် တည်ဆဲဥပဒေတစ်ရပ်ရပ်၊ စာချုပ်တစ်ရပ်ရပ်တို့တွင် မည်သို့ပင်ပါရှိစေကာမူ ပုဒ်မ ၂၅နှင့် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိစေရမည်။

အခန်း (၅)
စည်းကြပ်မှုများ

စည်းကြပ်မှု

၂၇။ (က) အခွန်ထမ်း၏ အခွန်ပေးဆောင်ရန်တာဝန်အပေါ် စည်းကြပ်မှုကို ဤဥပဒေတွင်လည်းကောင်း၊ အခွန်ဥပဒေတစ်ရပ်ရပ်တွင် လည်းကောင်း သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်သည့် စည်းကြပ်မှုကို အခွန်ကြေညာလွှာတွင်ပါရှိသော သတင်းအချက်အလက်များနှင့် ညွှန်ကြားရေးမှူးချုပ်က ရရှိနိုင်သော အခြားသက်ဆိုင်ရာ သတင်းအချက်အလက်များပေါ်တွင် အခြေပြု၍ ဆောင်ရွက်နိုင်သည်။

(ဂ) အခွန်ထမ်းတစ်ဦးက အခွန်ကြေညာလွှာကို သတ်မှတ်ထားသည့် အတိုင်း တင်သွင်းရန်ပျက်ကွက်ခြင်း သို့မဟုတ် ပြည့်စုံအောင် ဆောင်ရွက်ခြင်းမရှိပါက ညွှန်ကြားရေးမှူးချုပ်သည် ယင်းနှင့်ပတ်သက်သည့် ရရှိနိုင်သည့် သတင်းအချက်အလက် အထောက်အထားများ အပေါ်တွင် အခြေခံလျက်ပေးဆောင်ရမည့် အခွန်ပမာဏကို စည်းကြပ်မှု ပြုလုပ်နိုင်သည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် အခွန်ထမ်းတင်သွင်းသည့် အခွန်ကြေညာလွှာပါအချက်အလက်များကို အခြေမခံဘဲ အခြားသတင်းအချက်အလက်ပေါ်တွင် အလုံးစုံသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း အခြေခံ၍ စည်းကြပ်မှုပြုပါက အခြေခံအဖြစ် အသုံးပြုခဲ့သည့် သတင်းအချက်အလက်၏ သဘောသဘာဝကို ဖော်ပြရမည်။

(င) အခွန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ထမ်းကပေးဆောင်ရမည့် အခွန်ပမာဏကို တွက်ချက်တင်သွင်းသော အခွန်ကြေညာလွှာသည် ညွှန်ကြားရေးမှူးချုပ်က ယင်းပမာဏဖြင့် စည်းကြပ်မှုပြုသကဲ့သို့ သက်ရောက်မှုရှိစေရမည်။ သို့ရာတွင် ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုပြုလုပ်ခြင်းအတွက် အဟန့်အတား မဖြစ်စေရ။

(စ) အခွန်ထမ်းသည် အခွန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ပေးဆောင်ရမည့် သတ်မှတ်ရက်မတိုင်မီ နိုင်ငံတော်မှထွက်ခွာသွားနိုင်သည်ဟု ညွှန်ကြားရေးမှူးချုပ်က အထောက်အထားတစ်စုံတစ်ရာတွေ့ရှိလျှင် ညွှန်ကြားရေးမှူးချုပ်မှ ယင်းပုဂ္ဂိုလ်အား ပေးအပ်ထားသည့် အကြောင်းကြားစာတွင် ဖော်ပြထားသည့် ရက်စွဲသည် ယင်းအခွန်ကို ပေးဆောင်ရန် သတ်မှတ်သည့်နေ့ဖြစ်သည်။

စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှု ပြုလုပ်ခြင်း

၂၈။ (က) ညွှန်ကြားရေးမှူးချုပ်သည် မူလစည်းကြပ်မှုတစ်ရပ်ကို မှန်ကန်ခြင်းမရှိကြောင်း အထောက်အထားတစ်စုံတစ်ရာတွေ့ရှိပါက ပုဒ်မ ၂၉ ပါ ကာလစည်းကမ်းသတ်အတွင်း စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှု ပြုနိုင်သည်။

(ခ) အခွန်ထမ်းက စာရင်းများနှင့် မှတ်တမ်းများ ထိန်းသိမ်းထားရှိရန် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ မမှန်ကန်သော သတင်းအချက်အလက်များ တင်ပြခဲ့လျှင်သော်လည်းကောင်း ညွှန်ကြားရေးမှူးချုပ်သည် ရရှိနိုင်သော သတင်းအချက်အလက်နှင့် အထောက်အထားများကို အခြေပြု၍ အကောင်းဆုံးချင့်ချိန်ဆုံးဖြတ်မှုဖြင့် စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှု ပြုနိုင်သည်။

(ဂ) အခွန်ထမ်းက ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ ပြင်ဆင်ထားသော အခွန်ကြေညာလွှာတစ်ရပ်ကို တင်သွင်းလာသည့်အခါ မူလစည်းကြပ်မှုမှာ မမှန်ကန်သော သတင်းအချက်အလက်အပေါ် အခြေခံကြောင်း အထောက်အထားတစ်စုံတစ်ရာတွေ့ရှိရပါက ညွှန်ကြားရေးမှူးချုပ်သည် မူလစည်းကြပ်မှုကို ပယ်ဖျက်၍ စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုကို ဆောင်ရွက်ရမည်။

စည်းကြပ်မှုနှင့် ပြင်ဆင်စည်းကြပ်မှုအတွက် ကာလစည်းကမ်းသတ်များ

၂၉။ (က) ညွှန်ကြားရေးမှူးချုပ်သည် စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုအပါအဝင် စည်းကြပ်မှုတစ်ခုခုကို စည်းကြပ်မှုနှင့် စပ်လျဉ်းသည့် သက်ဆိုင်ရာအခွန်ကာလ ကုန်ဆုံးပြီး ခြောက်နှစ်အတွင်း ဆောင်ရွက်ခွင့်ရှိသည်။

(ခ) အောက်ပါစည်းကြပ်မှု တစ်ရပ်ရပ်တွင် စည်းကြပ်မှုနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာ အခွန်ကာလကုန်ဆုံးပြီး ၁၂ နှစ်အတွင်း စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုပြုနိုင်သည်-

(၁) ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ဂ) အရ စည်းကြပ်မှု၊

(၂) မူလစည်းကြပ်မှုသည် အခွန်ထမ်း၏ လိမ်လည်လှည့်ဖြားမှုကြောင့် သို့မဟုတ် တမင်လျစ်လျူရှုမှုကြောင့် မမှန်ကန်သော သတင်းအချက်အလက်အပေါ် အခြေခံ၍ပြုလုပ်ခဲ့ရခြင်း ဖြစ်ပါက ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) အရ စည်းကြပ်မှု။

(ဂ) ဤပုဒ်မတွင် ဖော်ပြထားသည့် ကာလစည်းကမ်းသတ်အတွင်း စည်းကြပ်မှု ပြုလုပ်ခဲ့ခြင်းမရှိသည့်အပြင် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (င) အရ စည်းကြပ်ခဲ့မှုလည်းမရှိပါက အခွန်ကာလတစ်ခုအတွက် စည်းကြပ်မှုတစ်ခုသည် ဖြတ်တောက်နုတ်ယူထားသည့် အခွန်ပမာဏတစ်ခုရှိလျှင် ယင်းပမာဏအရ စည်းကြပ်မှုပြုသည်ဟု မှတ်ယူရမည်ဖြစ်ပြီး ဖြတ်တောက်နုတ်ယူထားသည့် အခွန်မရှိပါက အခွန်ပေးဆောင်ရခြင်း မရှိစေရ။

(ဃ) ဤပုဒ်မရှိ မည်သည့်ပြဋ္ဌာန်းချက်ကမျှ အခွန်အယူခံခုံအဖွဲ့ သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်အရ ပြင်ဆင်စည်းကြပ်မှုအပေါ် ဟန့်တားခြင်း မရှိစေရ။

ဆုံးရှုံးနိုင်ခြေအရ ကြိုတင်စည်းကြပ်မှု

၃၀။ (က) ညွှန်ကြားရေးမှူးချုပ်သည် အခွန်ဆုံးရှုံးမှုမရှိစေရေးအတွက် ယင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အခြေခံ၍ အခွန်ပေးဆောင်ရန် ပုံမှန်သတ်မှတ်ထားသည့် ကာလမတိုင်မီ စည်းကြပ်မှု ပြုလုပ်နိုင်သည်။

(ခ) အခွန်ထမ်းသည် အခန်း (၆) တွင်ဖော်ပြထားသည့်အယူခံပိုင်ခွင့်အပြင် ဤပုဒ်မအရ ကြိုတင်စည်းကြပ်မှုအပေါ် အောက်ပါအကြောင်း တစ်ရပ်ရပ် ပေါ်ပေါက်လျှင် အခွန်အယူခံခုံအဖွဲ့သို့ အယူခံတင်သွင်းနိုင်သည် -

(၁) ပမာဏများလွန်းခြင်း၊

(၂) ကြိုတင်စည်းကြပ်မှုတစ်ရပ် မပေါ်ပေါက်ကြောင်း ဖော်ပြနေသည့် ခိုင်လုံသော အခြေအနေရှိခြင်း။

(ဆက်လက်ဖော်ပြပါမည်)

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဖလမ်း (ဆူရုံဘုန်) လေဆိပ်သစ်တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများနှင့် ဆက်စပ်လုပ်ငန်းများအား (မြန်မာကျပ်ငွေ) များဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့် တင်ဒါများပေးသွင်း ရန်ဖိတ်ခေါ်အပ်ပါသည်-

စဉ်	စက်အမျိုးအမည်	အရေအတွက်
၁	ဖလမ်းလေဆိပ် လေယာဉ်ပြေးလမ်းတွင် တပ်ဆင်မည့် Airfield Lighting ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်း	1 Lot
၂	Airfield Lighting Power Cable များနှင့် Communication Cable များ တပ်ဆင်ရန် လေယာဉ်ပြေးလမ်းဘေးတွင် Underground Main Cable Duct Line တည်ဆောက်ခြင်း၊ (Pipe Line တူးခြင်း၊ Pipe ချခြင်း၊မြေဖို့ခြင်း၊ သဲဖို့ခြင်း၊ Counterpoise ချခြင်း၊ Earth Rod ရိုက်ခြင်း၊ Manhole များတည်ဆောက်ခြင်း၊ Handhole များတည်ဆောက်ခြင်း)	1 Lot
၃	DVOR/DME (Doppler VHF Omni-directional Radio Range/ Distance Measuring Equipment)	1 Set
၄	AWOS (Automatic Weather Observation System)	1 Set

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံများအား ၁၄-၆-၂၀၁၉ ရက်နေ့မှ စ၍ ရုံးချိန်အတွင်းရောင်းချမည်ဖြစ်ပြီး ၂၇-၆-၂၀၁၉ ရက်နေ့တွင် တင်ဒါအရောင်းပိတ်ပြီး ၁၂-၇-၂၀၁၉ ရက်နေ့ (၁၅:၀၀) နာရီအချိန်အတွင်း တင်ဒါများပြန်လည် တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါအချက်အလက်များနှင့် ပတ်သက်၍ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ်၊ ၀၁-၅၃၃၀၀၉၊ ၀၁-၅၃၃၀၃၀ လိုင်းခွဲ-၅၂၁ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့

ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်း

၁။ ရန်ကုန်မြို့ရေပေးဝေရေးစီမံကိန်းအတွက် လှိုင်မြစ်ကိုဖြတ်သန်းပြီး ရေပို့ပိုက်များသွယ်တန်းနိုင်ရန် မြေသားစမ်းသပ်မှုများကို အောက်ဖော်ပြပါအတိုင်းလုပ်ဆောင်ပါမည် -

(က) လုပ်ဆောင်မည့်လုပ်ငန်း။ လှိုင်မြစ်ပေါ်ရှိ နေရာသုံးခုတွင် မြစ်အောက်ကြမ်းပြင်ကို ဖောက်ပြီး မြေသားနမူနာရယူခြင်း။

(ခ) လုပ်ဆောင်မည့်နေရာ။ ဘုရင့်နောင်တံတား၏အထက်ဖက် ကိုက် ၁၀၀၀ ကျော်တွင်ရှိသော အောက်ဖော်ပြပါနေရာများ -

(၁) BH 02 Lat; 16 Deg; 50.84 Min (N)
Long; 096 Deg; 06.07 Min (E)

(၂) BH 03 Lat; 16 Deg; 50.88 Min (N)
Long; 096 Deg; 06.13 Min (E)

(၃) BH 04 Lat; 16 Deg; 50.90 Min (N)
Long; 096 Deg; 06.19 Min (E)

(ဂ) လုပ်ဆောင်မည့်နေ့ရက်။ ၁၀.၆.၂၀၁၉ မှ ၁၈.၆.၂၀၁၉ ထိ

၂။ လုပ်ငန်းတွင်အသုံးပြုသည့်ရေယာဉ်ကို ကျောက်ချထားပြီး လုပ်ငန်းလုပ်ဆောင်ပါမည်။ ၎င်းရေယာဉ်၏ပတ်လည်တွင် အလံနီများလွှင့်ထူပြသထားမည်။ ညအချက်ပြအဖြစ် ရေယာဉ်ဘေးထောင့် ၄ ဖက်နှင့် အလယ်တွင် အနီရောင်စုံလည်မီးများထွန်းညှိပြသထားမည်။

၃။ ဖြတ်သန်းသွားလာသောရေယာဉ်များသည် လုံလောက်သောအကွာအဝေးမှ ရှောင်ကွင်းသွားလာကြရန်နှင့် ဂရုပြုသွားလာကြရန် ရေကြောင်းသတိပေးချက်ထုတ်ပြန်အပ်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ အထက(ရေနံ့သာ) သတ္တမတန်း(A)မှ မောင်နေမျိုးဇော်၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော် ၁၁/မတန(နိုင်)၀၁၇၁၇၉ ဖြစ်ပါကြောင်း။ ဦးသန်းဇော်

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ သမင်တွင်းကျေးရွာနေ ဦးမောင်ဦး(ခ)ဦးမောင်မောင်ဦး ၉/မတရ(နိုင်)၁၅၅၆၁၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦးမောင်ဦး(ခ)ဦးမောင်မောင်ဦး

ဖခင်အမည်မှန်

တောင်သာမြို့၊ သုံးနားညီကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မဝေမာနှင်း၏ ဖခင်အမည်မှန်မှာ ဦးဖိုးလ်ရွှေ ၉/တသန(နိုင်)၀၂၄၁၆၆ ဖြစ်ပါကြောင်း။ ဦးဖိုးလ်ရွှေ

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
ကန့်ဘလူမြို့နယ်တရားရုံး
၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၀

မကြည်မာ နှင့် မောင်ထွန်း
တရားလို တရားပြိုင်

တပင်ကောင်းကျေးရွာ၊ ခင်ဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနေ ဦးအောင်သိန်း၏သား မောင်ထွန်း ယခုနေရပ်လိပ်စာ(မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မကြည်မာက လင်မယားကွာရှင်းပြတ်စဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ခုနှစ်၊ ဇူလိုင် ၁ရက် (၁၃၈၁ခုနှစ်၊ နယုန်လကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ်၊ မေ ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သူရစိုးဝင်း)
တွဲဖက်မြို့နယ်တရားသူကြီး(၁)၊ ကန့်ဘလူမြို့နယ်တရားရုံး

ဈေးပြိုင်လေလံတင်လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)နှင့် ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)၏ သတင်းစာပုံနှိပ်လုပ်ငန်းမှ ဘေးထွက်ပစ္စည်း(၃)မျိုးအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ဈေးပြိုင်လေလံလျှောက်လွှာပုံစံနှင့် လေလံစည်းကမ်းများကို ၁၂-၆-၂၀၁၉ ရက်မှ ၁၇-၆-၂၀၁၉ရက်အထိ နေ့စဉ် နံနက် ၉:၃၀ နာရီမှ ညနေ ၄ နာရီတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ ဈေးပြိုင်လေလံလျှောက်လွှာပုံစံများကို ၁၈-၆-၂၀၁၉ ရက် မွန်းတည့် ၁၂နာရီမတိုင်မီ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)ရှိ လေလံအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက် ကျော်လွန်သော ဈေးပြိုင်လေလံလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ ၁၈-၆-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ဈေးပြိုင်လေလံဖွင့်လှစ်မည်ဖြစ်ပါသည်။

၅။ အဆိုပါ ဘေးထွက်ပစ္စည်းအမျိုးအမည်၊ အရေအတွက်ပစ္စည်း မျက်မြင်အခြေအနေ ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၂-၄၀၃၂၇၂၉၊ ၀၂-၄၀၃၉၉၃၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးပြိုင်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့၊ အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု)တွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) 33KV ဓာတ်အားခွဲရုံသုံးပစ္စည်းများ
(၁) 36KV Outdoor Disconnecting Switch & Accessories (1)Lot
(၂) 36 KV SF6 Gas Circuit Breaker & Accessories (1)Lot
(ခ) Submersible Motor & Pump with Cable (၃၀)စုံ
(ဂ) Induction Motor & Pump with Starter (၃၇)စုံ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၃-၆-၂၀၁၉ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၄-၇-၂၀၁၉ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

